၁၃၂၀ - ခုမှ ၁၃၂၄ ထိ

ပခုက္ကူခရိုင် သံဃသမဂ္ဂ သာသနာပြုအဖွဲ့ကြီး၏ သာသနာပြုမှတ်တမ်း

# လမ်းမှားမှသည် လမ်းမှန်ဆီသို့


## ပခုက္ကူ အရှင်ဝိစာရ

ဝိနယပါဠိဋ္ဌပါရဂူ၊ နိကာယပါရဂူ





အဓမ္မဝါဒ ဖော်ထုတ် တားဆီး ဖယ်ရှားရေး အကျိုးဆောင်များက စီစဉ်သည်

ဓမ္မလမ်းသာ၊ လားရာသုဂတိ၊ နိဗ္ဗာန်ထိတိုင်
အဓမ္မလမ်း၊ ပင်ပန်းကြီးစွာ၊ ငရဲရွာသို့



# ပဋ္ဌာန်းဆရာတော် အရှင်ဝိစာရ

၁၃၂၀-ခုမှ ၁၃၂၄-ခုထိ

ပခုက္ကူခရိုင် သံဃာသမဂ္ဂ သာသနာပြုအဖွဲ့ကြီး၏

သာသနာပြုမှတ်တမ်း

# လမ်းမှားမှသည်
# လမ်းမှန်ဆီသို့


**ပခုက္ကူ အရှင်ဝိစာရ**

ပါဠိ - မြန်မာ ငါးဘာသာဂုဏ်ထူးအောင်၊

သာသနာဗေဒသီရိပဝရ ဓမ္မာစရိယ(ဂန္ထဝါစကပဏ္ဍိတ)

ဝိနယပါဠိပါရဂူ၊ နိကာယပါရဂူ

ပခုက္ကူ ကျောင်းသစ် ပဓာနနာယက ဆရာတော်

အမှတ် (၂) ရပ်ကွက်

မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။



**အဝမ္ပဝါဒ ဖော်ထုတ် တားဆီး ဖယ်ရှားရေး အကျိုးဆောင်များက စီစဉ်သည်**

ပုံနှိပ်မှတ်တမ်း

၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ၊ ပထမအကြိမ်
အုပ်ရေ (၁၀၀၀)၊ တန်ဖိုး (၁၀၀၀) ကျပ်

မျက်နှာဖုံးဒီဇိုင်း

ကိုချစ်ဆန်း (၅၂၈)

တအုပ်ချုပ်

ကြူကြူမွေး

ထုတ်ဝေသူ

ဦးချစ်ညွန့် (ဇင်ရတနာစာပေ)၊ ၂၀၅-က/၄ လမ်း၊
မြို့သစ် (က+ခ)ရပ်ကွက်၊ အင်းစိန်။

အတွင်းနှင့် မျက်နှာဖုံးပုံနှိပ်သူ

ဒေါ်အေးအေးအောင် (စိန်ကြယ်ပုံနှိပ်တိုက်)
အမှတ် (၇၂)၊ လမ်း (၃၀)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့

ဖြန့်ချိရေး

ကောင်းထွန်းစာပေ

အမှတ်(၂၇)၊ ပန်းခြံ-၂၁လမ်း(အပေါ်)၊ ၃-ရပ်ကွက်၊
သာကေတမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၉-၇၃၀ ၂၀၁၂၂၊

ထုတ်ဝေသည့် စာအုပ်ကတ်တလောက်အညွှန်း (CIP)

ပန်းချီအရှင်စိတ္တ ၂၉၄.၃
လမ်းမှားမှသည် လမ်းမှန်ဆီသို့
ပန်းချီအရှင်စိတ္တ၊ ရန်ကုန်၊
ဇင်ရတနာစာပေ၊ ၂၀၁၂
၁၅၄-စာ ; ၁၀ စင်တီ၊
(၁)လမ်းမှားမှသည် လမ်းမှန်ဆီသို့

အမှတ် (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊

ရန်ကုန်တိုင်းဒေသကြီး၊

ပခုက္ကူကျောင်းသစ် ပဓာနနာယက ဆရာတော်



# ပခုက္ကူ အရှင်ဝိစာရ

ဝိနယပါဠိပါရဂူ၊ နိကာယပါရဂူ

# ပခုက္ကူ အရှင်ဝိစာရ ၏ ထေရုပ္ပတ္တိ အကျဉ်း

| | |
|---|---|
| ၁။ ဘွဲ့တော် | - အရှင်ဝိစာရ |
| ၂။ ခမည်းတော်၊ မယ်တော် | - ဦးဖိုးခေါင်၊ ဒေါ်ဖွေးတုတ် (တောင်သူ၊ ကုန်သည်ပွဲစား) |
| ၃။ ဇာတိ | - မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ကျောက်တောင်ကျေးရွာ။ |
| ၄။ မွေးသက္ကရာဇ် | - ၁၂၉၃-ခုနှစ်၊ နှောင်းတန်ခူး လဆန်း ၁-ရက်၊ (ဗုဒ္ဓဟူးနေ့) |
| ၅။ သာမဏေဖြစ်ခြင်း | - ၁၃၀၅-ခုနှစ်၊ နတ်တော်လတွင် ကျောက်တော်ကြီး ဘုန်းတော်ကြီး ဦးဣန္ဒြိယအား ဥပဇ္ဈာယ်ပြု၍ သာမဏေဖြစ်သည်။ |
| ၆။ ရဟန်းဖြစ်ခြင်း | - ၁၃၁၃-ခုနှစ်၊ တန်ဆောင်မုန်း လပြည့်ကျော် ၁၃-ရက်နေ့တွင် ကျောက်တောင်ကျေးရွာ ဦးဖိုးချွန်+ဒေါ်မုန်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ကျောက်တောင်ရွာကျောင်း ခဏ္ဍသိမ်၌ ပုလဲမြို့နယ်၊ အရှေ့ကျောင်းကြီးဆရာတော် ဦးကုမာရအား ဥပဇ္ဈာယ်ပြု၍ ရဟန်းဖြစ်သည်။ |

| | |
|---|---|
| ၇။ စာပေသင်ယူခြင်း | - ဦးပညာဇောတ၊ ဦးစာရိန္ဒ (အဂ္ဂမဟာပဏ္ဍိတ)၊ ပခုက္ကူ နိကာယ စာချဆရာတော် ဦးသီရိ၊ ဦးကောသလ္လ၊ မုံရွာလယ်တီ နိကာယပြို့မ စာသင်တိုက် ဦးဇိနပဓာန မဟာနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကောသလ္လသီရိ၊ ဦးရာဇိန္ဒ၊ ဦးဥတ္တမ၊ ဦးသီရိန္ဒ၊ ဦးပညိန္ဒစသော ဆရာတော်များထံမှ ပညာသင်ကြားခဲ့သည်။ |
| ၈။ အောင်မြင်သောစာမေးပွဲများ | - ဓမ္မာစရိယစာချတန်း။ ဝိနယပါဠိပါရဂူ(နိကာယပါရဂူ) |
| ၉။ စာပေပို့ချခြင်း | - ပခုက္ကူ မဟာဝိဇယပါဠိတက္ကသိုလ် အရှေ့တိုက်သစ်ကြီး။ |
| | - ဆားလေးလောက်ကျေးရွာ စာသင်တိုက်၊ |
| | - မြောက်ဥက္ကလာပ(၂)ရပ်ကွက်၊ အာသာဝတီကျောင်း။ ပခုက္ကူ ကျောင်းသစ်တို့၌ စာပေပို့ချပေးခဲ့သည်။ |
| ၁၀။ စာပေရေးသားခြင်း | - သဒ္ဒါကြီးပို့ ချစဉ်မှတ်တမ်းကျမ်း။ ပါဠိပါရဂူ ကျမ်း။ အဘိဓမ္မတ္ထ သင်္ဂဟာကျမ်း။ မာတိကာ ဓာတုကထာ၊ ယမိုက်ပို့ချစဉ် မှတ်တမ်းကျမ်း။ ကထိန်ခင်းနည်းကျမ်း။ အကြိဿဝိဘင်္ဂသုတ် မြန်မာပြန် |

အစိပ္ပာယ်ကျမ်းအိမ်တွင်းကမ္မဋ္ဌာန်း (ခန္ဓာကိုယ်တွင်းကမ္မဋ္ဌာန်း) အား ထုတ်နည်းလမ်းညွှန်။

၁၁။ သာသနာရေးဆောင်ရွက်ချက်- မြောက်ဥက္ကလာပမြို့နယ်မှ မိုးညို ဦးသုရိယခေါ် ဦးထွန်းရှိန်၏ ဘုရားဟောနှင့် မညီသော အဓမ္မဝါဒကို နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ်(၇)က စိစစ်ဆုံးဖြတ်နိုင်ရန် စောဒကဆရာတော်အဖြစ် ဦးဆောင်တင်ပြခဲ့သည်။

- စစ်ကိုင်းတိုင်း၊ မြောင်မြို့နယ်၊ ကျောင်းဖြူ ကျေးရွာမှ ဦးထင်၏ ဘုရားဟောနှင့် ဆန့်ကျင်သော အဓမ္မဝါဒကို နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ်(၈)က စိစစ်ဆုံးဖြတ်နိုင်ရန် စောဒက ဆရာတော်အဖြစ် ပါဝင်တင်ပြခဲ့သည်။
- ပခုက္ကူမြို့မှ ဝိပဿနာသင်တန်းပြဆရာ ဦးကြင်ရွှေ၏ ဘုရားဟောနှင့် ဆန့်ကျင်သော အဓမ္မဝါဒများကို ရဟန်းရှင်လူများ သိရှိနိုင်ရန် ဖော်ထုတ်တင်ပြခဲ့ပါသည်။

၁၂။ ဘွဲ့တော်ဆက်ကပ်ခံရခြင်း - နိုင်ငံတော်က ဂန္ထဝါစကပဏ္ဍိတ ဘွဲ့ ဆက်ကပ်ပူဇော်ခဲ့ပါသည်။

# ပခုက္ကူဝိပဿနာ သင်တန်းဆရာကြီး
# ဦးကြွင်ရွှေ၏
# အမှားတော်ပုံ ၅ - ချက်

(၁) **"စူဠသောတာပန် ဖြစ်ခါမျှပုဂ္ဂိုလ်သည် ဘယ်တော့မှ အပါယ်မလားတော့ဘဲ ဂတိသေချာမြဲကြောင်း"** ဟူသော အယူဝါဒသည် ဗုဒ္ဓဝါဒနှင့်ဆန့်ကျင်၏၊ ဓမ္မဝါဒနှင့် ဆန့်ကျင်၏၊ သံဃဝါဒနှင့် ဆန့်ကျင်၏။

(၂) **"နိဗ္ဗာန်၌ ရုပ်ထူးနာမ်ထူးဖြစ်၍ တည်နေကြောင်း"** ဟူသော အယူဝါဒသည် ဗုဒ္ဓဝါဒနှင့် ဆန့်ကျင်၏၊ ဓမ္မဝါဒနှင့် ဆန့်ကျင်၏၊ သံဃဝါဒနှင့် ဆန့်ကျင်၏။

(၃) **"အသင်္ခတဓာတ်နိဗ္ဗာန် တရားမြတ်သည် အတ္တဖြစ်နေကြောင်း"** ဟူသော အယူဝါဒသည် ဗုဒ္ဓဝါဒနှင့် ဆန့်ကျင်၏၊ ဓမ္မဝါဒနှင့် ဆန့်ကျင်၏၊ သံဃဝါဒနှင့် ဆန့်ကျင်၏။

(၄) **"အရူပဘုံ၌ နိရောဓသမာပတ် ဝင်စားနိုင်ကြောင်း"** ဟူသော အယူဝါဒသည် ဗုဒ္ဓဝါဒနှင့် ဆန့်ကျင်၏။ ဓမ္မဝါဒနှင့် ဆန့်ကျင်၏။ သံဃဝါဒနှင့် ဆန့်ကျင်၏။

(၅) **"နိဗ္ဗာန်၌ ဘုံ ပရိနိဗ္ဗုတပုဂ္ဂိုလ် ထင်ရှားတည်ရှိနေကြောင်း"** ဟူသော အယူဝါဒသည် ဗုဒ္ဓဝါဒနှင့် ဆန့်ကျင်၏၊ ဓမ္မဝါဒနှင့် ဆန့်ကျင်၏၊ သံဃဝါဒနှင့် ဆန့်ကျင်၏။

**ပခုက္ကူခရိုင် သံဃသမဂ္ဂ သာသနာပြုအဖွဲ့ကြီး**

# မာတိကာ


အမှာစာ -- ၁

## အခန်း (၁)
## ပခုက္ကူခရိုင် သံဃသမဂ္ဂ သာသနာပြုအဖွဲ့ကြီး၏ ကြေညာချက်၊ ဟောပြောချက်၊ ဆောင်ရွက်ချက်

၁။ ဓမ္မသတင်း -- ၉
၂။ အထူးတိုက်တွန်းလျှောက်ထားချက် -- ၁၃
၃။ ဓမ္မရောင်ခြည်စာတမ်းအကျဉ်းချုပ် -- ၁၅
၄။ သစ္စဝါဒီ ကြေညာစာတမ်း -- ၂၃
၅။ ကြေညာချက် ( ၁ ) -- ၂၆
၆။ မဟာသောတုဇနေများက ကပ်သောစာတမ်းမိတ္တူ -- ၂၇
၇။ မဟာသောတုဇနေများက ကပ်သောပိုစတာစာတမ်း -- ၂၈
၈။ ကြေညာချက် ( ၂ ) -- ၂၉
၉။ ကြေညာချက် ( ၃ ) -- ၃၀
၁၀။ ကြေညာချက် အမှတ် ( ၄ ) -- ၃၂
၁၁။ ပိုစတာ -- ၃၅
၁၂။ ဒုတိယအတွင်းဝန်သို့ ပေးစာ -- ၃၆
၁၃။ သတိပေးရှင်းလင်းချက် -- ၃၇

၁၄။ ပဋိညာဉ် ဝန်ခံချက် ပေးခြင်း -- ၃၈
၁၅။ ဒုတိယအတွင်းဝန် ဦးဘဆွေ၏ အမှာစာ -- ၄၀
၁၆။ မဟာဝိသေသသံဃာ့အဖွဲ့၏ ဆုံးဖြတ်ချက်ကို ပေးပို့ခြင်း -- ၄၂
၁၇။ မဟာဝိသေသသံဃာ့အဖွဲ့၏ ဆုံးဖြတ်ချက် -- ၄၃
၁၈။ ပခုက္ကူမြို့ သံဃသာမဂ္ဂ၏ ပိဋကတ -- ၅၀
၁၉။ ဓမ္မသတင်းဖြစ်ပေါ်လာပုံကို ရှင်းလင်း
ဟောပြောရန် သဘာပတိမိန့်ခွန်း -- ၅၁
၂၀။ မြို့လုံးကျွတ် သံဃာထု အစည်းအဝေးပွဲကြီး
သဘာပတိမိန့်ခွန်း -- ၅၅
၂၁။ ရှေးပညာရှိတို့၏လုပ်ငန်းဖြစ်ကြောင်း
ချီးကျူးပြောကြားခြင်း -- ၅၈

အခန်း (၂)

ဆရာဦးကြင်ရွှေနှင့် ဗဟိုအမှုဆောင်အဖွဲ့၏
ကြေညာချက်၊ ဟောပြောချက်၊ ဆောင်ရွက်ချက်

၁။ ကြေညာအပ်ပါသည် -- ၆၂
၂။ ဝိပဿနာသင်တန်း အသံသွင်းစက် ဝယ်ယူရေးအဖွဲ့
(စာရင်းရှင်းတန်း နှင့် နှိုးဆော်စာ) -- ၆၄
၃။ ဓမ္မသတင်း ၅ ချက် အဖြေလွှာ -- ၆၈
၄။ သာသနာရေးအရာရှိ ဦးဝင်းမှတဆင့် လျှောက်ထားချက် -- ၇၂
၅။ သင်တန်းသူသင်တန်းသားများ၏ လျှောက်ထားချက် -- ၇၃
၆။ ဆရာတော် ဦးသုန္ဒရ၏ ဩဝါဒကထာ -- ၇၄
၇။ ပခုက္ကူ သံဃသာမဂ္ဂမှ ပခုက္ကူခရိုင်
လုံခြုံရေးကောင်စီသို့ အကြောင်းကြားချက် -- ၇၇

၈။ ပခုက္ကူမြို့ ဝိပဿနာသင်တန်းကြီး ဖွင့်တော့မည် -- ၇၈
၉။ အလုံ ဝိပဿနာသင်တန်းကြီး ပြန်လည်ဖွင့်လှစ်တော့မည်
(ကြေညာချက်နှင့် ဖိတ်ကြားလွှာ) -- ၈၁

## အခန်း (၃)
## ရှေးရှေးသော ဆရာတော် ဘုရားကြီးတို့၏ ကျမ်းအစောင်စောင်မှ ဆုံးဖြတ်ချက်များ

၁။ ပရိဝါပါဠိတော်နှင့် ဝိမတိဝိနောဒနီဋီကာတို့၏
အဆုံးအဖြတ် -- ၈၆
၂။ ပခုက္ကူမြို့ အရှေ့တိုက်သစ် ဆရာတော်ဘုရားကြီး၏
အဆုံးအဖြတ် -- ၈၈
၃။ မိုးနံကုန်း ဆရာတော်ဘုရားကြီး၏ အဆုံးအဖြတ် ၃-ချက် -- ၉၃
၄။ လယ်တီ ဆရာတော်ဘုရားကြီး၏ အဆုံးအဖြတ် ၁၀-ချက် --၁၁၃
၅။ တောင်လေးလုံးဆရာတော်ဘုရားကြီး၏
နိဗ္ဗာန် အနတ္တ အဆုံးအဖြတ် --၁၂၁
၆။ သင်္ဂဇာ ဆရာတော်ဘုရားကြီး၏
နိဗ္ဗာန် အနတ္တ အဆုံးအဖြတ် --၁၂၄
၇။ အရှင်သဒ္ဓမ္မဇောတိပါလ၏
နိဗ္ဗာန် အနတ္တ အဆုံးအဖြတ် --၁၂၅
၈။ ခေတ္တရာ ဦးခမ္မ၏
နိဗ္ဗာန် အနတ္တ အဆုံးအဖြတ် --၁၂၆
၉။ မိုးညှင်းဆရာတော်ကြီး၏
နိဗ္ဗာန် အနတ္တ အဆုံးအဖြတ် --၁၂၉

၁၀။ မူလမင်းကွန်း ဇေတဝန် ဆရာတော်ဘုရားကြီး၏
သဿတ ဥစ္ဆေဒ အဆုံးအဖြတ် --၁၃၀
၁၁။ ညောင်လွန့် ဆရာတော်ဘုရားကြီး၏
ပရိနိဗ္ဗုတပုဂ္ဂိုလ် အဆုံးအဖြတ် --၁၃၃
၁၂။ လယ်တီ ဆရာတော်ဘုရားကြီး၏
ပရိနိဗ္ဗုတပုဂ္ဂိုလ် အဆုံးအဖြတ် --၁၃၅

အခန်း(၄)

ပခုက္ကူခရိုင် သံဃသမဂ္ဂ သာသနာပြုအဖွဲ့ကြီး၏
ကျမ်းဂန်အကိုးအကားများကို ညွှန်ပြခြင်း

၁။ ဦးကြင်ရွှေ၏ အဓမ္မဝါဒ ၅-ချက်ကို ညွှန်ပြခြင်း --၁၃၈

× × × × ×

အထူးမှာထားချက် --၁၄၃

# အမှာစာ

## (၁)

ကျွန်ုပ်တို့ ''အဓမ္မဝါဒ ဖော်ထုတ် တားဆီးဖယ်ရှားရေး အကျိုးဆောင်များ''သည် မြောက်ဥက္ကလာပမြို့နယ် ဘုန်းကြီးလမ်း ပခုက္ကူကျောင်းသစ်ဆရာတော်ကြီး ဘဒ္ဒန္တဝိစာရမဟာမိထံတွင် ပခုက္ကူ ဦးကြင်ရွှေ၏ ပခုက္ကူ ဝိပဿနာသင်တန်း အယူဝါဒများနှင့် စပ်လျဉ်းသည့် မှတ်တမ်းမှတ်ရာများ ရှိသေးကြောင်း ကြားသိရခြင်းကြောင့် ဆရာတော်ကြီးထံ သွားရောက်ဖူးမြော်ပြီး မေးလျှောက်ကြသည်။

ဆရာတော်ကြီးက ''ကြာပြီ၊ နှစ်ပေါင်း ၅၀-ကျော် ၆၀-ရှိပြီ'' စသည်ဖြင့် မိန့်တော်မူကာ ''၂၁-ခုနှစ်၊ ဖိုင်-၂၊ နိဗ္ဗာန်ပြဿနာဆိုင်ရာဖိုင်'' ဟု ရေးမှတ်ထားသည့် စာဖိုင်ဟောင်းကြီးကို ထုတ်ပြသည်။

ပြီးလျှင် ပခုက္ကူမြို့ပေါ်၌ ဦးကြင်ရွှေက ဝိပဿနာသင်တန်းဖွင့်၍ သင်ကြားနေစဉ် သံဃာတော်များနှင့် မပြေမလည်ဖြစ်ပွားခဲ့ပုံများကို အမှတ်တရ ပြန်၍ မိန့်ကြားပါသည်။

''အဲဒီတုန်းက ဘုန်းကြီးက ပခုက္ကူမြို့ အရှေ့တိုက်မှာ စာချနေတာ၊ ကိုယ်တိုင်သင်ယူဖို့ ဝါသနာကြီးတယ်၊ ဒါကြောင့် ဦးကြင်ရွှေရဲ့ ဝိပဿနာ

သင်တန်းကိုတက်ပြီး နားထောင်ခဲ့တယ်၊ ဘုန်းကြီးဆိုလို့ ကိုယ်တစ်ပါးတဲ ဖြစ်နေတာမို့ တိတ်တိတ်ပုန်း တက်ခဲ့ရတယ်ဆိုပါတော့၊ အဲဒါကလဲ သိဖို့ ကျင့်ဖို့ ဝါသနာအလျောက်ပါ။

"သင်တန်းမှာ ဦးကြင်ရွှေက နိဗ္ဗာန်နဲ့ပတ်သက်ပြီးဟောတာတွေ၊ စူဠသောတာပန် ဘယ်တော့မှအပါယ်မလားဘူးလို့ ဟောတာတွေဟာ ဘုရားဟောနဲ့ မညီတာကို တွေ့ရလို့ သံဃာတော်တွေသိရအောင် ဘုန်းကြီးက 'ဓမ္မသတင်း' ဆိုတဲ့ လက်ကမ်းစာရွက်တွေရိုက်ပြီး လှူတယ်၊ အဲဒီမှာ ဦးကြင်ရွှေရဲ့ အမှားကြီး ၅-ချက်ကို ရေးပြလိုက်တယ်။

"အဲဒီ 'ဓမ္မသတင်း' ကို ဦးကြင်ရွှေက ရသွားတဲ့အခါ သံဃာတော်တွေက မကျေနပ်လို့ သင်တန်းပိတ်တယ်လို့ ကြေညာပြီး သင်တန်းသားတွေနဲ့ သံဃာတော်တွေကို ရန်တိုက်ပေးတယ်၊ သံဃာတော်တွေကို ဆွမ်းမလောင်းဖို့ လှုံ့ဆော်တယ်၊ ဒါပေမဲ့ ဆွမ်းက ပိုတောင်ရလာတယ်။

"နောက် သင်တန်းပြန်ဖွင့်တဲ့အခါ သင်တန်းသားအချို့နဲ့ သံဃာတော်အချို့ အဓိကရုဏ်းဖြစ်တယ်၊ အပြန်အလှန် ခဲနဲ့ ပေါက်ကြတယ်၊ ပိုစတာတွေကပ်ကြတယ်၊ ဘုန်းကြီးက ခဲပေါက်တဲ့အထဲတော့ မပါပါဘူး၊ ဒါပေမဲ့ ဦးကြင်ရွှေရဲ့အယူဝါဒမှားကြောင်း အဓမ္မဖြစ်ကြောင်းကိုတော့ ဓမ္မလမ်းကြောင်းနဲ့အညီ တစ်လျှောက်လုံး ဖော်ထုတ်လာခဲ့တာပါ"

ဆရာတော်ကြီးသည် နိုင်ငံတော် သီးခြားဝိနည်းမိုရ်အဖွဲ့ အမှတ်(၇)က အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ခဲ့သော မိုးညို(မြောက်ဥက္ကလာပ)ဝါဒတွင်လည်းကောင်း၊ နိုင်ငံတော် သီးခြားဝိနည်းမိုရ်အဖွဲ့ အမှတ်(၈)က အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ခဲ့သော ထွန်တုံးလက်ကျန် ဦးထင်ဝါဒတွင်လည်းကောင်း စောဒကပုဂ္ဂိုလ်အဖြစ် ဆောင်ရွက်ခဲ့သည်ဖြစ်ရာ အဓမ္မဝါဒတစ်ခု ဤမျှသက်တမ်းရှည်နေသည်ကို လိုလားနိုင်ဟန်မရှိကြောင်း တွေ့ရပါသည်။

"ဘုန်းကြီးတို့ကတော့ ဘာမှမလုပ်နိုင်တော့ဘူး၊ တတ်နိုင်တဲ့သူများ လုပ်နိုင်အောင် ရှာပြီး ယူသွားတော့"

နာယကဆရာတော်ထံ သွားရောက်ဆက်ကပ်ရန် ရည်ရွယ်၍ 'အရေးကြီးသည်' ဟု ထင်မိရာ စာရွက်ပေါင်း ၂၀-တိတိ ရွေးယူကြရာ

ဆရာတော်ကြီးက "နှစ်ရက်-သုံးရက်အတွင်းပြန်ပို့ရမည်"ဟု အကြိမ်ကြိမ် မိန့်မှာတော်မူသည်။

ထိုအကြောင်းအရာအားလုံးကို နာယကဆရာတော်အား လျှောက်ထားရာ

"ဒီစာရွက်တွေ ပြန်ပို့တဲ့အခါမှာ မစိုးရိမ်စာသင်သား လှူဒါန်းထားတဲ့ မြို့ပြင်ကြီး 'နိဗ္ဗာနသရူပဒီပကကဏ္ဍကျမ်း'စာအုပ်၊ 'နိဗ္ဗာန်နှင့် စာထူးပေထူးစာတမ်း' ယူသွားပြီး ကပ်လှူပေါ့၊ ဒါဆိုရင် ဆရာတော်ကြီးက ယုံကြည်မှာပါ" ဟု အကြံပေးတော်မူသည်။

ထိုအကြံပေးချက်အတိုင်း ဆောင်ရွက်ကြရာ ဆရာတော်ကြီးက အမှန် တကယ်ပင် ယုံကြည်တော်မူပြီး '၂၁-ခုနှစ်၊ ဖိုင်-၂၊ နိဗ္ဗာန် ပြဿနာဆိုင်ရာဖိုင်'ကို ဖိုင်တွဲလိုက်ပင် အပ်နှံလိုက်ပါသည်။

ထိုဖိုင်ကြီးကို လက်ခံရရှိပြီးသောအခါ နာယကဆရာတော်ထံ သွားရောက်ဆက်ကပ်လျက်

"တပည့်တော်တို့ အဓမ္မဝါဒ ဖော်ထုတ်တားဆီးဖယ်ရှားရေး အကျိုးဆောင်များက မှတ်တမ်းစာအုပ်ဖြစ်အောင် ပြုစုထုတ်ဝေပြီး ပူဇော်ပေးမှာ ဖြစ်ကြောင်း ဝန်ခံခဲ့ပါတယ်"ဟုလည်း လျှောက်ထားကြပါသည်။

## (၂)

နာယကဆရာတော်က လက်ခံထားလိုက်ပါသည်။ သို့သော် ဤမျှများပြား၍ ကိုင်တွယ်ရန် ခက်ခဲလှသော စာရွက်ဆွေး စာရွက်ဟောင်းများကို ကြည့်ပြီး ညည်းညူတော်မူရှာသည်။

"ဆောင်ရွက်ဆဲကိစ္စတွေ ပြီးသွားရင် ဒီဖိုင်ကြီးကို ကိုင်ကြည့်ပြီး လုပ်သင့်တာ လုပ်ကြည့်ကြတော့ပေါ့ဗျာ"ဟု မိန့်တော်မူပါသည်။ နောက်မကြာမီမှာပင်

"ဒီမှတ်တမ်းတွေအရဆိုရင် ပခုက္ကူကျောင်းသစ်ဆရာတော် ကြီးက ပခုက္ကူသံဃသမဂ္ဂအတွင်းရေးမှူးဖြစ်ကြောင်း၊ ပခုက္ကူသံဃသမဂ္ဂနဲ့ ပခုက္ကူဦးကြင်ရွှေရဲ့ ဝိပဿနာသင်တန်း ဗဟိုအမှုဆောင်အဖွဲ့ အပြန်အလှန် အမှု

အခင်းဖြစ်ခဲ့ကြောင်း၊ အမှုတွဲက နိုင်ငံတော်အတွင်းဝန်ရုံးအထိ ရောက်ရှိခဲ့ကြောင်း တွေ့ရပါတယ်'' ဟု မိန့်ကာ-

''အခု စာဖိုင်ကြီးကို အကုန်လုံး ခွဲပြီး-

၁။ ပခုက္ကူခရိုင် သံဃသမဂ္ဂ သာသနာပြုအဖွဲ့ကြီးရဲ့ ကြေညာချက်၊ ဟောပြောချက် ဆောင်ရွက်ချက်တွေကို တစ်ပုံ၊

၂။ ပခုက္ကူ ဦးကြင်ရွှေရဲ့ ဝိပဿနာသင်တန်း ဗဟိုအမှုဆောင်အဖွဲ့ရဲ့ကြေညာချက်၊ ဟောပြောချက် ဆောင်ရွက်ချက်တွေကို တစ်ပုံ၊

၃။ အခြားဆရာတော်ကြီးများရဲ့ အဆုံးအဖြတ်၊ အခြားသံဃာ့သမဂ္ဂတွေရဲ့ အဆုံးအဖြတ် စာရွက်စာတမ်းတွေကို တစ်ပုံပုံကြည့်ပြီး-

စာအုပ်အဖြစ် ထုတ်ဝေရာမှာ ဖော်ပြသင့်တာတွေကို စုစည်းကြည့်လိုက်တော့ အလုပ်ဖြစ်မယ်- ထင်ပါတယ်၊ မှတ်တမ်းကောင်းတစ်ခု ရရှိမှာပါ'' ဟု ရှင်းပြပါသည်။

စာအုပ်အဖြစ် ထုတ်ဝေရာမှာ ဖော်ပြရန် မလိုသော စာများနှင့် ဖော်ပြရန် မသင့်သောစာများကို ချန်ထားကြောင်း သိရပါသည်။ **ဖော်ပြရန် မလိုသော စာများ**မှာ အကြိမ်ကြိမ် ပါရှိနေသောစာများတည်း။ **ဖော်ပြရန် မသင့်သော စာများ**မှာ အဓိပ္ပာယ်ထူး မထင်ရှားသော ''နိဗ္ဗာန် ဆိုတာ ဘာလဲ'' စာတမ်းမျိုးတည်း။

ထို့ပြင် 'ကြေညာစာတမ်း' စသည်တို့တွင် မူရင်းသတ်ပုံများအတိုင်း ထည့်သွင်းထားပါသည်။

## (၃)

နိဂုံးချုပ်အားဖြင့် မှာကြားလိုသည့်အချက်မှာ ဤသို့ဤပုံ ဖြစ်ခဲ့ဖူးပြီ။ မှားသောအယူဝါဒသည်လည်း မှားမှန်း ထင်ရှားခဲ့ဖူးပြီ၊ မှန်သောအယူဝါဒသည်လည်း မှန်မှန်း ထင်ရှားခဲ့ဖူးပြီ။

မည်သည့် အယူဝါဒက မှားသနည်း။
မည်သည့် အယူဝါဒက မှန်သနည်း။

စာဖတ်သူတို့အနေဖြင့် အမှန်ကို လက်ခံခြင်း (သို့မဟုတ်) အမှားကို လက်ခံခြင်း တစ်ခုခုကို ရွေးချယ်တော်မူကြရန်ပင် ဖြစ်ပါသည်။

အမှားကို လက်ခံခြင်းသည်လည်း စာဖတ်သူတို့၏ ကိုယ်ပိုင်အခွင့်အရေးပင်ဖြစ်၏။

အမှန်ကို လက်ခံခြင်းသည်လည်း စာဖတ်သူတို့၏ ကိုယ်ပိုင်အခွင့်အရေးပင်ဖြစ်၏။

အဘယ့်ကြောင့်ဆိုသော် အင်္ဂုတ္တိုရ်ပါဠိတော် စတုက္ကနိပါတ် ကမ္မပထဝဂ် မိစ္ဆာဒိဋ္ဌိသုတ်တွင် မိစ္ဆာဒိဋ္ဌိ အကုသိုလ်ကံ ရှိသူအတွက် "ယထာဘတံ နိက္ခိတ္တော ဧဝံ နိရယေ" ဟူ၍ ဟောတော်မူသည်။ သမ္မာဒိဋ္ဌိ ကုသိုလ်ကံ ရှိသူအတွက် "ယထာဘတံ နိက္ခိတ္တော ဧဝံ သဂ္ဂေ" ဟူ၍ ဟောတော်မူသည်။

(နိရယေ-ပုဒ်တွင် အပါယ် ၄-ဘုံလုံးကို ယူရ၏။ သဂ္ဂေ-ပုဒ်တွင် သုဂတိ ၂၇-ဘုံတို့ကို ယူရသည်။ ပုဂ္ဂိုလ်အားဖြင့် သုဂတိအဟိတ်ပုဂ္ဂိုလ်မှ အနာဂါမိဖလဋ္ဌာန် ပုဂ္ဂိုလ်အထိ ယူရသည်။ ၄င်းတို့၏ ဖြစ်ရလတ္တံ့သော ဘဝသစ်၌ ပဋိသန္ဓေ **အကျိုး**သည် ကုသလကမ္မပထ**အကြောင်း**နှင့် ဆက်စပ်မြဲသာတည်း။)

## (၄)

ကိုယ့်ကုသိုလ်ကံက၊ ကိုယ့်ဘဝ၊ ပစ်ချ-နတ်ပြည်မှာ။
ကိုယ့်အကုသိုလ်ကံက၊ ကိုယ့်ဘဝ၊ ပစ်ချ-ငရဲမှာ။

**အဓမ္မဝါဒ ဖော်ထုတ် တားဆီး ဖယ်ရှားရေးအကျိုးဆောင်များ**
**၁၃၇၃- ခု၊ တပို့တွဲလဆန်း၊ (၉)ရက် (၁-၂-၁၂)**

# အခန်း - ၁

## ပခုက္ကူခရိုင် သံဃသမဂ္ဂ သာသနာပြုအဖွဲ့ကြီး၏

# ကြေညာချက်၊ ဟောပြောချက်၊
# ဆောင်ရွက်ချက်၊

# ဓမ္မသတင်း

သံဃာတော်အရှင်မြတ်တို့ဘုရား -

၁၃၂၀-ခု၊ သီတင်းကျွတ်လဆန်း ၁၃-ရက်နေ့မှစ၍ တန်ဆောင်မုန်း လပြည့်ကျော် (၁)ရက်နေ့အထိ ပခုက္ကူမြို့ ဝိပဿနာသင်တန်းမှ ဟောပြော သောတရားတို့တွင် **"အထူးကောက်နုတ်ချက်အထူးမှတ်တမ်း"** ကို သတိ သမ္ပဇဉ် စိတ်ဝယ်ယှဉ်၍ အများအမှန် ဝေဖန်လေ့လာတော်မူနိုင်ကြရန် အတွက် ဆက်ကပ်လျှောက်ထားပါသည်ဘုရား -။

ထိုသို့လျှောက်ထားရာ၌ အခဏ်း(၆)ခဏ်း ခွဲခြား၍ လျှောက်ထား လိုသည်မှာ-

အခဏ်း(၁)အရ "ခန္ဓာငါးပါးကို ဒုက္ခသစ္စာခေါ်၏။ အဲဒါလို သိက ပရိညာကိစ္စပြီး၏။ ရှုဥသောတာပန်ဖြစ်၏။ ဘယ်တော့မှ အပါယ် မလားတော့ဘူး" ဟု ဟောပါသည်။

အခဏ်း(၂)အရ "ဒီဘက်ပုဂ္ဂိုလ်က ပုဂ္ဂိုလ်အနေ (ပညတ်အနေ) နဲ့တော့ ဟိုဘက်မှာ သွားပြီးမဖြစ်ပါဘူး။ သို့သော်လည်း ဓာတ်အနေနဲ့ ဆက်စပ်ပြီးဖြစ်တဲ့ အသင်္ခတဓာတ်ဆိုတာတော့ ရှိ၏။ အဲဒီဓာတ်ကို **နာမ်ထူးရုပ်ထူး**ဟု ခေါ်ဆိုရ၏။ အဲဒီ နာမ်ထူးရုပ်ထူးဆိုတဲ့ အသင်္ခတဓာတ် ကို ကံ စိတ် ဥတု အသင်္ခတဓာတ်ဆိုတဲ့ နိဗ္ဗာန်မှာ **'နာမ်ထူးရုပ်ထူး'**ရှိ၏။ နိဗ္ဗာန်ဆိုတဲ့ဘုံလည်း ရှိ၏။

"ဘုံရှိရင် နိဗ္ဗာန်စံပုဂ္ဂိုလ် ရှိရမယ်။ ဥပမာ အိမ်ရှိရင် နေတဲ့လူ ရှိရသလိုပါပဲ" ဟု ဟောပါသည်။

ထို့ပြင် "အရဟတ္တမဂ် အရဟတ္တဖိုလ် ရပြီးတဲ့အခါ ရှေးကနှင့်မတူ ရုပ်လက္ခဏာ၊ နာမ်လက္ခဏာထူးတွေ ဖြစ်လာ၏။ အဲဒါကြောင့် သဉ်တနယ် သဉပါဒိသေသနိဗ္ဗာန်သို့ ဆိုက်ရောက်စဉ်ကမှ ရုပ်လက္ခဏာ၊ နာမ်လက္ခဏာ 'ရုပ်ထူးနာမ်ထူး'တွေ ထင်ရှားရှိနေတာ တောက်ရင် အသဉ်တနယ် အနုပါဒိသေသနိဗ္ဗာန်မှာဆိုရင် မသေသော အမတရုပ်ထူး၊ နာမ်ထူးတွေရှိတယ်ဆိုတာ သဘာဝယုတ္တိအားဖြင့်သာ သိနိုင်၏။ ဒါ့ကြောင့် အနုပါဒိသေသနိဗ္ဗာန်မှာ အမတရုပ်ထူးနာမ်ထူး ရှိ၏။ (လေလိုမီးခိုးလို ဘာမှမရှိပါဘူးလို့ မယူရ)" ဟု ဟောထားပါသေးသည်။

အခဏ်း(၃)အရ "**နိဗ္ဗာန်ကို** နိစ္စ၊ သုခ၊ **အတ္တ** ဟု ခေါ်ရ၏။ ဘုရားက အတ္တလို့ တိုက်ရိုက်အားဖြင့် မဟောခဲ့တာ တိတ္ထိတွေက 'အတ္တအယူရှိတဲ့ဘုရား' ဟု စွပ်စွဲလို့ရှိရင် အပြစ်ကြီးမှာ စိုးရိမ်တော်မူလို့ တိုက်ရိုက်အားဖြင့် မဟောခဲ့ဘဲ **သာရအားဖြင့်တော့ ဟောခဲ့ပါ၏**။

"ထို့ပြင် နိစ္စ၊ သုခလို့ ဟောခဲ့ရင်လည်း အတ္တနဲ့ ဆိုင်၏။ တစ်ထပ်တည်းဆိုသလို ကျ၏။

"ထို့ပြင် 'သဗ္ဗေ ဓမ္မာ အနတ္တာ' လို့ ဟောခဲ့တာက နိဗ္ဗာန်ကို အနတ္တလို့ ယူစေတော်မူလိုလို့ မဟုတ်ပါဘူး။ ခန္ဓာဖွဲ့နိုင်တဲ့ လောကုတ္တရာစိတ်ရှစ်ခုကျန်နေမှာဖြစ်တဲ့အတွက် (လောကုတ္တရာစိတ်ရှစ်ပါး မကျန်အောင်) ဟောခဲ့ပါ၏။ ထို့ကြောင့်-

**"နိဗ္ဗာန်သည် အနတ္တ မဟုတ်။ အတ္တဆိုတာ သေသေချာချာစဉ်းစားမယ်ဆိုရင် ထင်ရှားပါ၏"** ဟု ဟောပြောပါသည်။

အခဏ်း(၄)အရ "လူ့ပြည်မှာ အနာဂါမ်၊ ရဟန္တာများ နိရောဓသမာပတ် ဝင်စားသလို အရူပဘုံမှာ အနာဂါမ်၊ ရဟန္တာများ နိရောဓသမာပတ် ဝင်စားတဲ့အခါ နာမ်ခန္ဓာလေးပါး ချုပ်ငြိမ်းနေ၏။ အဲဒီအခါမှာ အရူပဘုံ၌ ဘုံအားဖြင့်လည်းကောင်း၊ ပုဂ္ဂိုလ်အားဖြင့်လည်းကောင်း ထင်ရှား

ရှိနေသလို **နိဗ္ဗာန်မှာလည်း** ဘုံအားဖြင့်လည်းကောင်း၊ ပုဂ္ဂိုလ်အားဖြင့်လည်းကောင်း ရှိတယ်ဆိုတာ ထင်ရှားပါ၏။

သာဓကပါဠိကား-

"ယဒိ သမာပန္နေယျ အရူပါဝစရေ စိတ္တစေတသိကာနံ ကာဿစိ အညဿ အဘာဝတော အနုပါဒိသေသနိဗ္ဗာနဓာတုယာ ပရိနိဗ္ဗုတာသ ဒိသော အပညတ္တိကော ဘဝေယျ။ **ဝိသုဒ္ဓိမဂ်ဋီကာ**" ဟု ဟောပါသည်။

အခဏ်း(၅)အရ "ရဟန္တာပုဂ္ဂိုလ်တို့၏ ခန္ဓာငါးပါး ရုပ်နာမ်တရားတွေ ပညတ်တရားတွေ အကုန်ချုပ်ငြိမ်းကွယ်ပျောက်၍ မရှိတော့ဘဲ **ဟိုဘက်နိဗ္ဗာန်မှာ** သွားပြီး ပုဂ္ဂိုလ်သန္တာန်အစဉ်အားဖြင့် **(သဘာဝအားဖြင့်)** ဖြစ်၍ တည်နေ၏။ ဒါ့ကြောင့် နိဗ္ဗာန်ဟာ ပုဂ္ဂိုလ်အားဖြင့် ထင်ထင်ရှားရှားကြီးရှိ၏။ ခန္ဓာကမ္မဇရုပ် ဝိပါက်တရားတွေ ချုပ်ငြိမ်းကွယ်ပျောက်ပြီး ဘာမျှ မဖြစ်တော့ဘူးဟု ယူရင် ဥစ္ဆေဒဒိဋ္ဌိ ဖြစ်၏" ဟု ဟောပါသည်။

အခဏ်း(၆)အရ "ဗုဒ္ဓအပါဒါန် ပါဠိတော်လာ ဘုရားအလောင်းတိလောကစကြာမင်းကြီးဝတ္ထုကို ထုတ်ဟော၍ **နိဗ္ဗာန်ဘုံနန်းကြီးမှာ ယခုထက်တိုင်** ပရိနိဗ္ဗာန်စံလွန်ကြကုန်ပြီးသော ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာတွေ နေထိုင်တော်မူကြ၏။ (စိတ်ကူးကြံစည်ခဏ်းကို ပါဠိရမီထဲထည့်ပြီး ဘုရားမဟော။)" ဟု ဟောပါသည်။

ထို့ပြင်-

(က) အဘယပူရံ။ (ဗုဒ္ဓဝံသပါဠိတော်)

(ခ) မာပေတိ နဂရံ သဒ္ဓမ္မပူရမုတ္တမံ နိဗ္ဗာနံ နဂရန္တိ ဝုစ္စတိ။ (ငှင်းအဋ္ဌကထာ)

ဤပါဠိတော်၊ အဋ္ဌကထာ ပါဠိများကို ထုတ်၍ 'ဝဏ္ဏာ ပုတ္တော ခံ ပုပ္ဖံ ပိလန္ဓိတွာ' ပုဒ်မျိုးကဲ့သို့ ပူရ၊ နဂရ-သဒ္ဒါတို့သည် သဒ္ဒါနဲ့အနက်ဒြပ်ကင်းတဲ့ ပုဒ်မျိုး မဟုတ်ကြ။ **တင်စားခေါ်ထားတာလဲ မဟုတ်။ (ဥပစာအားဖြင့် ဘုရား ဘယ်တော့မှ မဟော။)** သဒ္ဒါအနက်ဒြပ်နဲ့ ပြည့်စုံတဲ့ ပူရ၊ နဂရ-သဒ္ဒါတွေနဲ့ ဟောထားသောကြောင့် **နိဗ္ဗာန်ဟာ ဘုံနန်းကြီးသဖွယ်**

**ရှိ၏။ နိဗ္ဗာန်မှာ ပရိနိဗ္ဗူတပုဂ္ဂိုလ်တွေ ထင်ထင်ရှားရှားကြီး ရှိ၏**-ဟု ဟောပြောပါသေးသည်။

ထို့ပြင်-

''သဒ္ဓမ္မပ္ပဇ္ဇိဝေဓော့ ဥတာနံ သေက္ခာသေက္ခာနံ အရိယပုဂ္ဂလာနံ ပတိဋ္ဌာန ဂေါစရ နိဝါသနဋ္ဌေန နိဗ္ဗာနံ နဂရန္တိ ဝုစ္စတိ''ဟူသော ပါဠိကိုလည်း ထုတ်ပြ၍ **နိဗ္ဗာန်ကို မဂ်ဖိုလ်ရပြီးသော အရိယာပုဂ္ဂိုလ်တို့၏ တည်ရာမှီရာ ကျက်စား ရာ နေထိုင်ရာဖြစ်လို့ မြို့လို့ ခေါ်ဆိုရ၏။** ဒါ့ကြောင့် **နိဗ္ဗာန်သည် ဘုံနန်းကြီးသဖွယ်၊ မြို့ကြီးသဖွယ်၊ တိုင်းပြည်ကြီးသဖွယ် တကယ် ထင်ထင်ရှားရှားရှိ၏** ဟု မှတ်ပါ။

ဥပမာ ပခုက္ကူမြို့ကြီးသည် လူတွေရဲ့ တည်ရာမှီရာ ကျက်စားရာ နေထိုင်ရာမြို့ကြီး ထင်ရှားရှိနေသလို မှတ်ရမည်-ဟု ဟောပြောပါသေးသည်။

ဤတွင် ပခုက္ကူမြို့ ဝိပဿနာသင်တန်းလာ အထူးကောက်နုတ်ချက် အကျဉ်းမှတ်တမ်း နိဋ္ဌိတံ။

**အမှာ** (ပါဠိအကျယ်ကိုမူ နောင်အကြောင်းညီညွတ်သောအခါ လျှောက်ထားပါမည်။)

**ဘာသာရေးဆိုင်ရာ အရေးပေါ် သံဃာသမဂ္ဂအဖွဲ့၊ ပခုက္ကူမြို့။**

**(ယခု ယင်းအဖွဲ့ မရှိတော့ဟု သိရပါ၏။ )**

# အထူးတိုက်တွန်းလျှောက်ထားချက်

အထက်ပါသင်တန်းမှ ဟောပြောချက်များတွင်-

**(၁) စူဠသောတာပန် ဖြစ်ခါမျှပုဂ္ဂိုလ်သည် ဘယ်တော့မှ အပါယ်မလားတော့ဘဲ ဂတိသေချာမြဲကြောင်း။**

**(၂) နိဗ္ဗာန်၌ ရုပ်ထူးနာမ်ထူးဖြစ်၍ တည်နေကြောင်း။**

**(၃) အသခ်တဓာတ်နိဗ္ဗာန်တရားမြတ်သည် အတ္တဖြစ်နေကြောင်း။**

**(၄) အရူပဘုံ၌ နိရောဓသမာပတ် ဝင်စားနိုင်ကြောင်း။**

**(၅) နိဗ္ဗာန်၌ ဘုံ ပရိနိဗ္ဗုတပုဂ္ဂိုလ် ထင်ရှားတည်ရှိနေကြောင်း။**

ဤအချက်ကြီး (၅)ချက်သည် ဗုဒ္ဓဘာသာဝင်များနှင့် ဗုဒ္ဓသာသနာတော်ကြီးအတွက် အရေးအကြီးဆုံးသောကိစ္စကြီးများ ဖြစ်နေပါ၍-

(က) သာသနာ့ဝန်ထမ်းဖြစ်တော်မူကြပေကုန်သော သီလသမာဓိ ပညာဂုဏ်တို့နှင့် ပြည့်စုံတော်မူကြသော ကျေးဇူးရှင်ဆရာတော်ကြီးများနှင့် သာသနာ့ဝန်ထမ်း သံဃာတော်အားလုံး၏ တာဝန်ဝတ္တရားများ ဖြစ်နေပါသည်။

(ခ) ထို့ကြောင့် လျစ်လျူရှုတော်မမူကြဘဲ အထူးလေ့လာစုံစမ်းတော်မူကြပြီးလျှင် **အလျင်အမြန် ဖြေရှင်းသုတ်သင်** ဆုံးဖြတ်ပေးတော်မူကြရန်။

(ဂ) သာသနာ့ဝန်ထမ်းပုဂ္ဂိုလ်တိုင်း **ဗုဒ္ဓဝါဒနှင့် ဆန့်ကျင်သော တရားလမ်းစဉ်**ဟု ယူဆတော်မူကြပါလျှင် တာဝန်ရှိကြသည်အားလျော်စွာ ကာကွယ်စောင့်ရှောက်တော်မူကြရန်။

(ဃ) ကျေးဇူးရှင်ဆရာတော်ကြီးများ၏ သီလ သမာဓိ ပညာဂုဏ်များအပေါ်၌လည်းကောင်း၊ စာသင်သားရှင်ရဟန်းများအပေါ်၌ လည်းကောင်း **အထင်သေး အမြင်သေး ဖြစ်စေနိုင်သော ဟောပြောချက်** ဖြစ်ပါလျှင် လျစ်လျူမရှုကြဘဲ ကိုယ်တော်တိုင်သိအောင် လေ့လာကြ၍ အချိန်မီကာကွယ်စောင့်ရှောက်တော်မူကြရန်။

(င) "ကုန်ရှုံးတော့ တစ်ခေါက်၊ လင်ကုန်ရှုံးတော့ တစ်သက်လုံးမှောက်၊ ဆရာကုန်ရှုံးတော့ တစ်သံသရာလုံး မှောက်" ဆိုတဲ့ ရှေးပညာရှိများ ပုံစကားကို နှလုံးထား၍ **လမ်းမှားသို့ ရောက်နေကြသော ဒါယကာ၊ ဒါယိကာမများကို** မေတ္တာကရုဏာတရား ရှေ့ထားကြ၍ အမှန်တရားများကို လေ့လာကြပြီး ဟောပြောပြသ ဆုံးမပေးကြလျက် **လမ်းမှန်သို့ ရောက်အောင် ပို့ဆောင်တော်မူကြရန်** ကောင်းမြတ်သောစိတ်ထားဖြင့် ရှိသေစွာ လျှောက်ထားတိုက်တွန်းအပ်ပါသည်ဘုရား။

**ဘာသာရေးဆိုင်ရာ အရေးပေါ် သံဃသမဂ္ဂ၊ ပခုက္ကူမြို့။**
**(ယခု ယင်းအဖွဲ့မရှိတော့ဟု သိရပါ၏။)**

*ပခုက္ကူခရိုင်၊ သာသနာပြု သံဃသမဂ္ဂအဖွဲ့ကြီးမှ ပခုက္ကူမြို့နယ်၊ ဝိန္နိဿယရုံးတော်တွင် ပခုက္ကူမြို့၊ ပေါင်လောင်ရှင်ရပ်၊ ဝိပဿနာသင်တန်းဆရာ* ***မောင်ကြင်ရွှေအပေါ်၌*** *စွဲဆိုထားသော အချက်ကြီး (၅)ချက်နှင့် စပ်လျဉ်း၍ ဗုဒ္ဓဝါဒီ ဥပါသကာ ဥပါသိကာများအား သိရှိကြစေရန်* ***မဟာပဒေသ(၄)ပါး****နှင့်အညီ ရှင်းလင်းဖော်ပြထားသော-*

## ဓမ္မရောင်ခြည်စာတမ်းအကျဉ်းချုပ်

### (၁) စူဠသောတာပန်အကြောင်း ရှင်းလင်းချက်

စူဠသောတာပန်ပုဂ္ဂိုလ်၏ ဂတိသည် အစဉ်ထာဝရ ဘဝတိုင်း၌ မြဲသလော၊ သို့မဟုတ် ဒုတိယဘဝ၌သာ မြဲသလောဟူ၍ မေးခဲ့ငြားအံ့-

ဒုတိယဘဝ၌သာ ကေန်မြဲသည်ဟု စိတ်ချရ၏။ တတိယဘဝစသည်၌ကား ကေန်မြဲသည်ဟု စိတ်မချရသေးပေ။

အကြောင်းကား-

''အပရိဟီနကာဠ်ါဝိတရဏာဝိသုဒ္ဓိကော ဝိပဿကော
လောကိယာဟိ သီလသမာဓိပညာသမ္ပဒါဟိ သမန္နာဂတတ္တာ
ဉတ္တရိ အပ္ပဋိဝိဇ္ဈန္တောပိ သုဂတိပရာယနောစ ဟောတီတိ
ဝုတ္တံ ''နိယတဂတိကော''တိ။

တတောဓေ ရှုဋ္ဌသောတာပန္နောနာမ ဟောတိ''

ဟူသော ဝိသုဒ္ဓိမဂ် မဟာဋီကာပါဠိ၌-

''ကင်္ခါဝိတရဏဝိသုဒ္ဓိ မဆုတ်ယုတ်ပါမှ ဂတိမြဲသည်'' ဟူ၍လည်းကောင်း၊ ''လောကီ သီလ သမာဓိ ပညာတို့နှင့် ပြည့်စုံနေပါမှ ဂတိမြဲသည်'' ဟူ၍လည်းကောင်း မိန့်ဆိုထားသော စကားဖြင့် ယခုဘဝ၌သော်လည်း သီလ,သမာဓိနှင့် ကင်္ခါဝိတရဏဝိသုဒ္ဓိ ဉာဏ်ပညာတို့ ပျက်စီးချုတ်ယွင်းနိုင်သေးသည်ကိုလည်းကောင်း၊ ထိုအခါမှာ ဒုတိယဘဝ၌သော်လည်း ဂတိမြဲရန်အကြောင်း မရှိသည်ကို လည်းကောင်း ထင်ရှားဖော်ပြ၏။

တစ်ဖန် ဒုတိယဘဝစသည်တို့၌ သီလ သမာဓိ ပညာတို့ ပျက်စီးနိုင်၍ တတိယဘဝစသည်၌ ဂတိဧကန်မြဲရန်အကြောင်း မရှိသည်မှာ ဆိုဖွယ်ပင်မရှိတော့ပြီ။ ဤမျှသာမကသေး၊ ထောက်ထားဖွယ်အကြောင်းတစ်ပါးလည်း ရှိသေး၏။

ဗုဒ္ဓဝင်ပါဠိတော်၌ ''ငါတို့ဘုရားအလောင်းတော်သည် လွန်ခဲ့သော ကမ္ဘာပေါင်း ၃-အသင်္ချေထက် ပွင့်တော်မူသော ကောဏ္ဍညမြတ်စွာဘုရားမှ စ၍ ၉-ဆူသော မြတ်စွာဘုရားတို့ထံတော်၌ ၉-ဘဝတိုင်တိုင် ရဟန်းပြုခဲ့ဖူးသည်'' ဟု လာရှိ၏။

မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ ဃဋိကာရသုတ်အဖွင့် စသည်တို့၌ ''မြတ်စွာဘုရားတို့ထံတော်၌ ရဟန်းပြုသော ဘုရားအလောင်းတော်ဟူသမျှသည် ဂတ ပစ္စာဂတဝတ်ကို ဖြည့်ကျင့်လျက် ဝိပဿနာကို ပွားစေ၍ အနုလောမဉာဏ်တိုင်အောင် ဆိုက်ရောက်၍တည်သည်'' ဟု မိန့်ဆို၏။

ဗုဒ္ဓဝင်ပါဠိတော်၌ပင် ''သုမနမြတ်စွာဘုရား၊ ဝိပဿီမြတ်စွာဘုရားတို့ လက်ထက်တော်မှာ ဘုရားအလောင်းတော် ခြင်္သေ့မင်းဖြစ်လျက် ဗျာဒိတ်ခံခဲ့သည်'' ဟု လာရှိ၏။ ဤကမ္ဘာ၌ဖြစ်သော ဇာတ်နိပါတ်ဝတ္ထုများစွာတို့၌ ဘုရားအလောင်းတော်သည် တိရစ္ဆာန်အဖြစ်သို့ ရောက်လျက်ရှိသည်ကို တွေ့ရ၏။ တေမိယဇာတ်တွင် ငရဲ၌ ဖြစ်ခဲ့သည်ကိုလည်း တွေ့ရ၏။

ထို့ကြောင့် ဤပါဠိ အဋ္ဌကထာ ဋီကာ အလုံးစုံကို စပ်၍ကြည့်လျှင် ကင်္ခါဝိတရဏဝိသုဒ္ဓိထက် လွန်ကဲမြင့်မြတ်လှစွာသော သင်္ခါရုပေက္ခာဉာဏ်

သို့ ရောက်ပြီးသော ဘုရားအလောင်းတော်မြတ်သော်မှ သုဂတိဘဝ မမြဲကြောင်း၊ အပါယဂတိမှ မလွတ်သေးကြောင်းကို ထင်ရှားသိမြင်ရ၏။

ဘုရားအလောင်းတော်ကဲ့သို့ သဒ္ဓါ ဝီရိယ စသည် မထက်သန်၊ သဒ္ဓါရုပေက္ခာဉာဏ်အောက် များစွာအောက်တန်းကျသည့် ကင်္ခါဝိတရဏဉာဏ်မျှနှင့်သာ ပြည့်စုံသော သာမန်ပုဂ္ဂိုလ်အား အစဉ်ထာဝရ ဂတိမြဲခြင်းသည် အဘယ်မှာဖြစ်နိုင်ပါတော့အံ့နည်း။

သို့ဖြစ်၍ အပါယ်ဘုံမှ အစဉ်ထာဝရလွတ်ကင်း၊ ဂတိမြဲခြင်းကို လိုလားသောသူသည် သောတာပတ္တိမဂ်ဖြင့် သက္ကာယဒိဋ္ဌိကို အကြွင်းမဲ့ ပယ်နိုင်ရန် ထက်သန်သောစိတ်ထားဖြင့် မနား-မဆုတ် ဆက်လက်၍သာ တရားကို အားထုတ်ရာ၏၊ ကင်္ခါဝိတရဏဝိသုဒ္ဓိမျှဖြင့် စိတ်ချလက်ချ အားရ၍ နေခြင်းငှာ မသင့်သည်သာတည်း။ (အကျယ်ကို မဟာစည် ဝိပဿနာရှုနည်းကျမ်း၊ ဒုတိယတွဲ၌ လေ့လာပါ။)

## သံဃသမဂ္ဂ၏ မှတ်ချက်

(က) စူဠသောတာပန်ပုဂ္ဂိုလ်သည် ဘယ်တော့မှ အပါယ်မလားဘဲ ဘဝတိုင်း သုဂတိဘဝ မမြဲပါ။

(ခ) အဘိဓမ္မာတရားတော်များကို ကြားနာရုံမျှဖြင့် စူဠသောတာပန် မဖြစ်ပါ။

(ဂ) ဘာဝနာမယဉာဏ်= ပွားများအားထုတ်မှုအသိအမြင်ဖြင့် ရရှိသော ကင်္ခါဝိတရဏဝိသုဒ္ဓိနှင့် ပြည့်စုံမှသာ စူဠသောတာပန် စင်စစ်ဖြစ်သည်။

## (၂) နိဗ္ဗာန်၌ အမတရုပ်ထူးနာမ်ထူး မရှိနိုင်ကြောင်း ရှင်းလင်းချက်

(က) ဝဋ္ဋဒုက္ခတို့ ချုပ်ငြိမ်းခြင်းဟူသော နိဗ္ဗာန်ဘက်၌ ခန္ဓာဟူသော ရုပ်တရား နာမ်တရား မရှိကြောင်းကို ဤပါဠိတော်ဖြင့် သိရာ၏။

" ဝိညာဏံ အနိဒဿနံ၊ အနန္တံ သဗ္ဗတော ပဘံ။

ဧတ္ထ အာပေါ စ ပထဝီ၊ တေဇော ဝါယော န ဂါဓတိ။

ဧတ္ထ ဒီဃဉ္စ ရဿဉ္စ၊ အဏုံ ထူလံ သုဘာသုဘံ။

ဧတ္ထ နာမဉ္စ ရူပဉ္စ၊ အသေသံ ဥပရုဇ္ဈတိ။
ဝိညာဏဿ နိရောဓေန၊ ဧတ္ထေတံ ဥပရုဇ္ဈတိ။"
(သီလက္ခန်ပါဠိတော်၊ ကေဝဋ္ဋသုတ်။)

ဤပါဠိတော်၌-

"နိဗ္ဗာန်မှာ ရေဓာတ်၊ မြေဓာတ်၊ မီးဓာတ်၊ လေဓာတ်များ ထောက်ရာ တည်ရာမရ" ဟု ဆိုသောကြောင့် အလုံးစုံသော ရုပ်ဟူသမျှသည် နိဗ္ဗာန်မှာ မရှိဟု သိအပ်၏။

"နိဗ္ဗာန်မှာ အရှည်အတို၊ အကြီးအငယ်၊ တင့်တယ်သောဝတ္ထု မတင့် တယ်သောဝတ္ထုများ ထောက်ရာတည်ရာ မရ"ဟု ဆိုသောကြောင့် ပုဂ္ဂိုလ် သတ္တဝါ အတ္တဇီဝ အစရှိသော ပညတ်များသည်လည်း နိဗ္ဗာန်မှာ မရှိဟု သိအပ်၏။

"နိဗ္ဗာန်မှာ နာမ်ခန္ဓာ ရုပ်ခန္ဓာများ အကြွင်းမရှိ ချုပ်ငြိမ်း၏"ဟု ဆိုသောကြောင့် ရုပ်ကြမ်းနာမ်ကြမ်း မဟုတ်သော်လည်း ရုပ်နာမ်အလား ရှိသော၊ အလွန်သိမ်မွေ့သောတရား အကြွင်းအကျန်ဟူ၍လည်း နိဗ္ဗာန်မှာ မရှိ ဆိုအပ်၏။

(ဝိညာဏဿ နိရောဓေန-၌ ဘင်္ဂနိရောဓကို မလိုအပ်။ အနုပ္ပါဒနိရောဓကိုသာ လိုအပ်၏။ တစ်ဖန်ပြန်၍ မဖြစ်နိုင်သောအားဖြင့် လုံးဝ ချုပ်ငြိမ်းသည်။)

(ခ) "နိဗ္ဗာနံ သုခုမရူပဂတိယန္တိ ဝိညာယတိ" ဟူသောအနုဋီကာ၌လည်း- နိဗ္ဗာန်ကို သုခုမရုပ် ၁၆-ပါးနှင့် ဓမ္မာယတန၊ ဓမ္မဓာတ်၌ အကျုံးဝင်ခြင်းအားဖြင့် တူသောကြောင့် ဆိုသည်။ နိဗ္ဗာန်သည် အလွန်သိမ်မွေ့သော သုခုမရုပ်နှင့် အလားတူသောကြောင့် ဆိုသည်မဟုတ်။ နိဗ္ဗာန်ကို နာမ်ဟု ခေါ်ဆိုရသည်မှာ အမည်နာမကို အစဉ်မှီး၍ပြီးလျှင် အနက်သဘောကို ဆင်ခြင်၍ သိရသောကြောင့် နာမ်ဟုခေါ်ရသည်။ (စိတ်နာမ်မျိုး၊ စေတသိက် နာမ်မျိုးဖြစ်၍ နာမ်ဟု ခေါ်ရသည်မဟုတ်။) ဤနေရာတွင် ထောက်ထားဖွယ်ရာ သာဓကပါဠိတော်များ များစွာပင်ရှိသော်လည်း ကျယ်ဝန်းမည်စိုး၍ မဖော်ပြတော့ဘဲ ထားလိုက်သည်။

## သံဃာသမဂ္ဂ၏ မှတ်ချက်

နိဗ္ဗာန်၌ အမတရုပ်ထူးနာမ်ထူး မရှိဟု ယုံကြည်စွာ မှတ်သားထားပါ။

## (၃) အသခ်ီတဓာတ်တရားမြတ်သည် အနတ္တဖြစ်ကြောင်း ရှင်းလင်းချက်

(က) နိဗ္ဗာန်သည် နိစ္စ၊ သုခမည်၏ဟု နိစ္စ၊ သုခစစ်စစ်ကို ရှာ၍ရသကဲ့သို့ အတ္တစစ်စစ်ကို ရှာ၍မရကောင်း။ နိဗ္ဗာန်လည်း အနတ္တပင်တည်း။

**အတ္တ**ဟူသည်ကား အနတ္တစစ်စစ်ဖြစ်သော ခန္ဓာငါးပါး၌ အတ္တဟု စွဲလမ်းအားကြီး၍ သမင်ငယ်သည် ကျားကို အမိဟု ထင်မှားသကဲ့သို့ ထင်မှားခြင်းပင်တည်း။ ထို့ကြောင့် "သဗ္ဗေ ဓမ္မာ အနတ္တာ တိ" ဟု ဟောတော်မူသည်။

ထိုသို့ 'နိဗ္ဗာန်အနတ္တ' ဖြစ်ငြားသော်လည်း နိဗ္ဗာန်ကို ပုထုဇဉ်တို့ အရာမဟုတ်သောကြောင့် အတ္တဟု စွဲလမ်းသူမရှိ။ ခန္ဓာငါးပါး၏သာလျှင် အနတ္တ အဖြစ်ကို ပြတော်မူသည်ဟု နှလုံးထား၍ "သဗ္ဗေ ဓမ္မာ အနတ္တာတိ ပဉ္စက္ခန္ဓာ ဧဝ အဓိပ္ပေတာ" ဟု ဓမ္မပဒအဋ္ဌကထာဆရာ ဖွင့်ဆိုခြင်း ဖြစ်သည်။

ဤကား သင်္ဂဇာဆရာတော်ရေး ဓမ္မပဒပါဠိတော်နိဿယမှ ကောက်နုတ်ဖော်ပြချက်တည်း။

ထို့ပြင် လယ်တီဆရာတော်၊ မိုးညှင်းဆရာတော် အစရှိသော ဆရာတော်ကြီးအားလုံးကလည်း ဤသဘောအတိုင်း ဟောပြောဆုံးဖြတ်ရေးသားခဲ့ကြလေသည်။

(ခ) နိဗ္ဗာနဉ္စေဝ ပညတ္တိ၊ အနတ္တာ ဣတိ နိစ္ဆိတာ။

(ပရိဝါပါဠိတော်။)

မြန်မာပြန်ကား "နိဗ္ဗာန်ကိုလည်းကောင်း၊ ပညတ်ကိုလည်းကောင်း အနတ္တဟူ၍ ဆုံးဖြတ်အပ်၏။ **နိဗ္ဗာန်သည် အတ္တမဟုတ်**"ဟူလို။

**သဗ္ဗေဓမ္မာ**တိ နိဗ္ဗာနမ္ပိ အန္တောကတွာ ဝုတ္တာ။

(ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ။)

မြန်မာပြန်ကား "နိဗ္ဗာန်ကိုလည်း အတွင်းပြု၍ သင်္ခတဓမ္မာဟူ၍ ဆိုအပ်၏။ **အနုတ္တရမည်သောတရားအားလုံးထဲမှာ နိဗ္ဗာန် ပါရှိသည်**"ဟူလို။
ဝိမတိဋီကာ၌ နိဗ္ဗာန် အနုတ္တရဖြစ်ကြောင်း အကျယ်ဖွင့်ဆိုထားသည်။

## သံဃသမဂ္ဂ၏ မှတ်ချက်

နိဗ္ဗာန်ကို အနုတ္တရဟု ယုံကြည်စွာ မှတ်သားထားပါ။
အတ္တဟူသောစကားသည် မြတ်စွာဘုရားဟောသော စကားမဟုတ်။ တိတ္ထိတို့ ကြံဆအပ်သော ပညတ်စကားမျှသာ ဖြစ်သည်ဟု ယုံကြည်စွာ မှတ်ထားပါ။

## (၄) အရူပဘုံ၌ နိရောဓသမာပတ် မဝင်စားနိုင်ကြောင်း ရှင်းလင်းချက်

(က) ဝိသုဒ္ဓိမဂ် ပညာဘာဝနာနိသံသကထာ၌-
"**ကတ္ထ သမာပဇ္ဇန္တီ**တိ ပဉ္စဝေါကာရဘဝေ။ ကသ္မာ- အနုပုဗ္ဗသမာပတ္တိသဗ္ဘာဝတော။ စတုဝေါကာရဘဝေ ပန ပဌမဇ္ဈာနာဒီနံ နတ္ထိ။ တသ္မာ န သက္ကာ တတ္ထ သမာပဇ္ဇိတုံ" ဟု ဆိုထားသောကြောင့် နိရောဓသမာပတ်ကို ပဉ္စဝေါကာရဘုံ၌သာ အစဉ်အတိုင်း ဝင်စားအပ်သော ပဌမဈာန် အစရှိသော သမာပတ်ရှိသောကြောင့် ဝင်စားနိုင်သည်။ အရူပဘုံ၌ အစဉ်အတိုင်း ဝင်စားအပ်သော ပဌမဈာန်အစရှိသော ရူပသမာပတ် မရှိသောကြောင့် မဝင်စားနိုင်ကြောင်း တိုက်ရိုက်ဖွင့်ဆိုထားသည်။

ထို့ကြောင့် အရူပဘုံ၌ နိရောဓသမာပတ်ကို မဝင်စားနိုင်ဟု သိရပါသည်။

**အမှာ**။ ။ဋီကာကျော်ကျမ်း၊ မဏိသာရမဉ္ဇူသာဋီကာကျမ်းတို့၌လည်း တိုက်ရိုက်ဖွင့်ဆိုထားလျက်ရှိသည်။

(ခ) ဝိသုဒ္ဓိမဂ်မဟာဋီကာ၌- "ယဒိ အရူပေ နိရောဓံ သမာပဇ္ဇေယျ စိတ္တ စေတသိကာနံ အညဿစ ကဿစိ အဘာဝတော အပညတ္တိကော ဘဝေယျ အနုပါဒိသေသနိဗ္ဗာနဓာတုယာ ပရိနိဗ္ဗုတသဒိသော"ဟု

သုတေသနစာကြည့်တိုက်
သာသနာ့တော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
ကမ္ဘာ့အေး၊ ရန်ကုန်မြို့


လာသောပါဠိကား "အရူပဘုံ၌ နိရောဓသမာပတ်ကို အကယ်၍ ဝင်စားပါက အနုပါဒိသေသနိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်စံပုဂ္ဂိုလ်ကဲ့သို့ ပုဂ္ဂိုလ်သတ္တဝါ စသည်ဖြင့် ခေါ်ဝေါ်ပြောဆိုဖို့ရန် မရှိဘဲ ကျရောက်နေရာ၏" ဟု အပြစ်တင်သောစကားပင်ဖြစ်သည်။

## သံဃသမဂ္ဂ၏ မှတ်ချက်

စကားကျအားဖြင့် ဆိုလိုရင်းကား ဟိုဘက်နိဗ္ဗာန်၌ ပရိနိဗ္ဗုတ ပရိနိဗ္ဗာန်စံပုဂ္ဂိုလ်ဟူ၍ မရှိဟု ပြသည်။ **"ပရိနိဗ္ဗာန်ပုဂ္ဂိုလ်ဟူ၍ မရှိ။ အရူပဘုံ၌ နိရောဓသမာပတ်ဝင်စားပုဂ္ဂိုလ်ဟူ၍ မရှိ"** ဟူ၍ သေချာစွာ မှတ်ယူပါလေ။

## (၅) နိဗ္ဗာန်၌ ဘုံ၊ ပရိနိဗ္ဗုတပုဂ္ဂိုလ် ထင်ရှားမရှိကြောင်း ရှင်းလင်းချက်

(က) အပ္ပဋိဘာဂံ မဟာရာဇ နိဗ္ဗာနံ န သက္ကာ နိဗ္ဗာနဿ ရူပံဝါ သဏ္ဌာနံဝါ ဝယံဝါ ပမာဏံဝါ ဩပမ္မေနဝါ ကာရဏေနဝါ ဟေတုနာဝါ နယေနဝါ ဥပ ဒဿယိတုံ။

(မိလိန္ဒပဉှာပါဠိတော်။)

မြန်မာပြန်ကား-

မြတ်သောမိလိန္ဒမင်းကြီး၊ နိဗ္ဗာန်သည် တူသောအဖို့ ဥပမာမရှိပေ။ နိဗ္ဗာန်၏ အဆင်းအရောင်၊ ပုံပန်းသဏ္ဌာန်၊ အရွယ်အစား၊ အတိုင်းအရှည်ကို ဥပမာဖြင့်သော်လည်းကောင်း ဥပတ္ထမ္ဘက အကြောင်းဖြင့်သော် လည်းကောင်း၊ ဇနကအကြောင်းဖြင့်သော် လည်းကောင်း၊ သိကြောင်းနည်းဖြင့်သော် လည်းကောင်း ဆောင်ကပ်၍ ဖော်ပြခြင်းငှာ မစွမ်းနိုင်ပေ။

ဤပါဠိတော်၊ မြန်မာပြန်ဖြင့် နိဗ္ဗာန်၏ ဘုံနန်းကြီးသဖွယ် မတည်ရှိကြောင်းကို ပြသည်။ နိဗ္ဗာန်သည် ဘုံနန်းကြီးအနေဖြင့် တည်ရှိသည်မဟုတ်။

(ခ) **နိဗ္ဗာနံ** ဥပလဗ္ဘတီတိ နိဗ္ဗာနဿ ပဋိသံဝေဒီ ဥပလဗ္ဘတီတိ နဟေဝံ ဝတ္တဗ္ဗေ။

(ကထာဝတ္ထုပါဠိတော်။)

၂၈၂၁၄

မြန်မာပြန်ကား -

နိဗ္ဗာန်ကို ရအပ်သည်ရှိသော် နိဗ္ဗာန်ကိုခံစားသော ပုဂ္ဂိုလ်ကို ရအပ်ပါသလောဟု မေးငြားအံ့။ ဤသို့မဆိုသင့်ဟု ဖြေရာ၏။

ဤပါဠိတော် မြန်မာပြန်ဖြင့် နိဗ္ဗာန်၌ ပရိနိဗ္ဗုတပုဂ္ဂိုလ်မရှိကြောင်းကို ပြသည်။ **နိဗ္ဗာန်၌ ပရိနိဗ္ဗုတပုဂ္ဂိုလ်မရှိပါ။**

(ဂ) "ကာယဿ ဘေဒါ ဓမ္မဋ္ဌော၊ သင်္ချံ နောပေတိ ဝေဒဂူ" ဟူသောဂါထာ ၌ ဓမ္မဋ္ဌောပုဒ်၊ ဝေဒဂူပုဒ်တို့ကား ပရိနိဗ္ဗာန်မစံမီတည်ရှိသော ရဟန္တာပုဂ္ဂိုလ်ကို ချီးမွမ်းသောပုဒ်တို့သာ ဖြစ်သည်။ ထို့ကြောင့် "**ဓမ္မဋ္ဌောတိ အသေက္ခဓမ္မေသု နိဗ္ဗာနေဝ ဌိတော**" ဟု အဋ္ဌကထာဖွင့်သည်။

ဤအဖွင့်အရ "ဓမ္မဋ္ဌော၊ အသေက္ခတရားတို့၌တည်သော။ ဝါ - နိဗ္ဗာန်၌ တည်သော။ ဝေဒဂူ၊ ရဟန္တာပုဂ္ဂိုလ်သည်။ ကာယဿ၊ ကိုယ်ခန္ဓာ၏။ ဘေဒါ၊ စုတိကမ္မဇရုပ်ချုပ်သည်မှ။ ပရံ၊ နောက်၌။ သင်္ချံ၊ ခေါ်ဝေါ်စရာ တစုံတရာအဖြစ်သို့။ နောပေတိ၊ မရောက်"ဟု စပ်ယှဉ်၍ အနက်မှန် ပြန်ဆိုရမည်ဖြစ်သည်။

သို့မှသာ အသေက္ခဓမ္မဟုဆိုအပ်သော အရဟတ္တဖိုလ်၌ တည်မှုသည် ကိုယ်ခန္ဓာပျက်သည်မှ နောက်၌ တည်သည်မဟုတ်၊ မပျက်မီကပင် တည်ပေသည်ဟု ဆိုနိုင်မည်။

၄င်းပါဠိကပင် နိဗ္ဗာန်မှာ ပရိနိဗ္ဗုတပုဂ္ဂိုလ် မရှိကြောင်းကို ထင်ရှားပြလျက်ရှိသည်။

## သံဃသမဂ္ဂ၏ မှတ်ချက်

အကျယ်သိလိုမူ လယ်တီဆရာတော်ရေး နိဗ္ဗာနဒီပနီ၌ လေ့လာပါ။ ဘုရားဟောပါဠိတော်၊ အဋ္ဌကထာ၊ဋီကာတို့၌လည်း နိဗ္ဗာန်၌ ဘုံ၊ ပရိနိဗ္ဗုတပုဂ္ဂိုလ် ထင်ရှားရှိကြောင်းကို ဟောတော်မူသည်ကို မတွေ့ရ၍ နိဗ္ဗာန်သည် ဘုံနန်းကြီးသဖွယ်တည်ရှိပြီး၊ ၄င်းဘုံ၌ စံမြန်းနေထိုင်တော်မူသော ပရိနိဗ္ဗုတပုဂ္ဂိုလ်မရှိဟု ယုံယုံကြည်ကြည် မှတ်ထားကြကုန်လော့။

ပခုက္ကူခရိုင် သာသနာပြု သံဃာသမဂ္ဂအဖွဲ့ကြီးမှ
ထုတ်ပြန်အပ်သော

# သစ္စာဝါဒီ ကြေညာစာတမ်း

(က) ၁၃၂၀-ခုနှစ်၊ တပို့တွဲလပြည့်နေ့မှ စတင်ပြီး ဘုရားမဟော သော တရားသဘောများကို (မောင်ကြင်ရွှေ) ဟောပြောပြသနေတဲ့ အကြောင်းကို ရဟန်း၊ ရှင်၊ လူအများ သိကြစေရန် ဓမ္မသတင်းစာလွှာကို ထုတ်ဝေခဲ့သည်။

(ခ) ၂၁-ခု၊ တန်ခူးလဆုတ် ၈-ရက်နေ့ နံနက်က ဆရာတော် ဘုရားများထံ မဟာပဒေသ ၄-ပါးနှင့်အညီ ဆုံးဖြတ်ပေးတော်မူကြရန် လျှောက်ထားခဲ့သည်။ (လျစ်လျူရှုတော်မူခဲ့ကြသည်။)

(ဂ) ၂၁-ခု၊ ကဆုန်လဆုတ် ၅-ရက်နေ့က ဝိပဿနာဗဟိုအဖွဲ့ ကို မေးမြန်းဆွေးနွေးရန် ဖိတ်ခေါ်ခဲ့သည်။ လက်မခံခဲ့ကြပါ။ မထီလေးစား စာပြန်ခဲ့ကြသည်။

(ဃ) ၂၁-ခု၊ နယုန်လဆုတ် ၆-ရက်နေ့က ဝိနိစ္ဆယရုံးတော်သို့ တရားစွဲ၍ အဆုံးအဖြတ်ကို လျှောက်ထားခဲ့သည်။ နောက်ထပ်လည်း ၄-ကြိမ်တိတိ လျှောက်ထားတောင်းဆိုခဲ့သည်။ ဒါပေမဲ့ ယနေ့အထိ

ဝိနည်းမိုရ်ဆရာတော်များက ဥပဒေအရ အရေးယူဆောင်ရွက်ပေးခြင်း မရှိခဲ့။ (ဘာ့ကြောင့်လဲ။)

( င ) သံဃာသမဂ္ဂအနေနဲ့ကတော့ အမှန်တရားမရမခြင်း ဥပဒေအရ တောင်းဆို၍ **ဒကာ ဒကာမများကို အမှန်တရား ပေးသွားမည်ဖြစ်သည်။ မည်သည့် ဒကာ ဒကာမ၏ လာဘ်လာဘများကိုမှ ငဲ့ကွက်ကြလိမ့်မည်မဟုတ်။**

( စ ) ၂၁-ခု၊ နယုန်လဆန်း ၈-ရက်နေ့က သံဃာ့အစည်းအဝေးပွဲကြီးမှ ဆွေးနွေးရန် ဖိတ်ခေါ်ခဲ့ပြန်သည်။ မည်သူမှ လာရောက်၍ မဖြေရှင်းခဲ့ကြပါ။

(ဆ) အနိုင်ယူလိုသောသဘောဖြင့် အလယ်တိုက်ဆရာတော်ဘုရားကြီးရဲ့ ဩဝါဒစာတမ်းကို အလွဲသုံးစား သူတို့သဘောကျပြုပြင်၍ သင်တန်းကို ပြန်ဟောခဲ့သည်။ မတရားတဲ့အတွက် အစိုးရက အပိတ်ခံခဲ့ရသည်။

( ဇ ) ဆရာတော်ကြီးများကို ထောက်ခံချက်လက်မှတ် လျှောက်ထား၍ ပြန်ဖွင့်ရန် ကြိုးစားခဲ့ကြပြန်သည်။ ဒါလဲ မှုမမှန်တဲ့အတွက် အလကားပဲ ဖြစ်ရပြန်သည်။

( ဈ ) ရန်ကုန်မြို့၌ အစိုးရထံ "အချက်ကြီး ၅-ချက်ကို မဟောပါ။ ၂-လမျှသာ နေပါ့မည်" လို့ အာမခံပေး၍ ဟောပြောရတာကိုပင် သတင်းစာမှ မဟုတ်မဟပ် ကြွား၍ ဖော်ပြခဲ့သည်။

(ည) "သင်တန်းသူ-သင်တန်းသားများကို သံဃာတော်များက နှောင့်ယှက်လို့ သင်တန်းမဟောရတာ။ ဘယ်ဆရာတော်ကြီးက မထောက်ခံလို့ မဟောရတာ" စသည်ဖြင့် မဟုတ်မဟပ် လုပ်ဇာတ်ထွင်ပြီး သံဃာတော်များကို မုန်းတီးအောင် ဝါဒဖြန့်ခဲ့ကြသေးသည်။ မေတ္တာရှယ်လို့ စွပ်စွဲကြသည်။

အဲဒါလို မဟုတ် မတရား ဆောင်ရွက်မှု၊ ဝါဒဖြန့်ပြောမှုတွေကြောင့် ယနေ့တိုင် သင်တန်းကြီးကို ပြန်လည်မဟောနိုင်ခြင်း ဖြစ်သည်။ သံဃာတော်များကိုသာ အပြစ်ဖို့ခဲ့ကြသည်။

အမှန်မှာ (မောင်ကြင်ရွှေ)ရဲ့ သောဝစသာတာဂုဏ်မရှိမှု၊ မာနကြီးမှု၊ သံဃာတော်များအပေါ်၌ အာဃာတထား၍ မထီလေးစား ပြုမှုချက်တွေကြောင့် သံဃာတော်များနဲ့ ပြေလည်မှုမရဘဲ သင်တန်းကြီး ပြန်လည်မဖွင့်နိုင်ခြင်းဖြစ်သည်။

(ဠ) ပခုက္ကူသံဃာတော်များမညီညွတ်လို့ တခြားမြို့ရွာရှိ သံဃာ့အဖွဲ့အစည်းများထံ အကူအညီတောင်းခံ၍ ဆောင်ရွက်ရမည့် အခြေအနေ ရောက်ခဲ့လျှင် ပခုက္ကူသံဃာတော်များမှာ ရှက်ဖွယ်လိလိ ဖြစ်မည်ကိုလည်း စိုးရိမ်မိကြသည်။

( ဠ ) ဒါ့ကြောင့်မို့ မိမိတို့ မြို့ရွာအပေါ်၌ ကျရောက်လာသော သာသနာ့ တာဝန်ကို မဆောင်ရွက်ပါက ( **အဘဘုရားရဲ့ သားဆိုးသားမိုက်သားယုတ်မာသဖွယ် ဖြစ်ကြရမည်ဖြစ်၍** ) ဒကာဒကာမများ၏ လာဘ်အပူဇော်ကို မငဲ့ကြဘဲ **အဘဘုရားရဲ့ ရန်သူ မောင်ကြင်ရွှေ** ၏ ဘုရားမဟောသော တရားသဘောတို့ကို ဘုရားသားတော်ပီပီ ညီညီညွတ်ညွတ်ဖြင့် ကာကွယ်ကြရန် သံဃာတော်များအား သတိပေး လျှောက်ထားပါသည်။

**သတိ။** ။ဤကြေညာချက်စာတမ်းဖြင့် သံဃသမဂ္ဂ သဘောထားနှင့် မောင်ကြင်ရွှေသဘောထားများကို လေ့လာဝေဖန်ကြ၍ အမှန်ဘက်သို့ ဦးညွတ်နိုင်ကြပါစေ။

သံဃသမဂ္ဂ၊ ပခုက္ကူခရိုင်။

(၂၆- ၇- ၆၁) နေ့ ရေစကြိုမြို့၊ ရန်အောင်မင်္ဂလာ စာပုံနှိပ်တိုက်တွင် ရိုက်နှိပ်သည်။

### သံဃသမဂ္ဂမှ ထုတ်ပြန်အပ်သော-

## ကြေညာချက် ( ၁ )

**သံဃာတော်အရှင်သူမြတ်တို့ဘုရား -**

- ဓမ္မသတင်းစာလွှာပါ အချက်ကြီး (၅) ချက်၏ တိကျမှန်ကန်သော အဖြေမှန်ကို ရရှိရေးအတွက် ဆက်လက်ဆောင်ရွက်သွားကြပါမည်။
- နောက်ထပ် သံဃာ့အစည်းအဝေးပွဲ မပြုလုပ်နိုင်မီအတွင်း တပို့တွဲလ ပြည့်ကျော်(၂)ရက်နေ့ သံဃသမဂ္ဂအစည်းအဝေးပွဲကြီးမှ ဆုံးဖြတ်အတည်ပြုခဲ့သော ဆုံးဖြတ်ချက်များကို အကောင်အထည်ပေါ်အောင် မိမိတို့ တိုက်တာ ဥပဒေအတွင်းကနေပြီး ဆောင်ရွက်လုပ်ကိုင်သွားကြပါမည်။
- ရှေ့ဆောင်ရွက်လုပ်ကိုင်မည့် အစီအစဉ်များကိုလည်း သံဃာထုဆန္ဒအရ ဆောင်ရွက်လုပ်ကိုင်သွားကြပါမည်ဘုရား။
- သံဃသမဂ္ဂအစည်းအဝေးပွဲကို စာမေးပွဲဖြေဆိုပြီး မကြာမီကျင်းပနိုင်ရန် ကြိုးစားဆောင်ရွက်ပါမည်။

( သတိ ) သံဃာထု ညီညွတ်ကြ။ သာသနာရေးကို အားပေးကြ။ ဗုဒ္ဓဝါဒကျမ်းလာဓမ္မနှင့် ဆန့်ကျင်သော အယူဝါဒများကို ဘုရားမျက်နှာတော်ကို ထောက်ထား၍ တားဆီးကာကွယ်ကြ။

အမှူဆောင်သံဃာတော်များ
သံဃသမဂ္ဂ၊ ပခုက္ကူခရိုင်။

၂၀-ခုနှစ်၊ တန်ခူးလဆန်း (၆)နေ့က

## မဟာသောတုဇနများက ကပ်သောစာတမ်းမိတ္တူ။

သံဃာသမဂ္ဂအမှုဆောင်များသို့

ဓမ္မသတင်းစာလွှာ၏ အဖြေမှန်ရရှိရေးကို ဆက်လက်မဆောင်ရွက်ကြပြီလော၊

ကြောက်ရွံ့၍ နောက်တွန့်သွားကြပြီလော၊

အာဏာနည်စိတ်ပျောက်၍ ထဘီဝတ်ချင်စိတ် ပေါက်ကုန်ပြီလော၊

အာဏာနည်ပီပီ တည်ကြည်သောစိတ်ထားဖြင့် ဆက်လက် ဆောင်ရွက်ကြပါ၊

သင်တို့၏နောက်က ကျွန်ုပ်တို့ အသင့်ရှိနေသည်၊

အကယ်၍ သင်တို့နောက်ဆုတ်ကြလျှင် ငါတို့ သောတုဇနများက လက်သံပြောင်ပြောင် ဆောင်ရွက်ကြရန် အသင့်။

ပုံ/ မဟာသောတုဇနများ

၂၁-ခုနှစ်၊ တန်ခူးလဆန်း (၁၀)နေ့ ည

## မဟာသောတုဇနများက ကပ်သောပိုစတာစာတမ်း

သံဃသမဂ္ဂအမှုဆောင်များသို့

၁။ သင်တို့သည် နှစ်ဟောင်းကုန်လို့ နှစ်သစ်ပြောင်းသော်လည်း ငြိမ်ချက်ကောင်းလှချည့်လား၊
၂။ ပခုက္ကူသံဃာတော်များ၏ မျက်နှာကို အိုးမဲမသုတ်ကြပါနဲ့၊
၃။ မှားယွင်းသော တရားလမ်းစဉ်ကို ပြုပြင်ရန်မှာ သင်တို့နှင့် ငါတို့ တာဝန်သာဖြစ်သည်၊
၄။ သင်တို့ နောက်ဆုတ်လျှင်လည်း အတိအလင်း ကြေညာကြပါ၊
၅။ ငါတို့သည် ဖြတ်လမ်းက လက်သံပြောင်ပြောင် ချေဖျက်သုတ်သင်သွားကြရန် အသင့်။

ပုံ/ မဟာသောတုဇနအဖွဲ့၊ ပခုက္ကူမြို့။

**သံဃသမဂ္ဂမှ ထုတ်ပြန်အပ်သော-**

# ကြေညာချက် ( ၂ )

သံဃာတော်အရှင်မြတ်တို့ဘုရား -

- အဘမြတ်စွာဘုရားသည် မိစ္ဆာဝါဒများကို မေတ္တာတော်ဖြင့်သာ နှိမ်နင်းတော်မူ၍ အောင်မြင်ခြင်းကို အရယူတော်မူသကဲ့သို့ သံဃသမဂ္ဂကလည်း အဘဘုရား လမ်းစဉ်အတိုင်း ကြိုးစား ဆောင်ရွက်လျက် ရှိကြပါသည်။
- ပခုက္ကူသံဃာတော်များ၏ မျက်နှာကို အိုးမဲသုတ်ခံရခြင်းသည် အားလုံးသော သံဃာတော်များ၏ ကြောင့်ကြမဲ့နေခြင်းကြောင့်သာ ဖြစ်ပါသည်။
- သံဃသမဂ္ဂသည် ဓမ္မသတင်းစာလွှာပါ အချက်ကြီး(၅)ချက်၏ ခိုင်လုံ တိကျသော အဖြေမှန်ကို မရမခြင်း နောက်မဆုတ်ကြပါ။ ရရှိရန် အင်တိုက်အားတိုက် ဆောင်ရွက်ဆဲ-ဆောင်ရွက်လတ္တံ့ ဖြစ်ပါသည်။
- သံဃသမဂ္ဂ၏ အေးဆေးစွာ လုပ်နေသည့် လုပ်ငန်းစဉ်ကို သဘောတူ ထောက်ခံသောအနေဖြင့် ပိုစတာကပ်ခြင်းအမှုကို မပြုကြပါရန် မေတ္တာရပ်ပါသည်။
- မဟာသောတဇနအဖွဲ့သည် သံဃသမဂ္ဂ၏နောက်က ကောင်းအတူ ဆိုးအတူ တညီတညွတ်တည်း လိုက်တော်မူခဲ့ကြပါ။
- **လုပ်ငန်းစဉ်အရပ်ရပ်ကို တင်ပြဖို့အတွက် သံဃသမဂ္ဂ အစည်းအဝေးပွဲကြီးကိုလည်း လိုအပ်သည့်အခါ ကျင်းပပြုလုပ်ရန် ဆုံးဖြတ်ထားကြပါသည်။**

**သံဃသမဂ္ဂ၊ ပခုက္ကူခရိုင်။**

**ရက်စွဲ။ ။၂၁-၃၊ တန်ခူးလဆန်း (၁၃) ရက်။**

## သံဃသမဂ္ဂမှ ထုတ်ပြန်အပ်သော-

# ကြေညာချက် ( ၃ )

သံဃာတော်အရှင်မြတ်တို့ဘုရား -

- ပခုက္ကူမြို့ ကျယ်ပြန့်မည်စိုးသော ဝိပဿနာဗဟိုအမှုဆောင်အဖွဲ့မှ အောက်ခြေလွတ်ကြေညာချက်နှင့် စပ်လျဉ်း၍ သံဃသမဂ္ဂမှ ဝိပဿနာဗဟို အမှုဆောင်အဖွဲ့သို့ အလုံးစုံသောရဟန်းရှင်လူတို့၏ ရှေ့မှောက်၌ ကျယ်ပြန့်စွာ ဆွေးနွေးမေးမြန်းလိုကြောင်းကို ခရိုင်သာသနာရေးအရာရှိမှတစ်ဆင့် စာပေးတောင်းဆိုထားပါသည်။
- အကယ်၍ မေးမြန်းဆွေးနွေးရန် ဝိပဿနာဗဟိုအမှုဆောင်အဖွဲ့က လက်ခံခဲ့သော် သံဃာတော်များအားလုံးကို အကြောင်းကြား လျှောက်ထားပင့်ပါမည်။
- သံဃသမဂ္ဂမှ မေးမြန်းဆွေးနွေးရန် တောင်းဆိုချက်ကို လက်မခံခဲ့သော် သံဃသမဂ္ဂ သံဃာတော်များအားလုံး၏ အမိန့်ဖြင့် ဟောပြောသည့်ပုဂ္ဂိုလ်နှင့်တကွ ဝိပဿနာဗဟိုအမှုဆောင်အဖွဲ့ကို ဆင့်ခေါ်၍ မေးမြန်းဆွေးနွေးကြပါမည်။

➢ သံဃသမဂ္ဂမှ ဆင့်ခေါ်ချက်ကို မနာခံဘဲ မလာခဲ့သော် အားလုံးသော ရဟန်းရှင်လူတို့၏ ဆန္ဒအတိုင်း အပြတ်အသတ် ဆောင်ရွက်ကြပါမည်။

➢ ပခုက္ကူဂိုဏ်းဝင် ကျေးဇူးရှင်ဆရာတော်များနှင့်တကွ အားလုံးသော ရဟန်းရှင်လူတို့၏ မျက်နှာတော်ကို အိုးမဲသုတ်သည့် သဖွယ်ဖြစ်သော၊ အနယ်နယ်မှ ကဲ့ရဲ့ခံရဖွယ်ဖြစ်သော ပခုက္ကူမြို့ ဝိပဿနာဗဟိုအမှုဆောင်အဖွဲ့က ဝိပဿနာဆရာကြီး၏ ညွှန်ကြားချက်အရ ကြေညာစာတမ်းရိုက်၍ မထီလေးစားကံသုံးပါးတို့ဖြင့် ပြစ်မှားကျူးလွန်နေသည်ကို ရဟန်းတော်တိုင်းလျစ်လျူရှုတော်မမူကြဘဲ တရားနည်းလမ်းဖြင့် ညီညီညွတ်ညွတ် နှိမ်နင်းဆုံးမရန်အချိန်သို့ ရောက်နေပါပြီဘုရား။

အမှုဆောင်သံဃာတော်များ<br>
သံဃသမဂ္ဂ၊ ပခုက္ကူခရိုင်။<br>
ရက်စွဲ ၂၁-၂-၆၂။

( ဤစာတမ်းအဆုံးတွင်-

“သူတို့အချင်းချင်းဖြစ်နေသည့်ကိစ္စ”။

“သူထီးသူမနှင့် လူကြီးများ ထိခိုက်နစ်နာမှု ကြောက်သောကြောင့် မဖြစ်စေရ”။

“မြေပေါ်တိုက်ပေါ်၌ ထိခိုက်ဖန်ထိခိုက်ဖူးလည်း ဖြစ်ကြောင်း” ဟူ၍ မှတ်ချက်သုံးခု ပါရှိသေးသည်။ )

သံဃသမဂ္ဂမှ ထုတ်ပြန်အပ်သော-

# ကြေညာချက် ( ၄ )

## သံဃသမဂ္ဂ၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်

(၁) ပခုက္ကူသာသနာ့မြေပေါ်၌ ဟုတ်မှန်သော ဗုဒ္ဓ၏ ဓမ္မကွန်ထာဝစဉ် ထွန်းတောက်စေရန်။

(၂) ဒါယကာ၊ ဒါယိကာမများအား ယုံမှားသံသယမရှိ အမှန်တရား ရရှိကြစေရန်။

(၃) သံဃာတော်အရှင်မြတ်တို့က မှားယွင်းသော တရားလမ်းစဉ်များကို ဝိုင်းဝန်းတားမြစ်တော်မူနိုင်ကြစေရန်။

ဤရည်ရွယ်ချက်တို့ဖြင့်----

(က) ဝိပဿနာသင်တန်းမှ ချွတ်ချော်မှားယွင်းသော တရားလမ်းစဉ်များကို ရှင်လူအများ သိစေရန် **ဓမ္မသတင်းစာလွှာကို** ၁၃၂၀-ခုနှစ်၊ တပို့တွဲလပြည့်နေ့က ပုံနှိပ်ကာ ထုတ်ဝေခဲ့သည်။

(ခ) ဓမ္မသတင်းစာလွှာ မထုတ်ဝေမီ သံဃသမဂ္ဂအဖွဲ့ဝင်တစ်ပါးက ဓမ္မသတင်းလွှာပါ ပြဿနာကို တိုးတိုးတိတ်တိတ် ဖြေရှင်းခိုင်းခဲ့ဖူးသည်။ ၃-လကျော်မှ မဖြေဆိုနိုင်ကြောင်း ပြန်စာရရှိသည်။ (**ဤအကြောင်းကို ဒါယကာ၊ ဒါယိကာမများ မသိခဲ့ကြ။**) ထိုသို့မဖြေရှင်းသဖြင့် ဓမ္မသတင်းစာလွှာ ထွက်ပေါ်လာခြင်းဖြစ်သည်။

(ဂ) ၄င်းနောက် ဟောပြောသည့်ပုဂ္ဂိုလ်ကိုယ်တိုင် ခိုင်လုံသော ဖြေရှင်းချက် ထုတ်ဝေပေးရန် ပိုစတာများဖြင့် လူသိရှင်ကြား တောင်းဆိုခဲ့သည်။ မသက်ဆိုင်သူ ဝိပဿနာဗဟိုအမှုဆောင်အဖွဲ့ဝင်များက ရယ်စရာကြေညာချက် ထုတ်ဝေခဲ့သည်။

(ဃ) တာဝန်ရှိသူကိုယ်တိုင် ကျယ်ပြန့်စွာ ဆွေးနွေးရန် စာဖြင့် ဖိတ်ခေါ်ခဲ့သည်။ **(လက်မခံကြပါ။)**

(င) "ပညာရှိမှန်က ကိုယ်မှား တာဝန်ခံရမယ်။ မေးမြန်းချင်လျှင် လူမသေသေးဘူး။ ၄တ်တုတ်ကြီးရှိနေသေးတယ်။ မေးမြန်းလှည့်ကြပါ"ဟုဆိုကာ **သူပြောတာ သူဟောတာ မှန်သယောင်ယောင်ဖြင့်** လူဘုံအလယ်မှာ ကိုယ်ရည်သွေးခဲ့သော သင်တန်းဆရာသည် ၄င်းစကားများကို မေ့ပျောက်နေဟန်ရှိသည်။

(စ) သို့ဖြစ်၍ ဝိပဿနာသင်တန်းဆရာ၏ ပညာရှိလမ်းစဉ် မဟုတ်ကြောင်းကို ဖော်ထုတ်ရန် နယုန်လဆန်း (၈)ရက်နေ့က ရွှေကူဘုရားတန်ဆောင်းထဲ၌ မြို့လုံးကျွတ် အစည်းအဝေးပွဲကျင်းပကာ-

- ဝိပဿနာသင်တန်းဆရာနှင့် ဗဟိုအမှုဆောင်အဖွဲ့ဝင်များ၏ လုပ်ငန်းစဉ်ကိုလည်းကောင်း၊ သံဃာတော်များအား ဓမ္မန္တရာယ် ကွန်မြူနစ်ဟု စွပ်စွဲပြောဆိုမှု၊ အလဇ္ဇီ ဒုဿီလ စသည်ဖြင့်လူစု၍ ဝေဖန်ရှုတ်ချမှုကိုလည်းကောင်း၊ သင်တန်းဆရာ ပညာရှိအမည်ခံလျှင် ပညာရှိပီပီ ဖြေရှင်းပါ၊ မှားသူက ဝန်ချ တောင်းပန်ရန် သို့မဟုတ် မှားသူက ပခုက္ကူမြို့မှ ထွက်ခွာသွားကြရန် ကတိပေး၍ ပြတ်သားစွာ သံဃသမဂ္ဂ ဖိတ်ခေါ်သံကိုလည်းကောင်း မြို့လူထုအား တင်ပြခဲ့သည်။
- အမှားအမှန်မသိဘဲ ထင်ရာစိုင်းနေသော သင်တန်းဗဟိုအမှုဆောင်များအား သာသနပစ္စတ္ထိက=သာသနာ့ရန်သူဟု အသိ

အမှတ်ပြုရန်ကိုလည်းကောင်း၊ ခိုင်လုံသော အဖြေမှန်ရရှိရေးအတွက် ဝိနိစ္ဆယခုံရုံးဆရာတော်များထံ အဆုံးအဖြတ်ခံယူရန်ကိုလည်းကောင်း အများသဘောတူ ဆုံးဖြတ်ခဲ့ကြသည်။

## ဝိပဿနာသင်တန်းဆရာနှင့် ဗဟိုအမှုဆောင်အဖွဲ့၏ အပြောနှင့် လုပ်ငန်းစဉ်

- သင်တန်းကြီးပွားတာ မနာလို၍ ဓမ္မသတင်းစာလွှာကို ထုတ်ဝေသည်ဟု စွပ်စွဲပြောဆိုကြသည်။
- ခိုင်လုံသောအဖြေ မပေးမူ၍ သွယ်ဝိုက်သောနည်းဖြင့် လူထုနှင့် သံဃာများအား ရန်တိုက်ပေးနေကြသည်။
- လူစု၍ သံဃာတော်များအား ဝေဖန်ရှုတ်ချကာ ပခုက္ကူသာသနာအားနည်းအောင် ပြုလုပ်နေကြသည်။
- ကြားနေသံဃာများအမည်ဖြင့် သံဃာသင်းကွဲအောင် စာကပ်၍ လံကြုတ်ဇာတ်ခင်းကြသည်။
- သံဃာတော်များအား ဆွမ်းကွမ်း စသည် မရအောင် လှုံ့ဆော်နေကြသည်။
- **အလယ်တိုက်ဆရာတော်ဘုရားကြီးနှင့် တပည့်သံဃာများက** သင်တန်းတရားလမ်းစဉ်ကို **ထောက်ခံကူညီ အားပေး သယောင်ယောင်** ဝါဒဖြန့်နေကြ၏။

(အမှန်စင်စစ်မှာ သူတို့ဝါဒဖြန့်သလို မဟုတ်။ အလယ်တိုက်ဆရာတော်ကြီးအား **နိုင်ငံရေးဖြင့် ခြေထိုးလှော်ကြိုက်ထားသည့်အတွက်** သံဃသမဂ္ဂအစည်းအဝေးသို့ အလယ်တိုက်သံဃာများ အကုန်အစင် မကြွရောက်နိုင်ခြင်းသာဖြစ်သည်။ သံဃသမဂ္ဂကို ပညာရှိမှန်သမျှ ထောက်ခံကူညီအားပေးလျက် ရှိနေကြသည်ကို သတိပြုမိကြပါစေ။)

**ကိုယ်ပိုင်ဉာဏ်ဖြင့် အမှားအမှန် ဝေဖန်၍ အမှန်ဘက်သို့ အားပေးကြပါကုန်။**

တိုက်ကြီးသုံးတိုက်အပါအဝင် အများသံဃာ့ဆန္ဒအရ
သံဃသမဂ္ဂ၊ ပခုက္ကူခရိုင်။

သံဃသမဂ္ဂမှ ထုတ်ပြန်အပ်သော-

# ပိုစတာ

ရက်စွဲ- တန်ခူးလပြည့်ကျော် (     )

* အို ဝိပဿနာသင်တန်းကြီး- သင့်ရဲ့ ဟောပြောချက်တွေကို ပြန်လည်ရှင်းလင်း၍ လူသိရှင်ကြား ထုတ်ဝေသင့်သည် မဟုတ်လော၊
* တီးတိုးဝါဒဖြန့်နေခြင်းဖြင့် သင့်ရဲ့ ပြဿနာ ပြေလည်သွားလိမ့်မည်မဟုတ်၊
* အို ဝိပဿနာသင်တန်းကြီး- ငါတို့သည် သင်နှင့် ရင်ဆိုင်ဖြေရှင်းရန်အသင့်၊
* စောင့်မျှော်လျက်

မှတ်ချက်။ ။သင်တန်းသူသင်တန်းသားများနှင့် မဆိုင်။

ပုံ/ သံဃသမဂ္ဂ၊ ပခုက္ကူခရိုင်။

# ဒုတိယအတွင်းဝန်သို့ ပေးစာ

သို့

ဒုတိယအတွင်းဝန်
သာသနာရေးဝန်ကြီးဌာန
အတွင်းဝန်များရုံး၊ ရန်ကုန်မြို့။

အကြောင်းအရာ။ ။ ပူးတွဲပါ ဓမ္မသတင်းစာလွှာ အချက်ကြီး (၅) ချက်တို့ကို မဟာပဒေသ (၄)ပါးနှင့်အညီ ဆုံးဖြတ်ပေးနိုင်ကြရန် ကိစ္စ။

အထက်ပါကိစ္စနှင့် ပတ်သက်၍ ပူးတွဲပါ ဓမ္မသတင်းစာလွှာပါ အချက်ကြီး (၅)ချက်တို့ကို မဟာပဒေသ (၄)ပါးနှင့်အညီ ဆုံးဖြတ်ပေးနိုင်ကြရန်နှင့် လိုအပ်သလို အရေးယူ ကူညီညွှန်ကြားဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံပါသည်။

×××××××××

မိတ္တူကို -

၁။ သာသနာ့ညွှန်ကြားရေးဝန် (ကြီးပွားရေးစီမံမှု)၊ ရန်ကုန်မြို့။

၂။ ဒုတိယသာသနာ့ညွှန်ကြားရေးဝန် (ကြီးပွားရေးစီမံမှု)၊ မန္တလေးမြို့တို့ထံ သိသာရန်နှင့် ပူးတွဲပါ ဓမ္မသတင်းစာလွှာကို လိုအပ်သလို ဆောင်ရွက်နိုင်ရန် ပေးပို့ပါသည်။

သံဃသမဂ္ဂ၊ ပခုက္ကူခရိုင်။

## သံဃာသမဂ္ဂ တွဲဖက်အတွင်းရေးမှူး
## အရှင်ဝိစာရဓမ္မသာမိ (ဝိနယပါဠိပါရဂူ) ၏
## သတိပေး ရှင်းလင်းချက်

သို့/

ခရိုင်ဝန်ရုံး ပခုက္ကူမြို့သို့

(၉-၁၀-၅၉) နေ့စွဲပါ မိတ္တူစာကိုလည်းကောင်း၊ (၁၂-၆-၆၀) နေ့စွဲပါ မိတ္တူစာကိုလည်းကောင်း သိသာရန် ပေးပို့ခဲ့ပါသည်။

(မိတ္တူနှင့်ပေးစာများကိုလည်း အကြိမ်ကြိမ် ပေးပို့ခဲ့ပါသည်။)

အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ အထူးသိစေလိုသည်မှာ ကိုကြင်ရွှေ ကိုယ်တိုင်က 'သံဃာတော်များက ငြိုငြင်မှုဖြစ်သည့်အတွက် သင်တန်းကို မဟောတော့ပါဘူး' ဟု အတိအလင်း ကြေညာပြီး ၁၃၂၀-ခု၊ တပို့တွဲလဆုတ် (၁)ရက်နေ့တွင် ဝိပဿနာသင်တန်းကို ပိတ်ခဲ့ပါသည်။

၎င်းနောက် သံဃာတော်များ၏ ကျေနပ်ခွင့်ပြုချက် မရပါဘဲလျက် ၁၃၂၁-ခု၊ နယုန်လဆုတ် (၁၀)ရက်နေ့ညမှာ ပြန်လည်၍ ဟောပြောပြန်ရာ သံဃာတော်များနှင့် အဓိကရုဏ်း ဖြစ်ပွားမည့်အရေးကို စုံစမ်းသိရှိသဖြင့် လုံခြုံရေးကောင်စီမှ (၁၂-၇-၅၉)နေ့က သင်တန်းကိုပိတ်ပြီး ပုဒ်မ(၁၄၄) ကို ထုတ်ထားခဲ့ရဖူးပါသည်။

တစ်ဖန် ဝိပဿနာသင်တန်းသားများ လှုပ်ရှားလာကြပြန်ရာ လူချင်းခိုက်ရန်ဖြစ်ပွားခြင်း၊ သံဃာတော်များကို ဆဲရေးတိုင်းထွာခြင်း စသော အမှုများ ဖြစ်ပေါ်လာပါသဖြင့် ကြီးကျယ်သော အဓိကရုဏ်းမှု ဖြစ်နိုင်လောက်သော အကြောင်းရှိခြင်းကြောင့် ဒုတိယအကြိမ် ပုဒ်မ(၁၄၄)ထုတ်ကာ ပိတ်ခဲ့ရဖူးကြောင်းကို သိသာရန် ထပ်မံ၍ လေးနက်စွာ သတိပေးအပ်ပါကြောင်း-။

ပုံ- အရှင်ဝိစာရဓမ္မသာမိ
အရှင်ဝိစာရဓမ္မသာမိ (ဝိနယပါဠိပါရဂူ)
တွဲဖက်အတွင်းရေးမှူး၊ သံဃာသမဂ္ဂသာသနာပြုအဖွဲ့ကြီး
ပခုက္ကူခရိုင်၊ ပခုက္ကူမြို့။

## ပဋိညာဉ် ဝန်ခံချက် ပေးခြင်း

နေ့စွဲ- ၁၃၂၂-ခု၊ နယုန်လဆုတ် - ရက်

**ပခုက္ကူမြို့၊ ဝိပဿနာသင်တန်းနှင့် စပ်လျဉ်းသည့်**
**ပခုက္ကူမြို့၊ စာသင်တိုက်ကြီး ၃-တိုက်၊ နာယကဆရာတော်ကြီး ၃ပါး**
**သို့မဟုတ် ကိုယ်စားလှယ်တော် ဆရာတော် ၃-ပါး၏**
**ဆုံးမဩဝါဒအတိုင်း လိုက်နာပါမည်ဟု ပဋိညာဉ်ဝန်ခံချက်ပေးခြင်း**

၁၃၂၂-ခုနှစ်၊ ကဆုန်လပြည့်နေ့ (၉-၅-၆၀) တနင်္လာနေ့ နံနက် (၉/၃၀)အချိန် ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်တွင် မဟာဝိသုတာရာမတိုက် ဆရာတော်ဘုရားကြီး၏ ရှေ့တော်မှောက်၌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု၊ ဒုတိယ ဝန်ကြီးချုပ် ဗိုလ်မှူးအောင်၊ ခရိုင်ဝန်၊ ခရိုင်ရဲဝန်၊ သာသနာရေးအရာရှိ၊ ဝိပဿနာသင်တန်းသားများနှင့် ပရိသတ်များရှေ့တွင် ဝိပဿနာသင်တန်းကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးကြပြီးနောက်--

နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု မေတ္တာရပ်ခံခဲ့သည့်အတိုင်း အဆိုပါ ဝိပဿနာသင်တန်းကိစ္စနှင့် ပတ်သက်၍ ရှေ့တွင် လိုက်နာဆောင်ရွက်သွားရန် ကိစ္စအဝဝတို့ကို ပခုက္ကူမြို့ပေါ်ရှိ တိုက်ကြီး ၃-တိုက် ဆရာတော်

၃-ပါး၏ သို့မဟုတ် တိုက်ကြီး ၃-တိုက် ဆရာတော်ကြီး ၃-ပါး၏ ကိုယ်စားလှယ်တော် ဆရာတော် ၃-ပါး၏ ဩဝါဒအတိုင်း လိုက်နာဆောင်ရွက်ပါ့မည်ဟု ပဋိညာဉ်ပြုလုပ်ရန် ဝန်ကြီးချုပ် ဦးနုက တာဝန်လွှဲအပ်ခြင်းခံရသော ဂေါပကအဖွဲ့ဝင် ၃-ဦးတို့ရှေ့တွင် လက်မှတ်ရေးထိုးကာ ပဋိညာဉ်ဝန်ခံချက် ပြုလုပ်ကြပါကြောင်း ။

ပုံ/ ဦး-----

ဥက္ကဋ္ဌ

သံဃသမဂ္ဂ၊ပခုက္ကူခရိုင်။

ဦးကြင်ရွှေ
ဝိပဿနာသင်တန်းဆရာ
ပေါင်းလောင်ရှင်၊ ပခုက္ကူမြို့။

ဦး--------
အတွင်းရေးမှူး
သံဃသမဂ္ဂ၊ ပခုက္ကူခရိုင်။

<u>အသိသက်သေများ</u>

<u>ကိုယ်တိုင်လက်မှတ်</u>

၁။ ဦးဘိုးလှည့် မဟာဝိဇယာရာမတိုက် ဂေါပကအဖွဲ့ ---------
၂။ ဦးလှ မဟာဝိသုတာရာမတိုက် ဂေါပကအဖွဲ့။ ---------
၃။ ဦးစံဦး သာသနဝိပုလာရာမတိုက်ဂေါပကအဖွဲ့။ ---------

**မှတ်ချက်။** လက်မှတ်ထိုးခြင်းမရှိ။
ဦးကြင်ရွှေမလာရောက်ဟုသိရသည်။

# ဒုတိယအတွင်းဝန် ဦးဘဆွေ၏
# အမှာစာ

**စကားပြောသံကြိုး--**
**ဝန်ကြီးဌာန အတွင်းဝန်များရုံး ၂၆၆**
**ဒုတိယအတွင်းဝန် ။ ၂၆၁**

အမှတ် ၂၈၄- ဒညှ- ၅၉ (၁၀၇၉/၁၁၀၀)
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးဝန်ကြီးဌာန
အတွင်းဝန်များရုံး
ရန်ကုန်မြို့

ရန်ကုန်မြို့၊ ၁၉၆၁-ခု၊ မေလ ၁၇- ရက်။

အမှာစာ

အကြောင်းအရာ။ ။ ပခုက္ကူမြို့၊ ဦးကြင်ရွှေ၏ ဝိပဿနာ သင်တန်းကိစ္စ။

အထက်ပါအကြောင်းအရာနှင့်ပတ်သက်သည့်-

(၁) ပခုက္ကူမြို့၊ ကျောက်မီးကျောင်းတောရတိုက်၊ သာသနရက္ခိတကျောင်း၊

သာသနာပြုသံဃာသမဂ္ဂ၊ တွဲဖက်အတွင်းရေးမှူးဆရာတော်ထံမှ ၁၉၆၁-ခု၊ မေလ -၆-ရက် နေ့စွဲပါ စာမိတ္တူနှင့်တကွ၊

(၂) ပခုက္ကူမြို့၊ သံဃာသမဂ္ဂသာသနာပြုအဖွဲ့၊ အထွေထွေအတွင်းရေးမှူးချုပ် ဆရာတော်ထံမှ ၁၉၆၁-ခု၊ ဧပြီလ -၂၆-ရက် နေ့စွဲပါ စာမိတ္တူတို့ကို သိသာရန်နှင့် လိုအပ်သလို အရေးယူ ဆောင်ရွက်နိုင်ရန် ပေးပို့ပါသည်။

---(လက်မှတ်)--

(ဘဆွေ)

ဒုတိယအတွင်းဝန်

၁၉၆၁- ၅- ၁၇

ခရိုင်ဝန်။

ပခုက္ကူမြို့။

မိတ္တူကို-(၁) ပခုက္ကူမြို့၊ ကျောက်မီးကျောင်းတောရတိုက်၊ သာသနရက္ခိတကျောင်း၊ သာသနာပြုသံဃာသမဂ္ဂ၊ တွဲဖက်အတွင်းရေးမှူး ဆရာတော်ထံသို့ သိသာတော်မူရန် ဆက်ကပ်ပါသည်ဘုရား။

(၂) ပခုက္ကူမြို့၊ သံဃာသမဂ္ဂသာသနာပြုအဖွဲ့၊ အထွေထွေအတွင်းရေးမှူးချုပ် ဆရာတော်ထံသို့ သိသာတော်မူရန် ဆက်ကပ်ပါသည်ဘုရား။

သောင်း/၁၆။

## မဟာဝိသေသသံဃာ့အဖွဲ့၏ ဆုံးဖြတ်ချက်ကို ပေးပို့ခြင်း

သို့

ခရိုင်ဝန်

ခရိုင်ဝန်ရုံး

ပခုက္ကူမြို့။

ရက်စွဲ။ ။၂၃-ခု၊ နယုန်လဆန်း (၅) ရက်။ (၁၈-၅-၆၁)။

အကြောင်းအရာ။ ။ဆုံးဖြတ်ချက်ပေးပို့ခြင်း။

အကြောင်းကြားသိစေအပ်ပါသည်-

သံဃသမဂ္ဂ သာသနာပြုအဖွဲ့ကြီးမှ ဦးကြင်ရွှေ၏ ဟောစဉ်ကို လေ့လာရာဝယ် အမှားများစွာကို တွေ့ရှိရသဖြင့် မြန်မာနိုင်ငံအတွင်းရှိ ဆရာတော်များနှင့် သာသနာပြုအဖွဲ့များသို့ ၎င်းအမှားများကို တင်ပြ၍ အဆုံးအဖြတ်ကို တောင်းခံခဲ့ပါသည်။

အဖွဲ့အသီးသီးမှ အဖြေများကိုလည်း ရရှိခဲ့ပါသည်။

ထိုမျှနှင့်ပင် အားရကျေနပ်မှုမရှိသေး၍ ပခုက္ကူမြို့၊ မြို့မဝိနိစ္ဆယ ဌာနသို့ အမှားအမှန် ဆုံးဖြတ်ပေးရန် တရားစွဲဆိုခဲ့ပါသေးသည်။

ရရှိပြီးအဖြေလွှာများထဲမှ ဦးကြင်ရွှေ၏ ဟောစဉ်အမှားများကို သိသာရန် မဟာဝိသေသသံဃာ့အဖွဲ့မှ ပေးပို့သောအဖြေလွှာကို ပေးပို့လိုက်ပါသည်။

သံဃသမဂ္ဂ၏ ဆုံးဖြတ်ချက်ကို ဝိနိစ္ဆယရုံးတော်က ခေါ်ယူစစ်ဆေးမှသာလျှင် ရှင်းလင်းတင်ပြပါမည်။

၎င်းအဖြေလွှာကို ကြည့်ရှုပြီးက ပြန်လည်ပေးပို့ရန် မေတ္တာရပ်ခံပါသည်။

ပုံ/ သံဃသမဂ္ဂ

**လက်ရေးမှတ်ချက်မှာ -**

သာသနာရေးအရာရှိက ဤစာရွက်ကို မည်သူ့ထံမှ ရရှိပါသလဲ။ ဘယ်သဘော ရှိပါသလဲ။

--လက်မှတ်--

၁၉-၅-၆၁

# မဟာဝိသေသသံဃာ့အဖွဲ့၏ ဆုံးဖြတ်ချက်

သို့

သံဃသမဂ္ဂအဖွဲ့ကြီး
ပခုက္ကူမြို့-

တန်ခူးလဆန်း (၁၃) ရက်

ပခုက္ကူမြို့ သံဃသမဂ္ဂအဖွဲ့ကြီး၏ "ဘုရားဟော်ဖော် ပါဠိတော် အဋ္ဌကထာ ဋီကာတို့နှင့်အညီ အဆုံးအဖြတ် အကူအညီ ပေးသနားတော်မူပါ"ဟု ချောင်းဦး-မြောင်နယ်လုံးဆိုင်ရာ မဟာဝိသေသသံဃာ့အဖွဲ့ကြီးသို့ လျှောက်ထားတောင်းပန်ချက်အရ "တထာဂတေန အဘာသိတံ အလပိတံ တထာဂတေန ဘာသိတံ လပိတံ" ဟု ဘေဒကရဝတ္ထု လာသည်နှင့်အညီ မြတ်စွာဘုရား မဟောအပ် မပြောအပ်သည်ကို ဘုရားဟောယောင်ယောင် လုပ်ဆောင်ပြီး ပခုက္ကူမြို့ ဝိပဿနာသင်တန်းဆရာကြီး ဟောပြောနေသော အမှားတော်ပုံ (၅)ချက်တို့သည် ပါဠိတော် အဋ္ဌကထာ ဋီကာတို့နှင့် မညီမညွတ် ချွတ်ချော်တိမ်းစောင်း မကောင်းသော အယူဝါဒဖြစ်ကြောင်းကို ချောင်းဦး-မြောင်နယ်လုံးဆိုင်ရာ မဟာဝိသေသသံဃအဖွဲ့ကြီးက ပခုက္ကူမြို့ သံဃာ့သမဂ္ဂအဖွဲ့ကြီးအား အဆုံးအဖြတ် အကူအညီပေး၍ ထောက်ခံလိုက်ပါကြောင်း--။

အရှင်ပညိန္ဒြိယ
အဖွဲ့ဥက္ကဋ္ဌ
မြောင်မြို့နယ် ဝိနည်းမိုရ်ဆရာတော်
မြောက်ကျောင်း၊ ရွှေပန်းရွာ။
အရှင်ရေဝတ
အဖွဲ့အကျိုးဆောင်
ချောင်းဦးမြို့နယ် ဝိနည်းမိုရ်ဆရာတော်
သာစည်ကျောင်း၊ မင်းခေါင်ရွာ။

## ချောင်းဦး - မြောင်လုံးဆိုင်ရာ
## မဟာဝိသေသ သံဃာ့အဖွဲ့ကြီး၏ ဆုံးဖြတ်ချက်

အခန်း(၁)အရ ဆုံးဖြတ်ချက်= ခန္ဓာငါးပါးစလုံး ဒုက္ခသစ္စာ မထိုက်ကြောင်း
ဝိဘင်းပါဠိတော် သစ္စဝိဘင်း၌-

"တတ္ထ ကတမံ ဒုက္ခံ အရိယသစ္စံ၊ ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ မရဏမ္ပိ ဒုက္ခံ၊ သောကပရိဒေဝ ဒုက္ခဒေါမနဿ ဥပါယာသာပိ ဒုက္ခာ၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယမ္ပိစ္ဆံ န လဘတိ၊ တမ္ပိ ဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ" ဟု ဟောတော်မူသောကြောင့်- လောကုတ္တရာစိတ်စေတသိက်များ ဒုက္ခသစ္စာ မထိုက်၍ ခန္ဓာငါးပါး ဒုက္ခသစ္စာဆိုခြင်းသည် မသင့်။

ဝိဘင်းပါဠိတော် သစ္စဝိဘင်း၌-

"ဒုက္ခသစ္စံ သိယာ ပရိတ္တံ၊ သိယာ မဟဂ္ဂတံ၊ နိရောဓသစ္စံ အနာရမ္မဏံ၊ မဂ္ဂသစ္စံ အပ္ပမာဏာရမ္မဏံ" ဟု လာ၏။ ထို့ကြောင့် ခန္ဓာငါးပါးစလုံးကို ဒုက္ခသစ္စာဟု ဖွဲ့ခြင်းသည် မသင့်။

**အခန်း(၁)အရ ဆုံးဖြတ်ချက်= စူဠသောတာပန်ဖြစ်ခါမျှဖြင့် ဂတိမမြဲကြောင်း**

ဝိသုဒ္ဓိမဂ် မဟာဋီကာ မဂ္ဂါမဂ္ဂ ဉာဏဒဿန ဝိသုဒ္ဓိဝဏ္ဏနာ၌-

"အပရိဟီနကင်္ခါဝိတရဏဝိသုဒ္ဓိကော ဝိပဿကော
လောကိယာဟိ သီလသမာဓိပညာသမ္ပဒါဟိ သမန္နာဂတတ္တာ
ဥတ္တရိ အပ္ပဋိဝိဇ္ဈန္တောပိ သုဂတိပရာယနော စ ဟောတီတိ
ဝုတ္တံ 'နိယတဂတိကော'တိ။

တတောဧဝ စူဠသောတာပန္နောနာမ ဟောတိ" ဟု လာရှိ၏။ ထို့ကြောင့် စူဠသောတာပန်ဖြစ်ခါမျှဖြင့် ဂတိမြဲ၏ဟု တထစ်ချယူခြင်းသည် မသင့်။

**အနက်ကား**

အပရိဟီနကင်္ခါဝိတရဏဝိသုဒ္ဓိကော= မဆုတ်ယုတ် မပျက်စီးသော ကင်္ခါဝိတရဏဝိသုဒ္ဓိရှိသော။ ဝိပဿကော= ဝိပဿနာရှုသော ယောဂီ

သည်။ လောကိယာပဟိ သီလသမာဓိပညာသမ္ပဒါပဟိ= စင်ကြယ်သော လောကီ သီလ သမာဓိ ပညာတို့နှင့်။ သမန္နာဂတတ္တာ= ပြည့်စုံသည်၏ အဖြစ်ကြောင့်။ ဥတ္တရိ အပ္ပဋိဝိဇ္ဈန္တောပိ= အထက်ဉာဏ်ထူးတရားထူးကို မသိငြားသော်လည်း။ သုဂတိပရာယနောစ= သုဂတိလျှင် လားရာရှိသည် သာလျှင်။ ဟောတိ= ဖြစ်၏။ ဣတိ-တသ္မာ= ထို့ကြောင့်။ နိယတ ဂတိကောတိ= မြဲသောဂတိရှိ၏ဟူ၍။ ဝုတ္တံ= မိန့်ဆိုအပ်၏။ တတောဧဝ= ထိုသို့ဂတိမြဲခြင်းကြောင့်ပင်လျှင်။ ရှူဋ္ဌသော တာပန္နောနာမ= ရှူဋ္ဌသောတာ ပန်မည်သည်။ ဟောတိ= ဖြစ်၏။'

ဤဋီကာတွင် "အပရိဟီနကာန်ါဝိတရဏာဝိသုဒ္ဓိကော" ဟူသော ပုဒ်ဖြင့် ဤသို့သောအနက်ကို ပြ၏။

၁။ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာတို့ ကင်းမြဲပင် ကင်းကွာဆဲဖြစ်၍ ဤကန်ါ ဝိတရဏ ဝိသုဒ္ဓိ မဆုတ်ယုတ် မပျက်စီးသောသူအားသာလျှင် ဂတိမြဲ သည်ဟု တိုက်ရိုက်ပြ၏။

၂။ ထို့ပြင်- ဤဝိသုဒ္ဓိသည် လောကုတ္တရာ မဟုတ်သေး။ လောကီ မျှသာတည်း။ ထို့ကြောင့် ဆုတ်ယုတ်ပျက်စီးနိုင်သေး၏။ မိမိအလိုလို မသင့်သော နှလုံးသွင်းမိခြင်းကြောင့် ဖြစ်စေ၊ မိစ္ဆာတရားကို နာကြားမိခြင်း ကြောင့် ဖြစ်စေ၊ ယုံမှားမှုဝိစိကိစ္ဆာလည်း ဖြစ်နိုင်သေး၏။ အထင်မှားမှု၊ အယူမှားမှု ဒိဋ္ဌိလည်း ဖြစ်နိုင်သေး၏။ ထိုသို့ဒိဋ္ဌိဝိစိကိစ္ဆာတို့ မြဲမြံစွာ ဖြစ်သောအခါ၌ ဤဝိသုဒ္ဓိသည် ဆုတ်ယုတ်ပျက်စီးလေ၏။ ထိုအခါ၌ကား ဂတိမြဲသည်ဟု မဆိုအပ်ကြောင်းကို ဗျတိရေကနည်း ပြောင်းပြန်နည်းဖြင့် ပြ၏။

ထို့ကြောင့် ရှူဋ္ဌသောတာပန်ဖြစ်ခါမျှဖြင့် ဂတိမြဲ၏ဟု တထစ်ချယူ ခြင်းသည် မသင့်ဟူလို။

**အခန်း(၂)အရ ဆုံးဖြတ်ချက်= နိဗ္ဗာန်၌ ရုပ်ထူးနာမ်ထူး မရှိကြောင်း**

(၁) "ဝိညာဏံ အနိဒဿနံ၊ အနန္တံ သဗ္ဗတော ပဘံ။
ဧတ္ထ အာပေါစ ပထဝီ၊ တေဇော ဝါယော န ဂါဓတိ။

(၂) ဧတ္ထ ဒီဃဉ္စ ရဿဉ္စ၊ အဏုံ ထူလံ သုဘာသုဘံ။
ဧတ္ထ နာမဉ္စ ရူပဉ္စ၊ အသေသံ ဥပရုဇ္ဈတိ။
ဝိညာဏဿ နိရောဓေန၊ ဧတ္ထေတံ ဥပရုဇ္ဈတိ။
(သီလက္ခန်ပါဠိတော်၊ ကေဝဋ္ဋသုတ်။)

**အနက်ကား**

ယံနိဗ္ဗာနံ= အကြင်နိဗ္ဗာန်ကို။ ဝိညာဏံ= ပစ္စဝေက္ခဏာဉာဏ်ဖြင့် သိအပ်၏။ အနိဒဿနံ= စက္ခုဝိညာဏ်ဖြင့် မမြင်အပ်။ ယံနိဗ္ဗာနံ= အကြင်နိဗ္ဗာန်သည်။ အနန္တံ= ဥပါဒ်ဌီဘင် အပိုင်းအခြားမရှိ။ သဗ္ဗတောပဘံ= ထက်ဝန်းကျင်မှ သက်ဆင်းရာဆိပ်ရှိသော မဟာသမုဒ္ဒရာနှင့်တူ၏။ ဧတ္ထ တေသ္မိံ နိဗ္ဗာနေ= ဤနိဗ္ဗာန်၌။ အာပေါစ၊ အာပေါဓာတ်သည်လည်းကောင်း။ ပထဝီစ= ပထဝီဓာတ်သည်လည်းကောင်း။ တေဇောစ= တေဇောဓာတ် သည်လည်းကောင်း။ ဝါယောစ= ဝါယောဓာတ်သည်လည်းကောင်း။ နဂါဓတိ= မတည်နိုင်။

ဧတ္ထ တေသ္မိံ နိဗ္ဗာနေ= ဤနိဗ္ဗာန်၌။ ဒီဃဉ္စ= ရှည်သော ရုပ်သည်လည်းကောင်း၊ ရဿဉ္စ= တိုသော ရုပ်သည်လည်းကောင်း။ အဏုဉ္စ= သေးငယ်သော ရုပ်သည်လည်းကောင်း။ ထူလဉ္စ= ကြီးသော ရုပ်သည်လည်းကောင်း။ သုဘဉ္စ= တင့်တယ်သောရုပ်သည်လည်းကောင်း။ အသုဘဉ္စ= မတင့်တယ်သောရုပ်သည် လည်းကောင်း။ နဂါဓတိ= မတည် နိုင်။ ဧတ္ထ တေသ္မိံ နိဗ္ဗာနေ= ဤနိဗ္ဗာန်၌။ နာမဉ္စ= နာမ်သည်လည်းကောင်း။ ရူပဉ္စ= ရုပ်သည်လည်းကောင်း။ အသေသံ= အကြွင်းမဲ့။ ဥပရုဇ္ဈတိ= ချုပ်ပျောက်၏။

ကဿ= အဘယ်၏။ နိရောဓေန= ချုပ်ပျောက်ခြင်းကြောင့်။ နာမဉ္စ= နာမ်သည်လည်းကောင်း။ ရူပဉ္စ= ရုပ်သည်လည်းကောင်း။ အသေသံ= အကြွင်းမဲ့။ ဥပရုဇ္ဈတိ= ချုပ်ပျောက်သနည်း။ ဣတိပုစ္ဆာယံ= ဤသို့သောအမေးတော်သည်။ သတိ= ရှိသော်။ ဝိညာဏဿ= အဆုံး ဌာနဖြစ်သော ဝိညာဏ်၏။ နိရောဓေန= ချုပ်ပျောက်ခြင်းကြောင့်။ ဧတ္ထ တေသ္မိံ နိဗ္ဗာနေ= ဤနိဗ္ဗာန်၌။ ဧတံ= နာမရူပံ= ဤနာမ်ရုပ်သည်။ အသေသံ= အကြွင်းမဲ့။ ဥပရုဇ္ဈတိ= ချုပ်ပျောက်၏။ ဤကား နိဗ္ဗာန်၌

ရုပ်ထူးနာမ်ထူးမရှိကြောင်း သာဓကဖြစ်၏။ ထို့ကြောင့် နိဗ္ဗာန်၌ ရုပ်ထူးနာမ်ထူးရှိကြောင်း ဟောပြောခြင်းသည် မသင့်။

**အခန်း(၃)အရ ဆုံးဖြတ်ချက်= နိဗ္ဗာန် အတ္တ မဟုတ်ကြောင်း**

" အနိစ္စာ သဗ္ဗေ သင်္ခါရာ၊ ဒုက္ခာနတ္တာစ သင်္ခတာ။
နိဗ္ဗာနဉ္စေဝ ပညတ္တိ၊ အနတ္တာ ဣတိ နိစ္ဆယာ"။

(ပရိဝါပါဠိတော်။)

**အနက်ကား**

သဗ္ဗေ= ခပ်သိမ်းကုန်သော။ သင်္ခါရာ= သင်္ခါရတရားတို့သည်။ အနိစ္စာ= အနိစ္စမည်ကုန်၏။ သင်္ခတာ= သင်္ခတတရားတို့သည်။ ဝါ- ကံစိတ်ဥတုအာဟာရ ဟု ဆိုအပ်သော အကြောင်းတရားတို့သည် ပေါင်း၍ ပြုပြင်စီရင်အပ်သော တရားတို့သည်။ ဒုက္ခာစ= ဒုက္ခလည်းမည်ကုန်၏၊ အနတ္တာစ= အနတ္တလည်းမည် ကုန်၏။ ဝါ- အတ္တမှ ကင်းကုန်၏၊ နိဗ္ဗာနဉ္စေဝ= နိဗ္ဗာန်ကိုလည်းကောင်း။ ပညတ္တိစ= ပညတ်ကိုလည်းကောင်း။ အနတ္တာဣတိ= အနတ္တဟူ၍သာလျှင်။ ဝါ- အတ္တမှ ကင်းကုန်၏ ဟူ၍သာလျှင်။ နိစ္ဆယာ= ဆုံးဖြတ်အပ်ကုန်၏။

ဤသို့ပရိဝါပါဠိတော် သမ္ဗုဒ္ဓနသီသုဒါန၌ ဘုရားဟောတော်မူသောကြောင့် နိဗ္ဗာန်ကို အတ္တဟု ဆိုခြင်းသည် မသင့်။ ဤကား နိဗ္ဗာန်ကို အနတ္တဟု ဆုံးဖြတ်ပုံတည်း။

**အခန်း(၄)အရ အရူပဘုံ၌ နိရောဓသမာပတ် မဝင်စားနိုင်ကြောင်း**

မဏိသာရမဉ္ဇူသာ၊ ကမ္မဋ္ဌာနသင်္ဂဟဝဏ္ဏနာ-၌

"အရူပဘဝေ ရူပါဝစရဈာနာဘာဝေန အနုပုဗ္ဗသမာပတ္တိအဘာဝတော နိရောဓသမာပတ္တိံ သမာပဇ္ဇိတုံ န သက္ကောန္တီတိ အာဟ "ကာမရူပဘဝေသု" န္တိ"ဟု လာရှိ၏။

ဝိသုဒ္ဓိမဂ် ပညာဘာဝနာနိသံသ နိဒ္ဒေသဝဏ္ဏနာ-၌

"အင်္ဂဝေကလ္လတော နတ္ထိ အာရုပ္ပေ နိရောဓသမာပတ္တိ သမာပဇ္ဇနံ"ဟု လာရှိ၏။

ထို့ကြောင့် အရူပဘုံ၌ အနာဂါမ်၊ ရဟန္တာပုဂ္ဂိုလ်တို့သည် နိရောဓသမာပတ် မဝင်စားနိုင်ကြောင်း သန္နိဋ္ဌာန်အားဖြင့် ထင်ရှား၏။ ထို့ကြောင့်

အရူပဘုံ၌ နိရောဓသမာပတ် ဝင်စားနိုင်ကြောင်း ဟောပြောခြင်းသည် မသင့်။

ဤကား အရူပဘုံ၌ နိရောဓသမာပတ် မဝင်စားနိုင်ကြောင်း အဆုံး အဖြတ်တည်း။

**အခန်း(၅)အရ ဆုံးဖြတ်ချက်= နိဗ္ဗာန်၌ ဘုံဌာနပုဂ္ဂိုလ်သတ္တဝါ မရှိကြောင်း**

"အတ္ထိမေ ဘိက္ခဝေ တဒါယတနံ၊ ယတ္ထ နေဝ ပထဝီ၊ န အာပေါ၊ န တေဇော၊ န ဝါယော၊ န အာကာသာနဉ္စာယတနံ၊ န ဝိညာဏဉ္စာယတနံ၊ န အာကိဉ္စညာယတနံ၊ န နေဝသညာနာသညာယတနံ၊ နာယံလောကော၊ န ပရလောကော၊ န ဥဘော စန္ဒိမသူရိယာ၊

တတြာပါဟံ ဘိက္ခဝေ နေဝ အာဂတိံ၊ န ဂတိံ၊ န ဌိတိံ၊ န စုတိံ၊ န ဥပ ပတ္တိံ၊ အပ္ပတိဋ္ဌံ၊ အပ္ပဝတ္တံ၊ အနာရမ္မဏမေဝ တံ ဧသေဝန္တော ဒုက္ခဿ"။

(ဥဒါန်းပါဠိတော်၊ ပါဋလိဂါမဝဂ်။)

**အနက်ကား**

ဘိက္ခဝေ= ရဟန်းတို့။ ယတ္ထ= အကြင်နိဗ္ဗာန်၌။ နေဝပထဝီ= မြေဓာတ်လည်း မရှိ။ န အာပေါ= ရေဓာတ်လည်း မရှိ။ န တေဇော= မီးဓာတ်လည်း မရှိ။ န ဝါယော= လေဓာတ်လည်း မရှိ။ တံအာယတနံ= ထိုနိဗ္ဗာန်တည်းဟူသော အာရုံ(အကြောင်း)သည်။ အတ္ထိ= ရှိ၏။

ဘိက္ခဝေ= ရဟန်းတို့။ တံအာယတနံ= ထိုနိဗ္ဗာန်တည်းဟူသော အာရုံ (အကြောင်း)သည်။ န အာကာသာနဉ္စာယတနံ= အာကာ သာနဉ္စာယတနလည်း မဟုတ်။ န ဝိညာဏဉ္စာယတနံ= ဝိညာဏဉ္စာယ တနလည်း မဟုတ်။ န အာကိဉ္စညာယတနံ= အာကိဉ္စညာယတနလည်း မဟုတ်။ န နေဝသညာနာသညာယတနံ= နေဝသညာနာသညာယတန လည်း မဟုတ်။ နာယံလောကော= ဤပစ္စုပ္ပန်လောကလည်း မဟုတ်။ န ပရလောကော= နောင်တမလွန်လောကလည်း မဟုတ်။ န ဥဘော စန္ဒိမသူရိယာ= လနေနှစ်ပါးတို့လည်း မဟုတ်။

ဘိက္ခဝေ= ရဟန်းတို့။ တတြာပိ= ထိုနိဗ္ဗာန်၌လည်း။ အာဂတိံ= ကာမ ရူပ အရူပ ဘုံဌာနက လာသောသူ ရှိ၏ဟူ၍လည်း။ နေဝဝဒါမိ= ငါဘုရား ဟောတော်မမူသည်သာလျှင်ကတည်း။ ဂတိံ= တစ်ပါးသော ဘုံဘဝသို့သွား၍ ပဋိသန္ဓေနေသောသူ ရှိ၏ဟူ၍လည်း။ နဝဒါမိ= ငါဘုရား ဟောတော်မမူ။ ဌိတိံ= ဤနိဗ္ဗာန်၌ တည်နေသောသူ ရှိ၏ဟူ၍လည်း။ နဝဒါမိ= ငါဘုရား ဟောတော်မမူ။ စုတိံ= ဤနိဗ္ဗာန်မှ ရွေ့လျောသွားသော သူ ရှိ၏ဟူ၍လည်း။ နဝဒါမိ= ငါဘုရား ဟောတော်မမူ။ ဥပပတ္တိံ= ဤ နိဗ္ဗာန်၌ ပဋိသန္ဓေအားဖြင့် ကပ်ရောက်သောသူ ရှိ၏ဟူ၍လည်း။ နဝဒါမိ= ငါဘုရား ဟောတော်မမူ။ ဧတံ= ထိုနိဗ္ဗာန်သည်။ အပ္ပတိဋ္ဌံဝေ= တည်ရာ ဌာနကြီး မဟုတ်သည်သာလျှင်ကတည်း။ အပ္ပဝတ္တံဝေ= ရုပ်နာမ်တရား တို့ဖြစ်ရာ မဟုတ်သည်သာလျှင်ကတည်း။ အနာရမ္မဏမေဝ= လောကီ နာမက္ခန္ဓာတရား လေးပါးတို့၏ ကောန်အားဖြင့် အာရုံပြုရန် မဟုတ်သည် သာလျှင်ကတည်း။

ဘိက္ခဝေ= ရဟန်းတို့။ ဧသေဝ- ဧသောဧဝ= ဤနိဗ္ဗာန်သည် သာလျှင်။ ဒုက္ခဿ= သံသရာဝဋ်ဒုက္ခကြီး၏။ အန္တော= ချုပ်ဆုံးရာ ဌာန ကြီးပေတည်း။

(ဣတိ၊ ဤတွင်။ တဒါယတနံ၊ တဒါယတနနိဗ္ဗာနသုတ် ပြီး၏။)

ဤကား နိဗ္ဗာန်၌ ဘုံဌာနပုဂ္ဂိုလ်သတ္တဝါ မရှိကြောင်း၊ ဓာတ်ကူးခြင်း လည်း မရှိကြောင်း သာဓကဖြစ်၏။ ထို့ကြောင့် နိဗ္ဗာန်၌ ဘုံဌာနပုဂ္ဂိုလ် သတ္တဝါရှိကြောင်း ဟောပြောခြင်း၊ ဓာတ်ကူး၍ ဟိုဘက်နိဗ္ဗာန်သို့ ရောက် သွားကြောင်း ဟောပြောခြင်းတို့သည် မသင့်။

ချောင်းဦး-မြောင်လုံးဆိုင်ရာ
မဟာဝိသေသသံဃာ့အဖွဲ့
**စစ်ကိုင်းတိုင်း**
(တံဆိပ်တုံးရိုက်ချက်။)

## ပခုက္ကူမြို့ သံဃသမဂ္ဂ-၏
## ပို့စတာ

သင်တန်းသူသင်တန်းသားများနှင့် ဒါယကာ ဒါယိကာမ အပေါင်းတို့

သင်တန်းကို သံဃာတော်များက မပိတ်ပါ။

အမှန်တရားကို သိလို၍ မေးမြန်းခြင်းမျှသာ ဖြစ်ပါသည်။

ဦးဝိလာသ

ဥက္ကဋ္ဌ

သံဃသမဂ္ဂ၊ ပခုက္ကူခရိုင်။

--လက်မှတ်--

ဦးဝိစာရ

အတွင်းရေးမှူး (တာဝန်ခံ)

သံဃသမဂ္ဂ၊ ပခုက္ကူခရိုင်။

# ဓမ္မသတင်းဖြစ်ပေါ်လာရပုံကို ရှင်းလင်းဟောပြောရန် သဘာပတိမိန့်ခွန်း

ယခု ကြွရောက်လာသော သံဃာတော်အရှင်မြတ်တို့ဘုရား-

သံဃာတော်များရဲ့ တာဝန်ပေးချက်အရ တာဝန်ခံပုဂ္ဂိုလ်တစ်ယောက် အနေနဲ့ လျှောက်ထားတင်ပြရမယ်ဆိုရင် ဓမ္မသတင်းစာလွှာ ဖြစ်ပေါ်လာ ရပုံမှအစ အမှန်တရားရ၍ ပြီးဆုံးသွားသည်အထိ လျှောက်ထားတင်ပြမှ သာလျှင် ပြည့်စုံပါလိမ့်မယ်။

ဒါ့ကြောင့်မို့ နံပါတ်(၁)အနေနဲ့ ဓမ္မသတင်းစာလွှာ ဖြစ်ပေါ်လာပုံကို လျှောက်ထားလိုပါတယ်။-

အခု ဓမ္မသတင်းစာလွှာပါ အချက်အလက်များကို နားထောင်၍ လေ့လာမှတ်သားခဲ့ပါတယ်။ အဲဒီလိုလေ့လာမှတ်သားတဲ့အခါ ဘုရား ဟောကျမ်းဂန်နဲ့မညီ၊ ဘုရားတပည့်တော်တို့၏ ကျေးဇူးရှင်ဆရာတော်ကြီး အဆက်ဆက်တို့၏ အယူအဆနဲ့လဲမညီ၊ တပည့်တော်တို့ သံဃသမဂ္ဂ သံဃာတော်များ၏ ယူဆချက်နဲ့မညီ ဖီလာဖြစ်နေတဲ့ တရားလမ်းစဉ်များကို ကြားသိခဲ့ရပါတယ်။

အခု ဓမ္မသတင်းစာလွှာပါ အချက်အလက်များဟာ သုံးပုံ-ပုံ တစ်ပုံ မျှသာ ဖြစ်ပါသေးတယ်။ အဲဒီလိုယူဆချက်အမှားတွေကို သိရတဲ့အခါမှာ ဘုရားတပည့်တော်တို့၏ စိတ်သန္တာန်မှာ ဘယ်လိုဖြစ်လာသလဲဆိုရင် ဒီလမ်းစဉ်နဲ့ ဒီဝါဒအတိုင်း လိုက်နာကျင့်သုံးနေကြရင်တော့ ဒကာဒကာမ တွေဟာ လမ်းမှားသို့ ရောက်ကြတော့မှာပဲဆိုတဲ့ မေတ္တာကရုဏာတရား တွေ ဖြစ်ပေါ်လာခဲ့ပါတယ်။

အဲဒီလိုဖြစ်တဲ့အခါမှာ ဒီဒကာဒကာမတွေ ဒီလိုအမှားတွေကို သိပြီး အမှန်တရားရအောင် ဘယ်လိုနည်းနဲ့ လုပ်ပေးရပါ့မလဲဆိုတဲ့ အမေးတစ်ခု ဖြစ်လာပါတယ်။ နီးစပ်ရာသံဃာတော်များကိုလဲ တိုင်ပင်ဆွေးနွေး၍ အကူ အညီ အကြံဉာဏ် တောင်းခဲ့ပါတယ်။ အဲဒီအခါကျတော့မှ အကြမ်းမဖက် အနုသက်သက်ဖြင့် ရနိုင်တဲ့ လမ်းစဉ်တစ်ခုကို ရခဲ့ပါတယ်။

ဘယ်လိုလဲဆိုရင် အခု ဓမ္မသတင်းစာလွှာပါ ဟောစာတမ်းကို ပထမ သံဃာတော်များ သိအောင် လျှောက်ထားရမယ်။ အဲဒီလိုလျှောက်

ထား‌လိုက်ရင် သံဃာတော်များကမှတစ်ဆင့် မိမိတို့ နီးစပ်ရာ ဒကာ၊ ဒကာမများအား အမှန်တရားတွေကို အသီးသီး ဟောပြောပေးကြရင် အမြင်မှန်တွေရကြမယ်။ မှန်ကန်တဲ့တရားလမ်းစဉ်တွေကို သိကြရမယ်။ မှန်ကန်တဲ့ တရားလမ်းစဉ်တွေကို လိုက်နာကျင့်သုံးပြီး မဂ်ဖိုလ်နိဗ္ဗာန် အမှန်တရားတွေကို ရကြရလိမ့်မယ်၊ ရောက်ကြရလိမ့်မယ်ဆိုတဲ့ အဖြေမှန်ကို ရခဲ့ပါတယ်။ အဲဒါကြောင့်မို့ ဓမ္မသတင်းစာလွှာကို သံဃာထုရဲ့ ထောက်ခံတင်မြှောက်ပေးတဲ့ သံဃသမဂ္ဂက တာဝန်ခံယူ၍ ထုတ်ဝေဖြန့်ချိခဲ့ပါတယ်။

နံပါတ် (၂) အနေနဲ့ လျှောက်ထားရမယ်ဆိုရင် ဒကာဒကာမတွေက သံဃာတော်တွေရဲ့ မေတ္တာကရုဏာစေတနာတွေကို ဝေဒနာတွေ ထင်ခဲ့ကြပါတယ်။ ကဲ့ရဲ့ရှုတ်ချခဲ့ကြပါတယ်။ ဆွမ်းခံအိမ်တွေ အပိတ်ခံခဲ့ကြရပါတယ်။ ''မကြည်ညိုနိုင်ဘူး၊ ဆွမ်းမလောင်းနိုင်ဘူး'' လို့တောင် အပြောခံခဲ့ကြရပါတယ်။ အာဃာတအမျိုးမျိုးတွေ ထားခဲ့ကြပါတယ်။

ဒါပေမဲ့ သံဃာတော်များက ဒကာ၊ ဒကာမတွေအပေါ် မေတ္တာမပျက်ခဲ့ကြပါဘူး။ အမှန်တရားများကို အနုနည်းနဲ့ ဖြေရှင်းခဲ့ကြလို့ အခုဆိုရင် ရာခိုင်နှုန်း ၉၅-ယောက် သံဃာတော်များဘက်က ထောက်ခံနေကြတာကို ကြားသိရပါတယ်။ ကိစ္စရှိလို့ ဆွမ်းခံမကြွလာတာကိုတောင် ဆွမ်းခံကြွဖို့ အပင့်ခံခဲ့ကြရပါပြီ။

သို့သော်လဲ ''ဆွမ်းစားချင်လို့၊ စားစရာမရှိလို့ ဘုန်းကြီးလုပ်နေတာ မဟုတ်ဘူးဆိုတာကိုတော့ ဒကာ၊ ဒကာမများ သိအောင် ပြောပေးကြပါ။ **သာသနာ့ဝန်ထမ်းပုဂ္ဂိုလ်များအနေနဲ့ ဗုဒ္ဓဝါဒနဲ့ ဆန့်ကျင်တဲ့ တရားလမ်းစဉ်များကို ပစ္စည်းလေးပါးကို မငဲ့ကွက်ဘဲ အဘဘုရားရဲ့ မျက်နှာတော်ကို ထောက်ထားတော်မူကြပြီး ဝေဖန်ကန့်ကွက်ပေးကြမယ့် တာဝန်ဟာ ရဟန်းတော်တိုင်း တာဝန်ရှိကြတယ်'' ဆိုတာ သံဃာတော်များ အသိပင် ဖြစ်ကြပါတယ်။**

နံပါတ် (၃) အနေနဲ့ လျှောက်ထားရမယ်ဆိုရင် ဒကာ၊ ဒကာမများ အပေါ် မေတ္တာ ကရုဏာ စေတနာ သဒ္ဓါတရားတွေ ရှေ့ထားကြ၍ သဘောထားကြီးကြီး မွေးကြပြီး အမှန်တရားတွေ ဟောပြောပေးကြဖို့ရန် တိုက်တွန်းလျှောက်ထားပါတယ်။

ဒါပေမဲ့ တစ်-တရားခံကို သိကြဖို့ အရေးကြီးပါတယ်။ သံဃာတော်များနဲ့ ဒကာ ၊ ဒကာမများ အထင်မှား အမြင်မှားဖြစ်အောင် လုပ်ကြံပြောဆို

တာဟာ ဘယ်သူလဲ။ သံဃာထု လူထုကြီး အုံကြွလာအောင် လုပ်ကြံ ပြောဆိုတာဟာ ဘယ်သူလဲ။ ပညာရှိသူတော်ကောင်း အလုပ်လား။ စဉ်းစား ကြပါ။ တစ်-တရားခံကို ရှာလို့ တွေ့လာတဲ့အခါ တစ်-တရားခံရဲ့ မာန်စွယ်ကို "အက္ကောမေန ဇိနေ ကောဓံ" ဆိုတဲ့အတိုင်း ခန္တီတရား လက်ကိုင်ထား၍ မေတ္တာလက်နက်နဲ့ ချိုးဖျက်ပြီး ဆုံးမပေးကြရပါလိမ့်မယ်။

နောက်တစ်ချက် လျှောက်ထားလိုတာကတော့-

ဘုရားမဟောတဲ့ တရားလမ်းစဉ်တွေကို ဟောမယ်- ပြောမယ်ဆိုရင် "ဒွေ မေ ဘိက္ခဝေ တထာဂတံ အဗ္ဘာစိက္ခန္တိ။ ကတမေ ဒွေ- ယော စ အဘာသိ တံ အလပိတံ တထာဂတေန ဘာသိတံ လပိတံ တထာဂတေနာ တိ ဒီပေတိ။ ယော စ ဘာသိတံ လပိတံ တထာဂတေန အဘာသိတံ အလပိတံ တထာဂတေ နာတိ ဒီပေတိ။

ဘိက္ခဝေ= ရဟန်းတို့။ ဣမေဒွေ= ဤနှစ်ယောက်သောသူတို့သည်။ တထာဂတံ= ငါဘုရားကို။ အဗ္ဘာစိက္ခန္တိ= စွပ်စွဲကြကုန်၏။ ဒွေ= နှစ်ယောက်သော သူတို့သည်။ ကတမေ= အဘယ်တို့နည်း။ ယောစ= အကြင်သူသည်လည်း။ တထာဂတေန= ငါဘုရားသည်။ အဘာသိတံ= မဟောအပ်သည်ကို။ အလပိတံ= မဆိုအပ်သည်ကို။ ဘာသိတန္တိ= ဟောတော်မူအပ်၏ဟူ၍။ လပိတန္တိ= ဆိုတော်မူအပ် ၏ဟူ၍။ ဒီပေတိ= ပြ၏။ ဝါ- ဟောပြော၏။

ယောစ= အကြင်သူသည်လည်း။ တထာဂတေန= ငါဘုရားသည်။ ဘာသိတံ= ဟောတော်မူအပ်သည်ကို။ လပိတံ= ဆိုတော်မူအပ် သည်ကို။ အဘာသိတန္တိ= ဟောတော်မမူအပ်ဟူ၍။ အလပိတန္တိ= ဆိုတော်မမူအပ်ဟူ၍။ ဒီပေတိ= ပြ၏။ ဝါ- ဟောပြော၏။

ဘိက္ခဝေ= ရဟန်းတို့။ ဣမေခေါ ဒွေ= ဤနှစ်ယောက်သော သူတို့ သည်။ တထာဂတံ= ငါဘုရားကို။ အဗ္ဘာစိက္ခန္တိ= စွပ်စွဲသည်မည် ကုန်၏။

ဤဇေကင်္ုတ္တရပါဠိတော်လာစကားအရ ဘုရားကို စွပ်စွဲရာရောက်တဲ့ အတွက် ပယ်ဖျက်ကြရပါလိမ့်မယ်။ ပယ်ဖျက်ကြဖို့ကိုလဲ တိုက်တွန်းပါ

တ...်။ ဥပမာ အမိအဘကို စွပ်စွဲပြောဆိုလာမယ်ဆိုရင် သားသမီးမှန်က မခံ-မရပ်နိုင်ဖြစ်ပြီး ခုခံကာကွယ်ရသလို အဘဘုရားကို စွပ်စွဲပြောဆိုလာခဲ့ရင် ပြောဟောလာခဲ့ရင် ဘုရားသားတော်မှန်သမျှ အချိန်မရွေး ကာကွယ်သွားကြရပါလိမ့်မယ်။

ဒါ့ကြောင့်မို့ ရှေ့လုပ်ရမယ့်လုပ်ငန်းစဉ်တွေ၊ ဒကာ၊ဒကာမတွေကို အမှန်တရား ဖော်ထုတ်ပေးနိုင်ရေး လုပ်ငန်းစဉ်တွေကို သံဃာတော်များရဲ့ တာဝန်ပေးချက်အတိုင်း သံဃသမဂ္ဂအဖွဲ့ကြီးက အမှန်တရား မရမချင်း တာဝန်ယူ၍ ဆောင်ရွက်သွားမည့်အကြောင်း ကတိပေးလျှောက်ထားပါတယ်။

သို့သော်လဲ သံဃသမဂ္ဂအဖွဲ့ကြီးက တာဝန်ယူ၍ လုပ်ကြတဲ့အခါမှာလဲ အလုပ်မှားတာ အပြောအဆိုမှားတာ တွေ့ပြီးတော့ ဒကာ၊ ဒကာမတွေက တိုက်ကြီး ၃-တိုက်ရဲ့ ညီညွတ်မှုကို ပျက်ပြားအောင် သို့မဟုတ် သဘောတူ ထောက်ခံချက်ပေးထားသော သံဃာတော် ၈၀၀-နီးပါးတို့ကိုလဲ ညီညွတ်မှုပျက်ပြားအောင် ခြေထိုးစကား ပြောကြားလျှောက်ထားတာတွေကို အဓိကမထားကြဘဲ တညီတညွတ်တည်း အင်တိုက်အားတိုက် အားပေးကြဖို့၊ ကူညီဝိုင်းဝန်းဆောင်ရွက်ကြဖို့၊ အမှားတွေ့က အပြစ်မတင်ကြဘဲ ပြုပြင်ပေးကြဖို့ဆိုတာကိုလဲ လျှောက်ထားပါတယ်။

သံဃသမဂ္ဂအနေနဲ့တော့ အမှန်တရားမရမခြင်း မိမိတို့ တိုက်တာဥပဒေအတွင်းကနေပြီး သံဃာတော်များရဲ့ ဆန္ဒအတိုင်း ဆောင်ရွက်သွားနိုင်ကြရန် ဆောင်ရွက်သွားကြဖို့အတွက် ဘုရားတရားသံဃာ ရတနာ ၃ပါးအား အသက်ကို လှူဒါန်းပူဇော်ထားပြီးဖြစ်ကြောင်းကို နောက်ဆုံးနိဂုံးချုပ်အနေနဲ့ လျှောက်ထား ရှင်းလင်းခဲ့ပါတယ်ဘုရား။

သဘာပတိ

သံဃသမဂ္ဂ၊ ပခုက္ကူခရိုင်။

မှတ်ချက်။ ။ ဤစာတမ်းအစပိုင်းတွင် " ဦးမဏ္ဍလာဘုရား။ ကြည့်ထားပါ။ တာဝန်ခံကိုယ်စား အမှားပါက ပြင်ပါ" ဟု မှတ်ချက်ပေးထားတာကို တွေ့မြင်ရသည်။

# မြို့လုံးကျွတ် သံဃာထုအစည်းအဝေးပွဲကြီး သဘာပတိမိန့်ခွန်း

ယနေ့ သံဃသမဂ္ဂအစည်းအဝေးပွဲကြီးသို့ အင်တိုက်အားတိုက် စိတ်ရောကိုယ်ပါ သာသနာရေးကို အားပေးသောအနေဖြင့် ကြွရောက်တော်မူလာကြတဲ့ ရဟန်းရှင်လူအပေါင်းတို့အား ဝမ်းမြောက်ဝမ်းသာဖြင့်ပင် ကျေးဇူးတင်ပါတယ်။

သဘာပတိအနေနဲ့ မိန့်ခွန်းစကား ပြောကြားလျှောက်ထားလိုသည်မှာ- တပည့်တော်တို့ မြန်မာနိုင်ငံတွင် သာသနာပြုမင်းဖြစ်ကြသော မြန်မာဘုရင်တို့ မရှိကြသည့်နောက်မှာ သာသနာတော် အခြေအနေ များစွာ ညှိုးနွမ်းခဲ့ရာ မကြာမကြာပင် သာသနာတော်နှင့် ဆန့်ကျင်ဘက်ဖြစ်၍ ရှင်တော်ဘုရား နှစ်သက်တော်မမူအပ်သော အယူဝါဒအမျိုးမျိုး၊ ဓမ္မကထိကအမျိုးမျိုး ပေါ်ပေါက်ခဲ့သည်ကို တိုင်းသူပြည်သား ပညာရှိ ရဟန်းရှင်လူများ သိပြီးသားဖြစ်ကြပါလိမ့်မယ်။ ဤအချက်တွေကို တွေးလျှင် သာသနာရေးအတွက် များစွာ စိတ်ပျက်ဝမ်းနည်းဖွယ်ကောင်းလှပါတယ်ဘုရား။

ရှေးအခါ သာသနာပြုမင်းများရှိစဉ်က ဆိုခဲ့သော အဓမ္မဝါဒ အပြုအမူတို့ကို မကြာခဏ နှိမ်နင်းသဖြင့် သာသနာတော် လွန်စွာ သန့်ရှင်းစင်ကြယ်ခဲ့ရာ ယခုအခါမှာမူ ဆဋ္ဌသင်္ဂါယနာ တင်ပြီးငြားသော်လည်း

ထိုအာဏာပိုင်အနေမျိုးဖြင့် ဖျက်ချိုးနှိမ်နင်းမည့် ဧကရာဇ်မင်းများ မရှိတော့သဖြင့် ''ဆင်ဖြူတော်မှီ ကြံစုပ်'' ဟူသော စကားကဲ့သို့ -

သာသနာတော်နှင့် စပ်တွယ်လျက် အဓမ္မဝါဒဟောပြောခြင်း၊

လမ်းမှား လမ်းမှောက် ကမောက်ကမ အယူဝါဒတို့ကို သင်ကြားခြင်း၊

သာသနာတော်နှင့် မလျော်သော ဂိုဏ်းသစ်ထူထောင်ခြင်း၊

စည်းကမ်းမကျ ကျမ်းဂန်မပြသော ကမ္မဋ္ဌာန်းဘာဝနာများကို ဟောပြော သင်ပြနည်းပေးခြင်း

အစရှိသော အယူမှား အကျင့်မှား အဟောအပြောမှား များစွာ ကျက်စားခွင့်ရလျက် အထူးသဖြင့် နယ်ချဲ့မင်းမူလျက် ရှိကြပါတယ်ဘုရား။ ပညာရှိများ၏ စိတ်နှလုံးကို ကြိမ်မီးအုံးသည်နှင့်တူသော အယူဝါဒများ ဖြစ်ပါတယ်ဘုရား။

အသိအလိမ္မာ ပညာကင်းမဲ့၍ အလေ့ပေါက် မြက်သစ်ပင်တို့ကဲ့သို့ လူပြိန်းလူဖျင်းဖြစ်ကြသော လူတစ်စုတို့မှာ အဓမ္မဝါဒများကိုပင် အကောင်းကြီးထင်ကာ ဝိုင်းဝန်း၍ အားပေးခဲ့ကြရာ အဆိပ်ပင်ရေလောင်း၍ ရေမြောင်းသွယ် ပေးသည်နှင့်တူသောကြောင့် များစွာ ထိတ်လန့်ဖွယ် ကောင်းလှပါတယ်ဘုရား။

ထို့ကြောင့် ရှင်တော်မြတ်စွာဘုရား မကြိုက်မနှစ်သက်သော အယူဝါဒ အကျင့်အကြံတို့ကို ပြုလုပ်အားပေးသူများကို နှိပ်သင့်သော နိဂ္ဂဟပုဂ္ဂိုလ်များဟူ၍ ခေါ်ဆိုရပေမည်။ ထိုသို့နှိပ်သင့်သောပုဂ္ဂိုလ်များကို နှိပ်ခြင်းသည် သာသနာတော်၏ အညစ်အကြေးများကို ဆေးကြောသုတ်သင်ရာ ရောက်သဖြင့် နိဂ္ဂဟပုဂ္ဂိုလ်တို့အား နှိပ်ခြင်း၊ ဆုံးမခြင်းသည်ပင် ပညာရှိသူတော်ကောင်းတို့၏ လမ်းရိုးလမ်းဟောင်းကြီးဖြစ်သည့်ပြင် သာသနာနုဂ္ဂဟ ကုသိုလ်ကြီးတစ်ခုလည်း ဖြစ်ပါတယ်။

သို့ဖြစ်၍-

နံပါတ် (၁) ဒါယကာဒါယိကာမများကို အားနာငဲ့ကွက်မှုကိုလည်းကောင်း၊

နံပါတ် (၂) သူတစ်ပါးတို့ ဝိုင်းဝန်းရှုတ်ချ၍ အပြစ်ပြောကြမည်ကို စိုးရိမ်မှုကိုလည်းကောင်း၊

နံပါတ် (၃) ကိုယ့်တာဝန် ကိုယ့်အလုပ်ဟု မထင်မှတ်ဘဲ ကိုယ်နှင့် မဆိုင်သကဲ့သို့ နေလိုသောဆန္ဒသဘောကိုလည်းကောင်း မိမိသန္တာန်၌ မဖြစ်စေကြဘဲ ယခုအစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော အရှင်သူမြတ်တို့သည် သာသနာ့အန္တရာယ် ပျောက်ကင်းရှင်းလင်း၍ သာသနာတော် သန့်ရှင်းစင်ကြယ်မှုကို အဓိကထားပြီးလျှင် ခန္တီတရား လက်ကိုင်ထား၍ မေတ္တာကရုဏာ ပြဋ္ဌာန်းကာ မပေါ့သော ဇွဲ၊ မလျော့သော လုံ့လဝီရိယတို့ဖြင့် ဆွေးနွေးတိုင်ပင်၍ လိုအပ်သော ဆုံးဖြတ်ချက်များ ချမှတ်ရန် လျှောက်ထားတိုက်တွန်းအပ်ပါသည် သံဃာတော် အရှင်သူမြတ်တို့ဘုရား။

**မှတ်ချက်။** ။ သာသနာ့တံခွန်ကျမ်းလာ လယ်တီပဏ္ဍိတ ဦးမောင်ကြီး၏ စာတမ်းကို မှီး၍ ရေးသားသည်။

သဘာပတိ

သံဃသမဂ္ဂ၊ ပခုက္ကူခရိုင်။

**မှာထားချက်။** ။သဘာပတိမိန့်ခွန်း ၃-မှုတွေ့ရာ ဒုတိယမှုတွင်- "ပခုက္ကူခရိုင်၊ ပခုက္ကူမြို့ သံဃသမဂ္ဂမှ ကြီးမှူးကျင်းပသည့် ၁၃၂၁-ခု၊ နယုန်လဆန်း (၈) ရက်နေ့ ဤမြို့လုံးကျွတ် သံဃာထုအစည်းအဝေးပွဲကြီးသို့ ကြွရောက်အားပေးချီးမြှောက်တော်မူကြသော သံဃာတော်အရှင်မြတ်အပေါင်းတို့အား လျှောက်ထားလိုပါသည်ဘုရား" ဖြင့် အစချီထားသည်မှ လွဲ၍ ကျန်စာသားများ အားလုံး တူနေကြောင်း တွေ့ရသည်။ ၂- မှုကို ချန်ထားလိုက်သည်။

# ရှေးပညာရှိတို့၏လုပ်ငန်းဖြစ်ကြောင်း ချီးကျူးပြောကြားခြင်း

**မြို့လုံးကျွတ် သံဃသမဂ္ဂ အစည်းအဝေးပွဲကြီး**

**အခမ်းအနားအစီအစဉ် ( ၆ )**

ယခုလို ပါဠိတော် အဋ္ဌကထာ ဋီကာတို့နှင့် မညီသော၊ ဗုဒ္ဓဝါဒနှင့် ဆန့်ကျင်သော အယူဝါဒများကို အများသိအောင် ထုတ်ဝေ၍ သာသနာ့ အန္တရာယ်ကို သုတ်သင်ခြင်းဆိုတာ ရှေးရှေးသော အရိယာ အစရှိသော သူတော်ကောင်းတို့၏ လမ်းစဉ်လမ်းဟောင်းဖြစ်၍ ပညာရှိ သူတော်ကောင်း တို့၏ လုပ်ငန်းပင် ဖြစ်ပါတယ်။

နောက်ပြီးတော့ မြန်မာနိုင်ငံသာသနာဝင် ရာဇဝင်အရဆိုရင် ရှေးရှေး သော သာသနာပြု ဆရာတော်ဘုရားကြီးများ၏ လမ်းစဉ်လဲ ဖြစ်ပါတယ်။ ဘာ့ကြောင့်လဲဆိုရင် သက္ကရာဇ် ၁၂၈၈-ခုနှစ်လောက်က ရာမညတိုင်း တလိုင်း သုံးရပ်တို့မှာ ငှက်တွင်းအယူ မိစ္ဆာဝါဒ သာသနာ့ဘေးရန် ပေါ် ပေါက်ထွန်းကားလာခဲ့ရာ သထုံမြို့ အဂ္ဂမဟာပဏ္ဍိတဘွဲ့ကို ခံယူရရှိ

တော်မူသော ရစ်ကန်ကြီးဆရာတော်ဘုရားသည် လယ်တီဆရာတော်၊ မန်လည်ဆရာတော် အစရှိသော ဆရာတော်ကြီးများနှင့် တိုင်ပင်ညှိနှိုင်းတော်မူ၍ ဆရာတော်ကြီးများ သဘောကျအတိုင်း ပါဠိတော် အဋ္ဌကထာ ဋီကာ အရပ်ရပ်တို့နှင့် ညှိနှိုင်းဆုံးဖြတ်တော်မူကြပြီးလျှင် ထိုငှက်တွင်းအယူ မိစ္ဆာဝါဒ သာသနာ့ဘေးရန်ကို ပယ်ဖျောက်ကြစေခြင်းငှာ "မိစ္ဆာဝါဒပဟာန ဒီပနီ" အမည်ရှိသောကျမ်းကြီးကို ရေးသားစီရင် ရိုက်နှိပ်ဝေငှလျက် ပယ်ရှားခဲ့ရဖူးလေပြီ။

ငှင်းနောက် သာယာဝတီ၊ ညောင်လေးပင်၊ ဒိုက်ဦး၊ ပဲခူး- နယ်ကြီး လေးရပ်တို့မှာ လူအမည်မောင်ဘီးက ဓမ္မစေတီဟူသောအမည်ဖြင့် သာသနာတော် ပိဋကတ်ကျမ်းဂန်တို့နှင့် ဖီလာကန့်လန့်ပြုပြီး သူ့စိတ်ထင်ရာအတိုင်း "သံဃာစစ်တမ်း အလင်းကျမ်း"၊ "ဓမ္မဝိဇ္ဇာနယကျမ်း"၊ "သောတာပန် လမ်း သံခိပ်ကျမ်း" အစရှိသော မိစ္ဆာကျမ်းစာ အမျိုးမျိုးတို့ကို ရေးသားခြင်း၊ ကိုယ်တိုင်ဟောပြောခြင်းတို့ကိုပြု၍ ထိုနယ်ကြီးလေးရပ်ရှိ ရဟန်း ပညာရှိအပေါင်းတို့က မြတ်စွာဘုရား ရှိတော်မူသောအခါက အရှင်ဒေဝဒတ်ကြီး၏ အယူသည်းသော တရားများကို ပကာသနီယကံ ပြုဘိသကဲ့သို့-

၁။ ဓမ္မစေတီအမည်ခံ မောင်ဘီး ဟောသောတရားသည် ဂေါတမဘုရား၏ တရားမဟုတ်။ ဓမ္မစေတီမောင်ဘီး၏ တရားသာဖြစ်ခြင်း၊

၂။ ဂေါတမဘုရား၏ တရားသည် ဓမ္မစေတီမောင်ဘီး၏ တရားမဟုတ်၊ ဂေါတမဘုရား၏ တရားသာဖြစ်ခြင်း၊

ဤသို့နှစ်မျိုးနှစ်စား ခွဲခြား၍ သိကြရန် ပကာသနီယကံ ပြုသော စာတမ်းကို နိုင်ငံတစ်ခုလုံးသိအောင် ကြေညာဖူးလေပြီ။

ငှင်းနောက် ဓမ္မစေတီအမည်ခံသော မောင်ဘီး၏ တပည့်မောင်ဘဆိုသူသည် "သကဒါဂါမ်မောင်ဘ"ဟူသော အမည်ဖြင့် "နတ်လမ်းညွှန် စတုမဂ္ဂ သဘာဝ" အစရှိသော မိစ္ဆာကျမ်းများကို ရေးသားဝေငှခြင်း၊ မိမိကိုယ်တိုင် ချင်းတွင်းမြစ်ညာ ဗဟုသုတ နည်းပါးကြသော အရပ်ဒေသ ရွာသိမ်ရွာငယ် ချောင်းကြိုချောင်းကြား ရပ်ရွာများနှင့် လုံးဝ စာမတတ်ရှာ

သူတို့၏အထံသို့ သွားရောက်၍ "စာမတတ်မှ သဘာဝပေါက်လွယ်သည်။ စာတတ်က စာခံ၍ နေတတ်သည်" စသည်ဖြင့် မကောင်းသော ပရိယာယ် စကားတို့ကို များများကြီး အသုံးပြုလျက် ကိုယ်တိုင်တရားဟောခြင်း၊ စာအုပ်စာတမ်းတို့ကို ဝေငှခြင်း၊ လက်ဝဲရံ-လက်ယာရံ- ဘုရားကြီး- ဘုရားလတ်- ဘုရားငယ်- စသည်တို့ကို တရားဟောပြောစေခြင်းတို့ကို ပြု၍ ရွာသိမ်ရွာငယ် စာမတတ်ကြသူတို့၏ ရပ်ရွာဒေသတို့မှ အပြန် လောကီလောကုတ္တရာ ပညာဗဟုသုတ ပေါများရာဖြစ်သော မင်းကင်းမြို့သို့ ဝင်ရောက်၍ သူ၏ တပည့်များနှင့် တရားဟောမည်ဟု စီရင်၍နေခြင်းကို လူရောရှင်ပါ မြို့လုံးကျွတ် သိလာကြသဖြင့် ၁၂၉၇-ခုနှစ်၊ မင်းကင်းမြို့၊ ရွှေဂူကျောင်းဆရာတော်၊ စစ်တောင်းဆရာတော်၊ မင်းကျောင်းဆရာတော် တို့နှင့်တကွ မြို့နယ်ရှိ သံဃာတော်အပေါင်းတို့က သကဒါဂါမိမောင်ဘနှင့် တကွ သူ့တပည့်များကိုပါ မင်းကင်းမြို့အတွင်းသို့ ဝင်ရောက်ဟောပြောမှု ကို ပယ်ရှား၍ ၎င်း၏ မိစ္ဆာကျမ်းစာငယ်များကို ရှာဖွေစုဆောင်းလျက် မီးရှို့ပစ်ခြင်းကို ပြုခဲ့ဖူးလေပြီ။

ယခု မွေ့သတင်းစာလွှာပါ တရားများကိုလဲ ရှေးရှေးသော ဆရာ တော် ဘုရားကြီးတို့သည် ပါဠိတော် အဋ္ဌကထာ ဋီကာတို့နှင့် မညီသော အယူဝါဒဖြစ်ကြောင်းကို ကျမ်းအစောင်စောင် ရေးသားတော်မူကြ၍ ဖြေရှင်း သုတ်သင် ဆုံးဖြတ်ခဲ့ဖူးလေပြီ။

သို့ဖြစ်သောကြောင့် ယခု သံဃသမဂ္ဂသံဃာတော်များ၏ မွေ့ သတင်းစာလွှာပါ အမှန်တရားရရှိရေး ဆောင်ရွက်ချက်များဟာ ရှေးပညာရှိ သူတော်ကောင်းတို့၏ သာသနာပြုလုပ်ငန်းမျိုးပင်ဖြစ်ကြောင်းကို သိသာ စေရန် ယခု ကြွရောက်လာသော သံဃာတော် အရှင်မြတ်များနှင့်တကွ ဒါယကာ၊ဒါယိကာမ အပေါင်းတို့အား ချီးကျူးစကား ပြောကြားလိုက် ပါတယ်။

သံဃသမဂ္ဂအဖွဲ့ဝင်

# အခန်း - ၂

## ပခုက္ကူ ဝိပဿနာသင်တန်း
## ဝိပဿနာဆရာ ဦးကြွင်ရွှေ နှင့်
## ပခုက္ကူဝိပဿနာ ဗဟိုအမှုဆောင်အဖွဲ့၏

# ကြေညာချက်၊ ဟောပြောချက်၊
# ဆောင်ရွက်ချက်၊

စိရံ တိဋ္ဌတု သဒ္ဓမ္မော

## ပဋ္ဌာန်းဝိပဿနာ ဗဟိုရ်အမှုဆောင်အဖွဲ့မှ

## ကျေးဇူးတင်ပါသည်

သပ္ပုရိသန္ဓယ်ဝင် သူတော်စင်အပေါင်းတို့-

ပဋ္ဌာန်းဝိပဿနာသင်တန်းကြီးသည် ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာ-ဟု ဆိုအပ်သော သုံးရပ်သော သာသနာတော်ကြီး၌ ပဋိပတ္တိလမ်းစဉ်အားဖြင့် သာသနာတော်ကြီး၏ ဝိမုတ္တိရသကို ခံစားကြ၍ သာသနာတော်ကြီးကို ကြည်ညိုလေးစား ပြန့်ပွား စည်ပင်ပါစေဟူသော ဖြူစင်သောစိတ်ထားဖြင့် ပါဠိတော် အဋ္ဌကထာ ဋီကာတို့မှ ထုတ်နုတ်၍ ယထာဘူတ ကျနစွာဖြင့် ဟောပြောပြသခဲ့ခြင်း ဖြစ်ပါသည်။

ဤသင်တန်းကြီးမှ ဟောပြောသော တရားဓမ္မများကို အကယ်၍ မိမိတို့ဉာဏ်၌ ရှင်းလင်းပြတ်သားခြင်းမရှိပါက တတ်အားသမျှ ရှင်းလင်း

ပေးရန် ဗဟိုအမှုဆောင်အဖွဲ့ကြီးမှ စေတနာဖြူစင်စွာဖြင့် ဆုံးဖြတ်ပြီးဖြစ်ပါ၍ မည်သူမဆို သံသယကို ရှင်းလင်းစေခြင်းငှာ ဖြူစင်သောသဘောဖြင့် ကိုယ်တိုင်လာရောက် မေးမြန်းစုံစမ်းဆွေးနွေးနိုင်ပါသည်။ ဗဟိုအမှုဆောင် အဖွဲ့ကြီးမှ အချိန်ယူပြီး စွမ်းအားရှိသလောက် စေတနာရှေ့ထား၍ ဆွေးနွေး ဖြေရှင်းပေးပါမည်။

## အကြောင်းကြား စုံစမ်းရန် ဌာန

| | | |
|---|---|---|
| ဥက္ကဋ္ဌ | ဒု-ဥက္ကဋ္ဌ | ဒု-ဥက္ကဋ္ဌ |
| **ဦးကြီးပို** | **ဦးပု** | **ဦးမြသီး** |
| **(ပွဲစား)** | **(ကုန်သည်)** | **(ကုန်သည်)** |
| စာတိုက်တန်းရပ် | မြစ်ကိုင်းရပ် | ဝါးတန်းရပ် |

(ပုံ) ဝိပဿနာဗဟိုအမှုဆောင်အဖွဲ့

ပခုက္ကူမြို့။

**မှတ်ချက်။** ။ စာဖြင့် မေးမြန်းခြင်းကို ကျယ်ပြန့်မည်စိုး၍ လက်ခံ လိမ့်မည်မဟုတ်။

ဇမ္ဗူ့မဏ္ဍိုင်-ပခုက္ကူ။

## ဝိပဿနာသင်တန်း အသံသွင်းစက် ဝယ်ယူရေးအဖွဲ့ စာရင်းရှင်းတန်းနှင့် နှိုးဆော်စာ

၁၃၁၄-ခု၊ ပြာသိုလဆန်း (၂) ရက်နေ့အထိ ရ-သုံး ငွေရှင်းတန်း

| အကြောင်းအရာ | ဝင်ငွေ | |
|---|---|---|
| အလှူခံ၍ ရငွေ စုစုပေါင်း | ၅၈၂၇- | ၁၂ |

| အကြောင်းအရာ | သုံးငွေ | |
|---|---|---|
| စက်နှင့် စက်ပစ္စည်းဝယ် | ၃၁၂၂ | |
| အထွေထွေစက်စရိတ်(ရန်ကုန်သွား) | ၂၉၇- | ၁၀ |
| ရုံးသုံးပစ္စည်း (ဖြတ်ပိုင်း-ပါ) | ၄၉- | ၁၂ |
| ငွေထိန်းထံရှိ ငွေလက်ကျန် | ၂၃၅၈ | ၆ |
| ပေါင်း | ၅၈၂၇ | ၁၂ |

**လေးမြတ်စွာ အစီရင်ခံပါသည်။**

**ဝိပဿနာသင်တန်းသူသင်တန်းသားအပေါင်းတို့ခင်ဗျား၊**

ဤသင်တန်းကြီးသို့ မိမိတို့ကိုယ်တိုင် တက်ရောက်သင်ကြားနာယူကြခြင်းကြောင့် -

ယခု ပစ္စက္ခမျက်မှောက်ဘဝ၌ပင် ရှေးက မရခဲ့ဘူးသော ထူးသော စာပေဗဟုသုတတို့ကို ရရှိခြင်း၊ လောကရေးရာအဖြာဖြာမှာ လူလိမ္မာ လူယဉ်ကျေးအဖြစ် ရရှိခြင်း၊ ဘုရားတရားသံဃာ ရတနာမြတ်(၃)ပါး၏ ဂုဏ်ကို ယုံကြည်မှု၌ ရှေးကနှင့်မတူဘဲ ထူးကဲသော ယုံကြည်စိတ်နှင့် ဆည်းကပ်နိုင်ကြခြင်း အစရှိသော မျက်မှောက်အကျိုးတို့ကို ရရှိခံစားကြရသည့်အပြင် -

အမြင်မဆုံးနိုင်သော တသံသရာလုံးက လုံးလုံးကြီး ကိုးစရာ- ကွယ်စရာ - ကာစရာ- ထောက်စရာ- တည်စရာ- မှီခိုစရာ မရခဲ့သဖြင့် ရှည်ကြာသမျှ ဝိနိပါတ စသော ဘေးလေးပါးမှ မလွတ်နိုင်ခဲ့သည်ကို လုံးဝ ကွင်းလုံးကျွတ် ရှင်းရှင်းကြီး လွတ်ကြရခြင်း၊ ဘယ်ဘဝ ဘယ်သံသရာမှ လေးဖြာသော အပါယ်ဘေးကို ပြေးလို့မလွတ် ရှောင်လို့မလွတ် **(စတ္တာရော အပါယာ သကဂေဟာ သဒိသာ)** ဒေသနာအရ အပါယ်ကို ကိုယ်ပိုင်အိမ်လုပ်ခဲ့ကြရသောဘဝမှ လုံးဝလွတ်ကြရခြင်း၊ တသံသရာလုံးက လုံးလုံးကြီး မမြင်မသိကြဘူးသော၊ ထူးသော မြတ်သော၊ ပညတ်မဘက် ပရမတ်သက်သက်ဖြစ်သော၊ နာမရူပ-ပရိစ္ဆေဒဉာဏ် ပစ္စယပရိဂ္ဂဟဉာဏ်

စသော ၇ ဝိပဿနာ ပညာစစ် ပညာမှန်တို့ကို မြင်ကြသိကြရခြင်း၊ ရုပ်နာမ် ခန္ဓာ အာယတန ဓာတ် ပဋိစ္စသမုပ္ပါဒ် သစ္စာ စသော တရားသဘောတို့ကို ဘုရားဟောဒေသနာအရ သဘာဝကျအောင် နားလည်မှုရရှိခြင်း၊ ယင်းသို့ နားလည်မှုရရှိသည့်အားလျော်စွာ ကလျာဏစစ် စူဠသောတာပန်ဖြစ်ရခြင်း၊

၄င်းထက် သောတာပန်၊ သကဒါဂါမ် စသော မဂ်ဉာဏ်ဖိုလ်ဉာဏ် ရရှိနိုင်ခြင်းဟု ဆိုအပ်သော အကျိုးထူးဝိသေသတို့ကြောင့်- "ငါ့မှာတော့ သံသရာအတွက် သက်မချနိုင်ပြီ။ ယခုမှ စိတ်အေးရပေတော့သည်။ သံသရာအတွက်နှင့် ရတက်မအေးစရာမရှိ။ ပူစရာမရှိ။ ပင်စရာမရှိ။ ကြောက်ဖွယ်လန့်ဖွယ်မရှိ။ ပကတိအေးငြိမ်းသောဘဝသို့ ယခုမှ သင်တန်း ကပြလို့ ရောက်ရပေတော့သည်။ ရရပေတော့သည်" ဟူသော သင်တန်းကြီး၏ အကျိုးကျေးဇူးကို အထူးသိရှိနားလည်ပြီးဖြစ်သဖြင့် ၄င်းတရားထက် ပို၍လွန်၍ ကျေးဇူးဆပ်ပေးစရာကျေးဇူးရှင်ရှာလျှင် ရှိလိမ့်မည်မဟုတ် သဖြင့် -

ထိုသင်တန်းတရားကို ကျေးဇူးတုံ့ပြန် တစ်ဖန် ပူဇော်သည့်အနေ အားဖြင့် တစ်ကြောင်း၊ "**ငါတို့၏ တူသားနောင်မယ် သားငယ်မြေးငယ် လူမမည်တို့သည်လည်း ငါတို့နည်းတူ သင်တန်းတရား၏ အကျိုးထူး ဝိသေသကို ခံစားစံစားနိုင်ရစ်ကြပါစေ**" ဟူသော အကြောင်းတို့ကြောင့် တစ်ကြောင်း၊ ၄င်းအပြင် ယခင်မကြာမီက ကျွန်တော်များ၏ မြော်မြင်ချက် အရ သင်တန်းသား၊ သင်တန်းသူအပေါင်းတို့၏ စုပေါင်းကြိုးပမ်းချက်ဖြင့် အသံချဲ့စက်ကြီးကို ဝယ်ယူအသုံးပြုခဲ့ကြရာ အားလုံးသော သင်တန်းသား အပေါင်းတို့မှာ ကဏ္ဍသုခ နားချမ်းသာစွာ နားကြားနိုင်ကြရသောအကျိုးကို လက်တွေ့ခံစားရကြောင်းကိုလည်း သိရှိပြီးဖြစ်သည်ကို ထောက်ဆသော အားဖြင့်တစ်ကြောင်း၊

သို့အတွက် ၄င်းသင်တန်းမှ အစဉ်အားဖြင့် ပြသသော သင်တန်း ဟရားစဉ်များကို အရှည်တည်တံ့အောင် အသံသွင်းယူမည် ဖြစ်ပါသော ကြောင့် အသံသွင်းစက်ကို ဝယ်ယူခဲ့ပါပြီ။ သင်တန်းတပတ်လုံး အသံသွင်း နိုင်အောင်လည်း ကြိုးခွေအလုံအလောက် ဝယ်ယူနိုင်ပါရန် အသင်တို့၏ စင်ကြယ်သော စေတနာအလျောက် အလှူတော်ငွေ ထောက်ပံ့လှူဒါန်းပါရန် ထပ်မံ၍ နှိုးဆော်လိုက်ပါသည်။

## ရှေ့အတွက်သုံးရန် ခန့်မှန်းချေစာရင်း

| | |
|---|---|
| ငွေထိန်းထံလက်ရှိငွေ | ၂၃၅၈- ၆ ပဲ |
| ကြိုးခွေစရံပေးထားငွေ | ၆၁၈- ၁၅ ပဲ |
| လိုငွေခန့်မှန်းချေ | ၃၃၂၂- ၁၁ ပဲ |

သင်တန်းတပတ်လုံးအတွက် လိုအပ်သော ကြိုးခွေခန့်မှန်းချေ ၁၃၀= ၅၈၅ဝ
၄င်းအတွက် ကုန်ကျစရိတ် (သင်တန်းတပတ်လုံးအတွက်) ခန့်မှန်းချေ
၄၅ဝ ကုန်ကျမည့်ငွေ စုစုပေါင်း (၆၃၀ဝ)။
ငွေထိန်းထံရှိငွေနှင့် ကြိုးဖိုးစရံပေးပြီးငွေ (၂၉၇၇- ၅ ပဲ)။
လိုငွေခန့်မှန်းချေ (၃၃၂၂- ၁၁ ပဲ)။

### စိရံ တိဋ္ဌတု သဒ္ဓမ္မော

သဒ္ဓမ္မော= ဘုရားဟောဒေသနာအရ သေချာကျနစွာ သင်တန်းက ပြခဲ့သော ကျွန်ုပ်တို့၏ သင်တန်းစဉ် တရားတော်ကြီးသည်။ စိရံ= ယခုပြသူ ဆရာကိုယ်တိုင် မရှိသည်တိုင်အောင် ရှည်မြောင်ကြာမြင့်စွာ။ တိဋ္ဌတု= သာသနာ တည်သမျှ မပျောက်မပျက်ရအောင် တလက်မှတလက် ဆက်ကာဆက်ကာ တည်မြဲပါစေသတည်း။

အသံသွင်းယူရေးအဖွဲ့- ပခုက္ကူမြို့။

# ဓမ္မသတင်း "၅" ချက်
# အဖြေလွှာ

( လက်ရေးမူ မှတ်တမ်းပါအတိုင်း သတ်ပုံထားပုံ ဖော်ပြအပ်၏။ )

၁/အချက် အဖြေ

၁။ ဣမိနာ ပန ဉာဏေန သမ္ဗုဒ္ဓဂတော ဗုဒ္ဓသာသနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတဂတိကော စူဠသောတာပန္နောနာမ။ (ဝိသုဒ္ဓိမဂ်)

၂။ ပရမတ္ထတော သာသနေ အဿဿာနာမ အရိယာဖလံ ပတိဋ္ဌာနာမ အရိယာမဂ္ဂေါ- ယံပန အနုမိဂတမဂ္ဂဖလောပိ တဒမိဂမဉပါဒါယ ပဋ္ဌိပတ္တိယာ ဋ္ဌိတတ္တာ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌောတိ ဝုစ္စတိ။ (ဝိသုဒ္ဓိမဂ်)

၃။ ဣဒံ နာမရူပံ န အဟေတု န အပစ္စယံ နိဗ္ဗတ္တံ၊ သဟေတု သပစ္စယာ နိဗ္ဗတ္တံ၊ ကော ပနဿ ဟေတု၊ ကော ပနဿ ပစ္စယောတိ- ဉပပရိက္ခန္တော အဝိဇ္ဇာပစ္စယာ- တဏှာပစ္စယာ- ကမ္မပစ္စယာ- အာဟာရပစ္စယာစာတိ တဿ ပစ္စယံ ဝဝတ္ထပေတွာ၊ အတီတေပိ ပစ္စယာစေဝ ပစ္စယသမုပ္ပန္နာ ဓမ္မာစ၊ အနာ ဂတေပိ တေရဟိပိ ပစ္စယာစေဝ ပစ္စယသမုပ္ပန္နာ ဓမ္မာစ၊

တတော ဥဒ္ဓံ သတ္တော ဝါ ပုဂ္ဂလော နတ္ထိ၊ သုဒ္ဓသင်္ခါရပုဉ္ဇောဧဝါတိ တီသု အဒ္ဓါသု ကင်္ခံ ဝိတရတိ၊ အယံ ပန ဝိပဿနာ သင်္ခါရသံလက္ခဏာ ဉာတပရိညာနာမ၊ ဧဝံ သင်္ခါရေ သံ လက္ခေတွာ ဌိတဿ ပန ဘိက္ခုဿ ဒသ ဗလဿ သာသနေ မူလံ ဩတိဏ္ဏော နာမ ဟောတိ ပတိဋ္ဌာ လဒ္ဓါနာမ ရူဠ သောတာပန္နောနာမ ဟောတိ၊ နိယတဂတိကော၊ (သမ္မောအဋ္ဌကထာ)

နံပါတ် (၂)နှင့် (၅) အဖြေ

(၁) အတီတေ သဗ္ဗဗုဒ္ဓေစ၊ သသံဃေ လောကနာယကေ။
ပကတိဝဏ္ဏရူပေန၊ နိမ္မိနိတွာ သသာဝကေ တေနဒွါရေန။
ပဝီသိတွာ သဗ္ဗေ ဗုဒ္ဓါ သသာဝကာ၊
သဗ္ဗသောဝဏ္ဏမယေ ပိဋ္ဌေ နိသိန္နာ အရိယမဏ္ဍလာ။
(အပါဒါန်ပါဠိတော်)

(၂) မာပေသိ နဂရံ သတ္ထာ၊ သဒ္ဓမ္မပုရမုတ္တမံ။
(ဗုဒ္ဓဝံသပါဠိတော်)

(၃) သဒ္ဓမ္မပဏ္ဏရဆတ္တံ ဒတွာ ပါပနိဝါရဏံ
ပါပယိတွာ အဘယပူရံ နိဗ္ဗုတော သော သသာဝကော
(ဗုဒ္ဓဝံသပါဠိတော်)

(၄) ပဋိဝိဒ္ဓဓမ္မသဘာဝါနံ သေခါသေခါနံ အရိယပုဂ္ဂလာနံ ပတိဋ္ဌာန ဂေါစရ နိဝါသနဋ္ဌာနဋ္ဌေန နိဗ္ဗာနံ နဂရန္တိ ဝုစ္စတိ
(ဗုဒ္ဓဝံသအဋ္ဌကထာ)

နံပါတ် (၃) အဖြေ

(၁) သဗ္ဗေသံ သင်္ခတဓမ္မာနံ ပဋိပက္ခဘူတံ သင်္ခတသမုတိသစ္စာရမ္မဏာ ဝိဒူရံ သမုစ္ဆေဒပဟာဏကာရဿ အရိယာမဂ္ဂဉာဏဿ သစ္ဆိကာ တဗ္ဗာရမ္မဏ ဘူတံ ယံ အတ္တရူပံ သာ အသင်္ခတဓာတု နိဗ္ဗာနန္တိ ဝိညာယတိ
(ပဋ္ဌာနသာရ)

(၂) အနတ္တာ အသာရကဋ္ဌေနာတိ စေတ္တ န အတ္တာ အနတ္တာ အသာရကဋ္ဌေနာတိ အသာရဘာဝေန သာရောတိစ ဝဿသတံပိ ဝဿသဟဿံပိ ယာဝဇီဝံ အဓိယမာနော အမိယမာနေ သဘာဝေါ ဝုစ္စတိ သတ္တသန္တာန ပရိယပန္နံ ရူပံ သတ္တသာရော န ဟောတိ ခဏော ခဏော ဘိဇ္ဇနတော

(အနတ္တဝိဘာဝနီသုတ်)

၄င်းပါဠိအရ အတ္တဟူသောပုဒ်သည် သာရ၏ ပရိယာယ်မျှသာ ဖြစ်သည်ဟု ယူဆသောကြောင့် နိဗ္ဗာန်ကို နိစ္စသာရ၊ သုခသာရဟု ဟောသောကြောင့် အတ္တသာရဟု ယူဆသည်။ သို့သော်လည်း အတ္တဟူ၍ ဘုရားမဟောခဲ့ကြောင်း ဓမ္မသတင်း၌လည်း ဖြေပြီးဖြစ်ပါသည်။

## (၄) နံပါတ် အဖြေကား

ဓမ္မသတင်းမှ ယူဆချက်သည် လွဲမှား၍ နေပါသည်။ အရူပ ရဟန္တာ ဗြဟ္မာများ နိရောဓသမာပတ် ဝင်စားသည်-မဝင်စားသည်ကို အဓိကထား၍ ဟောသည်မဟုတ်ပါ။ နိဗ္ဗာန်၌ ပရိနိဗ္ဗုတနိဗ္ဗာန်စံပုဂ္ဂိုလ် ထင်ရှားရှိကြောင်းကို အောက်ပါ ပါဠိအရ ဥပမာပြသောအနေဖြင့် ဟော ပြောခြင်းသာဖြစ်သည်။ (ပါဠိမှန်ကို ရေးပေးလိုက်ပါသည်)

ယဒိ အရူပေ နိရောဓံ သမာပဇ္ဇေယျ စိတ္တစေတသိကာနံ အညဿစ ကဿစိ အဘာဝတော အပညတ္တိကော ဘဝေယျ- အနုပါဒိသေသာယ နိဗ္ဗာန ဓာတုယာ ပရိနိဗ္ဗုတသဒိသော

(ဝိသုဒ္ဓိမဂ်မဟာဋီကာ)

ဤကား အချက်ကြီး ၅ ချက် အဖြေပြီး၏။

အထက်ပါ ပါဠိများအပြင် နိဗ္ဗာန်နှင့် ပတ်သက်၍ ဟောပြောသော ဝိနိစ္ဆယကျမ်းစာများမှာ-

၁။ ပထမရွှေကျင်ဆရာတော်ဘုရားကြီး ရေးသားတော်မူသော ဂမ္ဘီရာဂမ္ဘီရ နိပုဏနိဗ္ဗာန်စာတမ်း

၂။ သုဓမ္မာဂိုဏ်းဝင် ဆရာကြီးဦးတိုင်းရေး၍ ပခုက္ကူမြို့ ရွှေတမ်းတင့် ပထမ ဆရာတော်ဘုရား တည်းဖြတ်ပြင်ဆင်တော်မူသော နိဗ္ဗာန် အကြောင်းစာ

၃။ အုဌ်ဖိုရ်ဆရာတော်ဘုရားကြီး ရေးသားတော်မူသော စန္ဒမဏ္ဍလသုတ္တ နိဗ္ဗာန်စာတမ်းများကို မူထား၍ ပြုပါသည်။

အထက်ပါ အဖြေပါဋ္ဌိများသည် စာဖြင့် ရေးသားရ၍ ဖြေသင့်သလောက်သာ ဖြေနိုင်ပါသည်။ အခြားသော ပါဋ္ဌိတော် အဋ္ဌကထာလာသော ပါဋ္ဌိများ ကျန်ပါသေးသည်ဘုရား။ ဓမ္မသတင်းပါ အချက်ကြီး ၅ ချက်နှင့် ပတ်သက်၍ အဖြေများကို သက်ဆိုင်ရာပုဂ္ဂိုလ်များကို ပခုက္ကူ ဝိပဿနာသင်တန်း ဗဟိုရ်အမှုဆောင်အဖွဲ့မှ "သင်တန်းဆရာ"၏ ခွင့်ပြုချက်အရ ဆက်ကပ်ပါသည်ဘုရား

ပုံ/ ဝိပဿနာသင်တန်း ဗဟိုရ်အမှုဆောင်အဖွဲ့
ပခုက္ကူမြို့

မှတ်ချက်

ဤအဖြေများတွင် အဓမ္မဝါဒီတို့၏ အသုံးအစွဲ စာသားများဖြစ်ခြင်းကြောင့် လက်ရေးမူရှိသည့်အတိုင်း ပြင်ဆင်မှုမပြုဘဲ စာစီထားပါသည်။ သတ်ပုံမှားခြင်း အစရှိသည့် အပြစ်များရှိလျှင် သည်းခံစေလိုပါသည်။

**စီစဉ်သူများ**

# သာသနာရေးအရာရှိ ဦးဝင်းမှ တဆင့် လျှောက်ထားချက်

၁၃၂၀-ခု တပို့တွဲလဆုပ် (၅) ရက် တင်ပြချက်

၁/ ဓမ္မသတင်းစာပါ အချက်အလက်များကို ပဋိသမ္ဘိဒါ ပတ္တပုဂ္ဂိုလ်မဟုတ်၍ မှားတာ ပါချင်ပါဘာလိမ့်မည်

သံဃာတော်များကလဲ မေးသင့်မေးထိုက်သော ပုစ္ဆာများဖြစ်၍ မေးခြင်းဖြစ်သည်-

၂/ လက်မှတ်ပါ သံဃာတော်ရှစ်ပါးက သဘောတူလက်မှတ် ရေးထိုးပြီး သင်တန်းအဖွင့်နိုင်းလျှင် ဖွင့်ပါမည်

ဖြေဆိုချက်

၃/ အာစရိယဝါဒအမျိုးမျိုးကို တိုတိုတုတ်တုတ် ဖြေဆိုပေးပါမည်- နောက်ထပ် တဆင့်တက်၍ ပြန်လည်ဖြေကြားရန်ကို သီးခံပါ-

---။--

သာသနာရေးအရာရှိ ဦးဝင်းမှ တဆင့် လျှောက်ထားချက်

# သင်တန်းသူသင်တန်းသားများ၏ လျှောက်ထားချက်

သမဂ္ဂသံဃာတော်အရှင်သူမြတ်များဘုရား ။

သင်တန်းကို အရှင်မြတ်များက မပိတ်ဟု ပိုစတာများ ကပ်ခဲ့ပါသည်။ သို့ဖြစ်ပါက (တပည့်တော်များ ကြိုက်နှစ်သက်သော) ဦးကြင်ရွှေ၏ သင်တန်းမှ တရားတော်ကို ကောင်းမွန်စွာ နာယူနိုင်ရန်အတွက် အရှင်သူမြတ်များမှ တာဝန်ယူပါရန် ရိုသေစွာ ရှိခိုးလျှောက်ထားပါသည်ဘုရား။

သင်တန်းသူ သင်တန်းသားများ ။

ပခုက္ကူမြို့

( ၂၀-၃၊ တပို့တွဲလဆုပ် (၆) ရက် စနေနေ့

ည ၈ နာရီခွဲ အချိန်တွင် ရသည်။ )

# ဆရာတော် ဦးသုန္ဒရ

## (အဂ္ဂမဟာပဏ္ဍိတ)

မဟာဝိနာယက မဟာဝိသုတာရာမ အလည်တိုက်ကြီး- ပခုက္ကူမြို့၊
နေ့စွဲ ၁၃၂၁-ခု၊ နယုန်လဆုတ် (၆) ရက်

## ပခုက္ကူမြို့ မဟာဝိသုတာရာမ အလည်တိုက် မဟာဝိနာယက ဆရာတော်ဘုရားကြီး၏ ဩဝါဒကထာ ။

**ဝိပဿနာသင်တန်း ဓမ္မကထိက ဆရာမောင်ကြင်မြှေ နှင့်**

**သင်တန်းသူသင်တန်းသားများသို့ ။**

ဩဝါဒေယျာ နုသာသေယျ။ ။

" ဩဝါဒေယျ၊ အပြစ်ဖြစ်သည့်အခါ ပြောဆိုဆုံးမရာ၏။

အနုသာသေယျ၊ အပြစ်မထင် မပေါ်ခင်က ကြိုတင်၍သာ အနာဂတ်ရေး မျှော်တွေးဆုံးမရာ၏ " ဟူသော ဗုဒ္ဓမြတ်စွာ ဒေသနာတော်နှင့်အညီ ဆရာတော်က စိတ်ကောင်းစေတနာ မေတ္တာရှေ့ထား ကရုဏာပွား၍ ဩဝါဒစကား မိန့်ကြားလိုက်သည်။

မြို့သူမြို့သား လူအများတို့အား ခန္ဓာအာယတနစသော တရားအဆီအနှစ်များ ကွဲကွဲပြားပြား သိရှိနားလည်ကြစေရန် ရည်သန်ရိုးရင်း နှလုံးသွင်းစိတ်ကောင်းစေတနာဖြင့် အမြဲမပြတ်ပင် တရားတော်များကို နည်းလမ်းညွှန်ပြ ဟောပြောနေသော (ဒါယကာ **မောင်ကြင်ရွှေ** သည်) ဝိပဿနာဓမ္မကထိက သူတော်စင်ဟူသောနာမည်နှင့် လျော်ညီအောင် မိမိကိုယ်တိုင်ကလည်း သောဝစသတမင်္ဂလာဂုဏ်ကို ဆောင်ယူတော်မူသည့် အရှင်အာနန္ဒာ မဟာထေရ်မြတ်နည်းတူ နှလုံးသွင်းမှတ်ယူ၍ သောဝစသတာမင်္ဂလာဂုဏ်ကို ဆောင်ယူစေလိုသည်။

ခရီးသွားသူ လူအများကို သမုဒ္ဒရာ ထိုမှာဘက်ကမ်းသို့ ရောက်အောင် ပို့ဆောင်နေသည့် ကူးတို့သူကြီး မာလိန်မှူးသည် ထိုမှာဘက်ကမ်းသို့ရောက်အောင် ပို့ဆောင်ပြီးသည့်အခါ မိမိတာဝန် မဟုတ်တော့ဘဲ လှေသင်္ဘောစီးသူ လူအများတာဝန်သာ ဖြစ်သကဲ့သို့ သံသရာစခန်း ဤမှာဘက်ကမ်းမှ နိဗ္ဗာနဓာတ် ဟိုမှာဘက်ကမ်းရပ်သို့ ပို့ဆောင်ညွှန်ကြား တရားတော်များကို ဟောပြောပြသဖို့ရန်မှာ ဓမ္မဒါနပြုလိုသူ ရဟန်းရှင်လူ ဓမ္မကထိက ဟူသမျှတို့၏ တာဝန်သာဖြစ်၍ နိဗ္ဗာနစခမ်း ထိုမှာဘက်ကမ်းသို့ရောက်ပြီးသည့်အခါ မိမိတာဝန် မဟုတ်တော့ပေ။ ဤကဲ့သို့သောထုံးကို နှလုံးမူ၍ တရားတော်များကို ဟောပြောပြသရာ၌လည်း အလွန်တရာ နက်နဲခက်ခဲလှသော နိဗ္ဗာန်နှင့် ဆက်စပ်သည့် အကြောင်းအရာ ထူးထွေချက်များကို ဟောပြောပြသ ဝေဖန်ခွဲခြားချက် မချမှတ်ဘဲ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းတရားမြတ်ကိုသာ နည်းလမ်းညွှန်ကြား ဟောပြောပြသစေလိုသည်။

သင်တန်းသူသင်တန်းသား လူအများကလည်း မိမိတို့ဆရာနည်းတူ သောဝစသတာမင်္ဂလာဂုဏ်ကို ဆောင်ယူကြစေလိုသည်။ မိမိတို့ ကိုးကွယ်နေကျဖြစ်သော သံဃာတော်အရှင်မြတ်များကိုလည်း သုပ္ပဋိပန္နတာ- စသော သံဃာ့ဂုဏ်တော်များကို အာရုံပြုစိတ်ထား၍ သူတော်စင်သူတော်ကောင်း ပီသအောင် ဂုဏ်ကိုဆောင်လျက် ဆက်လက်တိုးတက်၍ ကိုးကွယ်လှူဒါန်းကြစေလိုသည်။

သို့မှသာလျှင် ဆရာဒါယကာ ညီညွတ်စွာဖြင့် မြတ်စွာဘုရား၏ သာသနာတော်မြတ်ကြီးကို ပြုစုစောင့်ရှောက် ချီးမြှောက်အားပေးရာရောက် ၍ သာသနာတော်မြတ်ကြီး တနေ့တခြား တိုးတက်စည်ကား ပွားများနိုင် ပေလိမ့်မည်။

ဤသို့ဆရာဒါယကာ ညီညာစွဲမြဲ တည်နေကြပါမူကား---

"သာဂါရာ အနာဂါရာစ၊ ဥဘော အညောညနိဿိတာ။

အာရာဓယန္တိ သဒ္ဓမ္မံ၊ ယောဂက္ခေမံ အနုတ္တရံ" ဟူသော ဒေသနာတော်နှင့်အညီ နိဗ္ဗာန်စခမ်းပေါက် အလွယ်ရောက်အောင် ပြီးမြောက်စေ နိုင်လိမ့်မည်ဖြစ်ကြောင်းကို စိတ်ကောင်းစေတနာ မေတ္တာရှေ့ထား ကရုဏာပွား၍ ဆရာတော် ဩဝါဒစကား မိန့်ကြားလိုက်ပေသတည်း။

**သာသနာတော်မြတ်ကြီး စည်ပင်ပြန့်ပွားပါစေသောဝ်။**

(ပုံ) **ဦးသုန္ဒရ**
မဟာဝိနာယကဆရာတော်
မဟာဝိသုတာရာမအလည်တိုက်- ပခုက္ကူမြို့။
(ဓမ္မမဏ္ဍိုင်- ပခုက္ကူမြို့)

**နှိုင်းယှဉ်ကြည့်ရန်။** ။

ဦးကြင်ရွှေသည် ဤဩဝါဒအတိုင်း လိုက်နာသူမဟုတ်ကြောင်းကို ဦးကြင်ရွှေ ၏ "နိဗ္ဗာန်တရားတော်" (၂၀၀၈-ဒီဇင်ဘာ) စာအုပ်ကြီး၌ ကြည့်ရှုကြပါ။

**စီစဉ်သူများ**

# ပခုက္ကူခရိုင် လုံခြုံရေးကောင်စီသို့ အကြောင်းကြားစာ

သို့ ၁/ သဘာပတိ
လုံခြုံရေးကောင်စီ (ပခုက္ကူခရိုင်) ပခုက္ကူမြို့
၂/ ခရိုင်ဝန်- ပခုက္ကူ
၃/ ခရိုင်ရဲဝန် - ပခုက္ကူ

နေ့စွဲ· ၁၃၂၁·ခု·နယုံလဆုတ် ၉ ရက်

အကြောင်းကြား သိစေလိုက်ပါသည် ဒါယကာကြီး၊ ပခုက္ကူမြို့ ဝိပဿနာသင်တန်း တရားပွဲကို ၁၃၂၁ ခု နယုံလဆုတ် ၁၀ ရက်နေ့ (၃၀·၆·၅၉)နေ့ညတွင် ပြန်လည်ဟောပြောလိမ့်မည်ဟု သတင်းရရှိပါသည်။ သံဃသမဂ္ဂ သံဃာတော်များအနေဖြင့် အမှန်တရားရရှိရေးကိုသာ တရားသောနည်းဖြင့် ဆောင်ရွက်လုပ်ကိုင်သွားကြမည်ဖြစ်၍ ၁၃၂၁ ခု နယုံလဆုတ် ၆ ရက်နေ့ (၂၆·၆·၅၉) နေ့က ပခုက္ကူမြို့နယ် ဝိနစ္ဆယရုံးသို့ စွဲဆိုထားပြီးဖြစ်ကြောင်းကို ကြိုတင်အကြောင်းကြား သိစေလိုက်ပါသည်။

ပုံ/ xxxxxxxxx

ဦးဝိစာရ
တွဲဘက်တာဝန်ခံ
သံဃသမဂ္ဂ ဌာနချုပ်
သာသနရက္ခိတကျောင်း
ကျောက်မီးကျောင်းတောရတိုက်
ပခုက္ကူမြို့။

## ပခုက္ကူမြို့

# ဝိပဿနာသင်တန်းကြီး

## ဖွင့်တော့မည်
## စိရံ တိဋ္ဌတု သဒ္ဓမ္မော။

သင်တန်းသူ-သင်တန်းသားအပေါင်းနှင့် မြို့ရေနယ်ပါ အဖြာဖြာ ကုန်သော ကလျာဏနွယ်ဝင် သူတော်စင်အပေါင်းတို့ ခင်ဗျား။

ကျွန်တော်များ ပခုက္ကူမြို့- ဝိပဿနာသင်တန်းကြီးသည် လွန်ခဲ့သော (၁၄)နှစ်ကျော်က စတင်၍ တည်ထောင်ဖွင့်လှစ်ခဲ့ရာ (စံလွန်တော်မူပြီးသော အရှေ့တိုက်ဆရာတော်ဘုရားကြီးနှင့်တကွ) အလယ်တိုက်၊ အနောက်တိုက် ဆရာတော်ဘုရားကြီးများ၏ ကိုယ်တော်တိုင် အားပေးချီးမြှောက် ထောက်ခံခြင်းကို ခံယူခဲ့ရပေသည်။

ခံယူရသည့်အလျောက် မြောက်များစွာသော လူအပေါင်းတို့မှာလည်း ဘုရားမြတ်စွာ၏ သာသနာအစစ် ဖြစ်ပေသော ရုပ်နာမ်၊ ခန္ဓာ၊ အာယတန၊ ဓာတ်၊ ပဋိစ္စသမုပ္ပာဒ်၊ သစ္စာ စသော တရားမြတ်တို့ကို မအားမလပ်အောင် အထပ်ထပ် နာယူမှတ်သားရပါသဖြင့်-

မိရိုးဘလော် ဗုဒ္ဓဘာသာအဖြစ်မှ တကယ့်ဗုဒ္ဓဘာသာအစစ် ဖြစ်လာကြရခြင်း၊ အကျင့်မမှန် စာရိတ္တဖောက်ပြန်နေသောသူများသော်မှ ကောင်းမွန်သော စာရိတ္တဗလနှင့် ပြည့်စုံပြောင်းလဲလာကြရခြင်း၊ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးတို့ကို အထူးအားဖြင့် သိကြားနားလည်ကြရခြင်း၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ရစေတတ်- ရစေနိုင်သော ဝိပဿနာတရားကို ပွားများ အားထုတ်တတ်ကြခြင်း၊ ကိုယ်စိတ်နှလုံး သုံးပါးလုံးပင် ရှေးယခင်ထက် ပို၍ယဉ်ကျေးလိမ္မာကြရခြင်း၊ အန္ဓပုထုဇဉ်အဖြစ်မှ ကလျာဏပုထုဇဉ်၊ စူဠသောတာပန်ဖြစ်ကြရခြင်း စသော ထူးမြတ်သော အကျိုးထူးတရားများကို ကိုယ်တွေ့မျက်မြင်အားဖြင့် ထင်ထင်ရှားရှား ခံစားကြရပါသဖြင့်-

"သာသနာနေဝင်း ထွန်းလင်းတောက်ပလျက်ရှိသော ကျွန်ုပ်တို့ ပခုက္ကူမြို့ကြီးဝယ် တကယ်ယုံကြည်အား ကိုးထိုက်သော သင်တန်းကြီးနှင့် ကြုံကြိုက်ရပေသကား"ဟု အားပါးတရဖြင့် ရသမျှ အခွင့်အရေးကြီးကို အနားမပေးဘဲ လေးစားစွာ နာယူနေကြရဆဲအခါမှာပင်-

**အကြင်သို့သော မမျှော်လင့်ဘဲ ဖြစ်ပေါ်လာသော အကြောင်းတစ်ချက်ကြောင့် ၄င်းအတွက် ဆက်၍ မပြနိုင်တော့ဘဲ ခေတ္တရပ်စဲ၍ထားခဲ့ရသည်မှာ- (၂)နှစ်ကျော် (၃)နှစ် နီးပါးမျှ ကြာခဲ့ပြီ** ဖြစ်ရာ မြို့ရေနယ်ပါ များစွာထောင်သောင်း လူအပေါင်းတို့၏ တောင်းတသွေးချို အလိုရှိကြောင်း တောင်းပန်တိုက်တွန်းကြသည်ကို အမိကထား၍ ကျွန်တော်များဗဟိုရ်အမှုဆောင် အဖွဲ့ကြီးမှ ဦးစီးဆောင်ရွက်ကာ ဆရာကိုယ်တိုင်ကပင်-

"ယခင်တစ်ကြိမ်က ပေးထားပြီးဖြစ်သော ပခုက္ကူမြို့ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော် ဩဝါဒါစရိယ မဟာဝိသုတာရာမ မဟာဝိနာယက ဂဏဦးကိုင် သာသနာပိုင်တစ်ဆူ ဖြစ်တော်မူသော အလယ်တိုက် ဆရာတော်ဘုရားကြီး၏ ဩဝါဒကထာ ညွှန်ကြားလွှာအတိုင်းသာ လေးမြတ်စွာ နာယူပါမည်" ဟူသော ကတိပေးချက်ကို လေးနက်စွာ ထောက်ရှုလျက်-

(၁၃၂၃) ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် (၂) ရက်နေ့၊ ည (၇) နာရီ အချိန်တွင် သင်တန်းကြီး အသစ်တဖန် ပြန်လည်ဖွင့်လှစ်တော့မည် ဖြစ်ပါသည်။

သို့အတွက် မြို့ရောနယ်ပါ အဖြာဖြာသော သင်တန်းသူ- သင်တန်းသား အပေါင်းတို့၏ အခွင့်ကောင်းကြီးကို လက်မလွှတ်စေဘဲ မပျက်မကွက် ဆက်ဆက်တက်ရောက် နာယူကြပါရန် နှိုးဆော်အပ်ပါသည်။

(ဦးလှိုင်) (တင်ညွန့်)

ဥက္ကဋ္ဌ အတွင်းရေးမှူး

ဝိပဿနာသင်တန်း- ဗဟိုအမှုဆောင်အဖွဲ့ ပခုက္ကူမြို့။

အောင်သိဒ္ဓိမင်္ဂလာစာပုံနှိပ်တိုက်၊ ညဈေးတန်းလမ်း၊ ပခုက္ကူမြို့။

**သတိထားစဉ်းစားရန်။** တိုက်ကြီး ၃- တိုက်ဆရာတော်ကြီးများက ထောက်ခံပေးခြင်း မရှိပုံကို သတိပြုကြပါ၊ လိမ်ညာထားပုံ ထင်ရှားပါလိမ့်မည်။ အလယ်တိုက် ဆရာတော်ကြီး၏ ဩဝါဒနှင့် အရှေ့တိုက် ဆရာတော်ကြီး၏ အဆုံးအဖြတ်တို့ကို ဖော်ပြထားပြီး…။

**စီစဉ်သူများ**

ပခုက္ကူသင်တန်းခွဲ အမှတ် ( ၃ )

# မြို့တော်ရန်ကုန် အလုံ။ ဝိပဿနာသင်တန်းကြီး ပြန်လည်ဖွင့်လှစ်တော့မည်

## ကြေညာချက်နှင့် ဖိတ်ကြားလွှာ။

လေးမြတ်စွာဖြင့် လွန်ခဲ့သော တနှစ်ကျော်က ပခုက္ကူဝိပဿနာသင်တန်း ဆရာကြီးဦးကြင်ရွှေကိုယ်တိုင် လာရောက်သင်ကြားပြခဲ့သော အလုံ ဝိပဿနာသင်တန်းကြီးသို့ တက်ရောက်၍ ခြောက်လကြာမျှ နာယူလိုက်ကြရသော (သင်တန်းသူ-သင်တန်းသား) အပေါင်းတို့ ခင်ဗျား။

ကျွန်တော်များ အမှုဆောင်အဖွဲ့ကြီးမှ လူကိုယ်တိုင်သွားရောက်၍ ဆရာအား ပင့်လျှောက်ကြရာ ဆရာသည် ကျန်းမာရေးမပြည့်စုံ၍ မရရှိခဲ့ပါ။ သို့အတွက် အမှုဆောင်အဖွဲ့ကြီးက ဆရာကိုယ်တိုင်လာရောက်၍ မချီး မြှောက်နိုင်သည့်အတိုင်း ရပ်ဆိုင်း၍နေပါက အချိန်နှီးသောကာလဖြင့် အချိန် ကုန်ဆုံးကြရတော့မည့်အပြင် အရင်ကမြင်ပြီး၊ ရပြီးသောတရားများပင်လျှင် ဉာဏ် အမြင်ဝေး၍ တဖြေးဖြေး ကွယ်ပျောက်ကြရတော့မည့်အရေးကို

တွေးဆဆင်ခြင်ပြီးလျှင် ယခင်နှစ်ကလို ယခုနှစ်လဲ ဆရာကိုယ်တိုင် ပခုက္ကူ သင်တန်းကြီးမှာ ဟောပြောသင်ကြားသော သင်တန်းစဉ်ကြိုးခွေများကို နံပါတ်စဉ်အတိုင်း မနှစ်ကအဆက်မှ ဆက်လက်၍ ဖွင့်လှစ်ကာ သင်တန်းကြီး စတော့မည်ဖြစ်ရာ နာယူလိုသော ပရိသတ်များအတွက် နေရာထိုင်ခင်းနှင့်တကွ မီးရေအစုံတို့ပါ ပြည့်စုံလုံလောက်စွာ စီမံ၍ ဧည့်ခံဖို့ရာ အသင့်ဖြစ်ကြောင်းကို ကြေညာအပ်ပါသည်ခင်ဗျား။

## မြော်မှန်းနိုင်သောပန်းတိုင်

ဆရာကိုယ်တိုင် လာရောက်၍ ခြောက်လကြာမျှ ဟောပြစဉ် အခါ၈၂ နာယူကြရသောသူအပေါင်းတို့၏ နှုတ်ဖျားတွင် အားပါးတရ ကိုယ်ပိုင်ဉာဏ်ဖြင့် နားလည်မှုရကြသည့်အပြင်-

"ယခင်က တရားရှာခဲ့သော်လည်း ယခုလောက် မပြတ်သား၍ တရားလဲ မရခဲ့ကြပါ။ ယခုမှသာ ပြတ်သားနားလည်သဖြင့် သံသရာမှာလဲ ထောက်တည်ရာရပေသည်။ အပါယ်လေးပါးမှလဲ ဝင်းလုံးကျွတ်အောင် လွတ်ခဲ့ရပေသည်။ အားထားလောက်သော အဆင့်အတန်းသို့လဲ ရောက်ရပေသည်" ဟု ဝမ်းပန်းတသာ သိန်းထီပေါက်ထာမျှ ဆယ်ဆမက လှပရွှင်လန်း ချမ်းမြေ့ ကြည်သာသော မျက်နှာဖြင့် အခါခါ ပြောကြားကြသော အသံများသည် ယနေ့အထိ မဆိတ်ညံသေးဘဲ ပြောကြားဆဲပင် ရှိကြပါသေးသည်။

ဤအချက်တို့ကို ထောက်ဆလျှင် နောက်က နာယူဖူးသောသူ အပေါင်းတို့မှာ အမြတ်နှင့်အကျိုးကို ချိန်ထိုး၍ ကြည့်ပါက သေဘေးနှင့် မဝေးကြသော ကျွန်တော်များသည် သေပြီးသည့်နောက်ဘဝ ရောက်ရမည့် ဂတိငါးပါးအနက် နရက်ခေါ်သော အပါယဂတိ အပါယ်လေးပါးသို့ လားရမည့် ဘေးဆိုးကြီးမှ မုချဧကန် အမှန်မချွတ် ကင်းလွတ်နိုင်သော မျှော်မှန်းချက်ပန်းတိုင်သို့ လှမ်း ကိုင်ရောက်ရှိကြရသော အဖိုးမဖြတ်နိုင်သည့် အကျိုးအမြတ်ကြီးကို ရရှိလိုက်ကြသည်မှာ ယုံမှားဖွယ်ရာ မရှိပါ။

ဒါမှုမကသေး-

အမိမွေးစက ရုပ်နာမ်ကို ဘာမျှမသိကြသဖြင့် အန္ဓခေါ်တဲ့ သူကဏ်း ပုထုဇဉ်ဘဝသာ ဖြစ်ခဲ့ရာမှ အလွန့်အလွန်သိနိုင်ခဲမြင်နိုင်ခဲသော ရုပ်စစ် နာမ်စစ် ပရမတ်စစ် ဓာတ်စစ်တရားတို့ကို ပြတ်သားနားလည်ကြသဖြင့် ကလျာဏ ပုထုဇဉ်ဘဝသို့ ရောက်ရှိကြရခြင်း၊

(ဒသဗလဿ သာသနေ မူလံ သြတိဏ္ဏော နာမ) ဟု အဋ္ဌကထာ ပြသည့်အတိုင်း ဗုဒ္ဓဘာသာတိုင်း ဖြစ်နိုင်ခဲသော သာသနာ့အတွင်းလူခေါ်တဲ့ သာသနိကပုဂ္ဂိုလ်ဖြစ်ရခြင်း၊

ရုပ်နာမ်ခန္ဓာ နှစ်ဖြာသော တရားအစုတို့၏ ဖြစ်ပေါ်လာပုံ အကြောင်း ရင်း မူလတို့ကို အာဂမယုတ္တိဖြင့် နှိုင်းညှိကာ ပြသပေးသော (ပစ္စယပရိဂ္ဂဟ) ဉာဏ်အမြင်ကို အမှန်ပင် ဆုံးဖြတ်၍ သုံးသပ်တတ်သော ကြောင့် အန္ဓပုထုဇဉ်ဘဝမှ လွတ်မြောက်ကာ စူဠသောတာပန်ခေါ်သော သောတာပန်အဖြစ်သို့ စနစ်တကျ အရကောင်းလှသဖြင့် အကျမစောင်း ကြဘဲ ခဏချင်းပင် ဘဝပြောင်းကြရခြင်း၊

စူဠသောတာပန် ဖြစ်ပြန်တော့လဲ ခိုင်မြဲသော (နိယတဂတိက) ပုဂ္ဂိုလ်ဖြစ်ကြရခြင်း

အစရှိသော အဖိုးမဖြတ်နိုင်သည့် အကျိုးအမြတ်တို့ကို ရရှိခံစား ကြရသည့်အားလျော်စွာ "ငါတို့အား (လဒ္ဓသာသ၊ လဒ္ဓပတိဋ္ဌ) သံသရာမှာ သက်သာရာရစေ- ထောက်တည်ရာရစေ- ဟု ရက်ရှေလများ သင်ကြား ပြသပေးသော ဤသင်တန်းကြီးမျိုးကား ရှာမှရှားလှပေသည်" ဟု နားလည် သိရှိကြသည့်အားလျော်စွာ အခွင့်သာ၍ အခါကြုံခဲမှာ စွဲမြဲယုံကြည်စွာနှင့် မပျက်မကွက် ဆက်ဆက်ကြီး တက်ရောက်နာယူတော်မူကြရန် လေးမြတ် စွာ ဖိတ်ကြားအပ်ပါသည်ခင်ဗျား။

**စတင်ဖွင့်လှစ်မည့်အချိန်၊ ၁၃၂၄-ခုနှစ်၊ ပြာသိုလဆုတ် (၃)ရက်၊**

**ဇန်နဝါရီလ (၁၂) ရက်၊ ည (၇)နာရီ။**

# ပခုက္ကူသင်တန်းခွဲ အမှတ် (၃)

## အလုံ၊ ရောဝတီလမ်း- အမှုဆောင်အဖွဲ့ကြီး

| | |
|---|---|
| (ဦးချောင်) | (ဦးဘအုံး) |
| ဥက္ကဋ္ဌ | အတွင်းရေးမှူး |

"အေး" စာပုံနှိပ်တိုက်၊ အမှတ် (၁၂၈) ရှုပါပင်လမ်း၊
အလုံ- ရန်ကုန်မြို့။

# အခန်း - ၃

## ရှေးရှေးသော ဆရာတော်ဘုရားကြီးတို့၏

## ကျမ်းအစောင်စောင်မှ

## ဆုံးဖြတ်ချက်များ

# ပရိဝါ ပါဠိတော် နှင့် ဝိမတိဝိနောဒနီ ဋီကာတို့၏ နိဗ္ဗာန် အနတ္တ အဆုံးအဖြတ်

''အနိစ္စာ သဗ္ဗေ သင်္ခါရာ၊ ဒုက္ခာနတ္တာစ သင်္ခတာ။
နိဗ္ဗာနဉ္စေဝ ပညတ္တိ၊ အနတ္တာ ဣတိ နိစ္ဆယာ''။

(ပရိဝါပါဠိတော်။)

''ပါဠိယံ 'နိဗ္ဗာနဉ္စေဝ ပညတ္တိ'တိ ဧတ္ထ ယသ္မာ သင်္ခတမ္ပိ ဥပါဒါယ ပညတ္တာ သမ္မုတိသစ္စဘူတာ ပုဂ္ဂလာဒိပညတ္တိ ပရမတ္ထတော အဝိဇ္ဇမာနတ္တာ ဥပ္ပတ္တိဝိနာသယုတ္တ ဝတ္ထုဓမ္မနိယတေန အနိစ္စဒုက္ခ လက္ခဏဒွယေန ယုတ္တာတိ ဝတ္တုံ အယုတ္တာ။ ကာရကဝေဒကာဒိရူပေန ပန ပရိကပ္ပိတေန အတ္တသဘာဝေန ဝိရဟိတတ္တာ အနတ္တာတိ ဝတ္တုံ

ယုတ္တာ။ တသ္မာ အယံ ပညတ္တိပိ အသင်္ခတတ္တာ သာမညတော ဝတ္ထုဘူတေန နိဗ္ဗာနေန သဟ "အနတ္တာ ဣတိ နိစ္ဆယာ"တိ ဝုတ္တာ။ အဝိဇ္ဇမာနာပိ ဟိ သမ္မုတိ ကေနစိ ပစ္စယေန အကတတ္တာ အသင်္ခတာ ဧဝါ တိ။
(ဝိမတိဝိနောဒနီဋီကာ။)

**အဓိပ္ပာယ်ကား**

သင်္ခတဖြစ်သော ရုပ်နာမ်တရားတို့ကို အစွဲပြု၍ ပညတ်အပ်သော သမုတိသစ္စာဖြစ်သော ပုဂ္ဂိုလ်၊ သတ္တဝါ အစရှိသော အတ္ထပညတ်သည် ပရမတ်အားဖြင့် ထင်ရှားမရှိသောကြောင့် ဖြစ်ခြင်းပျက်ခြင်းနှင့် ယှဉ်စပ်နေသော ပရမတ်တရားအပေါင်း၌ မြဲသော အနိစ္စလက္ခဏာ ဒုက္ခလက္ခာ တို့နှင့်မယှဉ်။(ထို့ကြောင့် အတ္ထပညတ်ကို အနိစ္စ၊ ဒုက္ခဟုမခေါ်ဆိုနိုင်။)

အနိစ္စလက္ခဏာ ဒုက္ခလက္ခဏာတို့နှင့် မယှဉ်သော်လည်း အနတ္တ လက္ခဏာနှင့် ယှဉ်ပုံကို ဆိုဦးအံ့။ ပုဂ္ဂိုလ်၊ သတ္တဝါ အစရှိသော အတ္ထပညတ် သည် တိတ္ထိယပုဂ္ဂိုလ်တို့ ကြံဆစွဲလမ်းအပ်သော၊ ပြုလုပ်တတ်သောသူ၊ ခံစားတတ်သောသူ စသည် သဘောရှိသော အတ္တကောင်သဘောမှ ကင်းခြင်းကြောင့် အတ္ထပညတ်ကို အနတ္တဟု ဆိုနိုင်၏။ အနတ္တလက္ခဏာနှင့် ယှဉ်၏။

ထိုသို့အနိစ္စ၊ ဒုက္ခဟု မဆိုနိုင်ခြင်း၊ အနတ္တဟု ဆိုနိုင်ခြင်းကြောင့် ၎င်းအတ္ထပညတ်ကို အသင်္ခတအဖြစ်အားဖြင့် တူသော ပရမတ်တရား ဖြစ်သော နိဗ္ဗာန်နှင့်တကွ အနတ္တဟု ဆုံးဖြတ်အပ်၏။ မှန်၏။ ၎င်းအတ္ထ ပညတ်သည် ပရမတ်အားဖြင့် ထင်ရှားမရှိသော်လည်း တစ်စုံတစ်ခုသော အကြောင်းတရားသည် ဝါ- ကံ စိတ် ဥတု အာဟာရဟူသော အကြောင်း တရားအပေါင်းသည် မပြုအပ်သည့်အတွက်ကြောင့် အသင်္ခတမည်သည် သာတည်း။ ဤကား အဓိပ္ပာယ်။

ပခုက္ကူမြို့ မဟာဝိဇယာရာမ (ပါဠိတက္ကသိုလ်) အရှေ့တိုက်သစ်
အဘိဓဇ မဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ

# အရှေ့တိုက်သစ် ဆရာတော်ဘုရားကြီး၏ အဆုံးအဖြတ်

ပခုက္ကူမြို့ မဟာဝိဇယာရာမ (ပါဠိတက္ကသိုလ်) အရှေ့တိုက်သစ် အဘိဓဇ မဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဘုရားကြီးသည် ဆရာကွန်းရေး ''သောတာပန္နာဒိဝိသောဓနီ'' ကျမ်း၌ ကိုယ်တော်တိုင် ကြည့်ရှုပြင်ဆင်၍-

''နိဗ္ဗာန်၌ ရုပ်ဝိသေသ နာမ်ဝိသေသ မရှိပုံ၊

နိဗ္ဗာန်သည် ဘုံဌာနအားဖြင့် မြို့ကြီးပြည်ကြီးလို တည်ရာဌာန မရှိပုံ'' တို့ကို အောက်ပါအတိုင်း ဆုံးဖြတ်ထားတော်မူခဲ့ပါသည်။

ဆုံးဖြတ်ထားတော်မူပုံမှာ-

''သစ္စာလေးပါးသည် မိမိတို့ကိစ္စနှင့် တခြားစီဖြစ်ပါလျက် သောတာပတ္တိမဂ်စိတ် ဖြစ်သည့်အခိုက်အခါတွင် အလွန်သေးငယ် နည်းပါးသော အချိန်ကလေးတစ်ချက်အတွင်း၌ ဉာဏ်ကိစ္စလေးချက် တစ်ပြိုင်နက် ပြီးရမည်ဆိုသော် ''ဘယ်လိုပြီးမလဲ၊ ဘယ်လိုမြင်မလဲ'' ဟူ၍ တွေးတော ဖွယ် မေးဖွယ်ရှိ၏။

အဖြေကား-

သင်္ဂြိုဟ်ကျမ်း၌ ''နိရောဓောနာမ နိဗ္ဗာနံ'' ဟု ပြ၏။ နိရောဓော နာမ= နိရောဓသစ္စာမည်သည်ကား။ နိဗ္ဗာနံ= နိဗ္ဗာန်တရားပင်တည်း။

ဤပါဠိ၌ "နိရောဓသည်ပင်လျှင် နိဗ္ဗာန်။ နိဗ္ဗာန်သည်ပင်လျှင် နိရောဓ"ဟု အပြန်အလှန် မှတ်သားဦး။

နိရောဓဟူသည် ချုပ်ခြင်းသဘောတည်း။ မည်သည့်အရာ ချုပ်သနည်းဟူမူ ကမ္ဘာအဆက်ဆက် ဘဝအဆက်ဆက်က ဒုက္ခသစ္စာဟူသော လောကီခန္ဓာငါးပါးတို့သည် လူ့ဘဝ- လူ့ခန္ဓာ၊ နတ်ဘဝ- နတ်ခန္ဓာ၊ ပြဟ္မာဘဝ- ပြဟ္မာခန္ဓာ၊ တိရစ္ဆာန်ဘဝ-တိရစ္ဆာန်ခန္ဓာ စသည်ဖြင့် ဆက်ကာဆက်ကာ ဇာတ်ထွက်၍ ကလာခဲ့ရာ ထိုလောကီခန္ဓာငါးပါးတို့၏ အပြီးသတ် ချုပ်ငြိမ်းမှု၊ ဇာတ်သိမ်းမှုသည်ပင် နိရောဓသစ္စာမည်၏။ ထို့ကြောင့် လောကီခန္ဓာငါးပါးတို့သည် ချုပ်ကုန်၏။

ယောဂါဝစရပုဂ္ဂိုလ်တို့၏ လောကီခန္ဓာငါးပါးတို့ကို ဤနိရောဓသစ္စာဆိုက်အောင် သိမှုသည် ဒုက္ခသစ္စာ- ပရိညာကိစ္စ ပြီးမြောက်၏။

သမုဒယသစ္စာသည်ကား ထိုဒုက္ခသစ္စာ- လောကီခန္ဓာငါးပါးတို့ကို ဖြစ်စေမှု။

နိရောဓသစ္စာသည်ကား ထိုဒုက္ခသစ္စာ- လောကီခန္ဓာငါးပါးတို့ကို ချုပ်စေမှု။

သို့ဖြစ်၍ တရားချင်း ဆန့်ကျင်၏။ ထို့ကြောင့် နိရောဓသစ္စာ- နိဗ္ဗာန်ကို မျက်မှောက်ပြု၍ မြင်လျှင် လောဘ အနုသယတည်းဟူသော သမုဒယသစ္စာကိုပယ်သတ်ပြီး သမုဒယသစ္စာ-ပဟာတဗ္ဗကိစ္စပြီးမြောက်၏။

မဂ္ဂသစ္စာသည်ကား ထိုနိရောဓသစ္စာဟူသော နိဗ္ဗာန်ကို အာရုံပြုသော မဂ်စိတ်နှင့်ယှဉ်သော သမ္မာဒိဋ္ဌိ ပညာပင်လျှင် မဂ္ဂသစ္စာ ဖြစ်၏။ ထို့ကြောင့် မဂ်စိတ္တုပ္ပာဒ်သည် နိဗ္ဗာန်ကို အာရုံပြုသည်နှင့်တစ်ပြိုင်နက် သစ္ဆိကရဏကိစ္စ၊ ဘာဝေတဗ္ဗကိစ္စ ၂-ကိစ္စ ပြီးမြောက်၏။ ဤကား မဂ်စိတ္တုပ္ပာဒ်တစ်ချက်အတွင်း၌ သစ္စာလေးပါးကို မြင်ခြင်းတည်း။

ထို့ကြောင့် ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးက ပရမတ္ထသံခိပ်ကျမ်းတွင် "သိ- ပယ်- ဆိုက်- ပွား၊ လေးပါးအချက်၊ တစ်ပြိုင်နက်၊ မဂ်၏ ကိစ္စတည်း" ဟု ရေးတော်မူ၏။

သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားသည် သစ္စာလေးပါးတို့တွင် တစ်ပါးကို သိလျှင် ကျန်သုံးပါးတို့ကို သိကြောင်း ဟောတော်မူ၏။ ဟောတော်မူကြောင်းကား မဟာဝဂ္ဂ သံယုတ်ပါဠိတော်တွင် အရှင်သာရိပုတ္တရာ

မထေရ်မြတ်က ရဟန္တာတို့ကို သစ္စာလေးပါးတွင် တစ်ပါးကို သိလျှင် ကျန်သုံးပါးတို့ကို သိသလော- မသိသလောဟု မေးရာ အရှင်ဂဝံပတိ မထေရ်က သစ္စာလေးပါးတွင် တစ်ပါးကိုသိလျှင် ကျန်သုံးပါးကို သိကြောင်း ဘုရားဟောတော်မူသည်ကို ဘုရား၏ မျက်မှောက်တော်၌ တပည့်တော်ကိုယ်တော်တိုင် ကြားနာမှတ်သားရ ကြောင်း သက်သေခံ၏။

**ဟောတော်မူပုံကား-**

၁။ "ယော ဘိက္ခဝေ ဒုက္ခံ ပဿတိ၊ ဒုက္ခသမုဒယမ္ပိ သော ပဿတိ၊ ဒုက္ခနိရောဓမ္ပိ ပဿတိ၊ ဒုက္ခနိရောဓဂါမိနီပဋိပဒမ္ပိ ပဿတိ။

၂။ "ယော ဒုက္ခသမုဒယံ ပဿတိ၊ ဒုက္ခမ္ပိ သော ပဿတိ၊ ဒုက္ခနိရောဓမ္ပိ ပဿတိ၊ ဒုက္ခနိရောဓဂါမိနီပဋိပဒမ္ပိ ပဿတိ။

၃။ "ယော ဒုက္ခနိရောဓံ ပဿတိ၊ ဒုက္ခမ္ပိ သော ပဿတိ၊ ဒုက္ခသမုဒယမ္ပိ ပဿတိ၊ ဒုက္ခနိရောဓဂါမိနီပဋိပဒမ္ပိ ပဿတိ။

၄။ "ယော ဒုက္ခနိရောဓဂါမိနီပဋိပဒံ ပဿတိ၊ ဒုက္ခမ္ပိ သော ပဿတိ၊ ဒုက္ခသမုဒယမ္ပိ ပဿတိ၊ ဒုက္ခနိရောဓမ္ပိ ပဿတိ။

**အနက်ကား**

ဘိက္ခဝေ= ရဟန်းတို့။ ယော= အကြင်သူသည်။ ဒုက္ခံ= ဒုက္ခသစ္စာကို။ ပဿတိ= မြင်၏။ သော= ထိုဒုက္ခသစ္စာကို မြင်သောသူသည်။ ဒုက္ခသမုဒယမ္ပိ= ဒုက္ခသမုဒယသစ္စာကိုလည်း။ ပဿတိ= မြင်၏။ ဒုက္ခနိရောဓမ္ပိ= ဒုက္ခနိရောဓ သစ္စာကိုလည်း။ ပဿတိ= မြင်၏။ ဒုက္ခနိရောဓဂါမိနီပဋိပဒမ္ပိ= ဒုက္ခနိရောဓ ဂါမိနီပဋိပဒါသစ္စာကိုလည်း။ ပဿတိ= မြင်၏။

(နောက်ပါဠိတော် ၂-၃-၄-တို့ကား အနက်လွယ်ပြီ။)

ဤသို့လျှင် သောတာပန်ပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်ကို ရသည့် ခဏ၌ပင် ထိုကိစ္စ ၄-ချက်နှင့်တကွ သစ္စာလေးပါးကို သိသည်။ သိပြန်လျှင်လည်း သစ္စာတစ်ပါးကို သိလျှင် ကျန်သုံးပါးကိုသိကြောင်း ဘုရား ဟောတော်မူသည်ကို ပြဆိုလိုက်သည်။

နိရောဓသစ္စာအရာတွင်လည်း နိရောဓသည် ခဏိကချုပ်မှု၊ သမုစ္ဆေဒချုပ်မှုဟု နှစ်မျိုးရှိ၏။ သတ္တဝါတို့သန္တာန်၌ ရုပ်နာမ်နှစ်ပါးတို့ ဖြစ်၍ ခဏခဏ ချုပ်နေခြင်းသည် နောက်ထပ်၍ ရုပ်နာမ်အသစ်အသစ် ဖြစ်ပေါ်မြဲဖြစ်၍ ခဏိကချုပ်ခြင်း မည်၏။ နာမ်ရုပ်နှစ်ပါး၊ ခန္ဓာငါးပါး ချုပ်ပြီးသည့်နောက် တစ်ဖန်ပြန်၍ ဖြစ်မြဲမဟုတ်၍ ချုပ်နေခြင်းသည် သမုစ္ဆေဒချုပ်ခြင်း မည်၏။ ထိုချုပ် ခြင်းနှစ်ပါးကို စွဲ၍ ခဏိကမရဏ၊ သမုစ္ဆေဒမရဏဟု ဟောပြောကြပေ၏။ ကျမ်းဂန်၌လည်း ပါရှိ၏။

သမ္မောဟဝိနောဒနီ အဋ္ဌကထာတွင်

"ခဏိကမရဏံ သမုတိမရဏံ သမုစ္ဆေဒမရဏန္တိ အယမ္ပိ ဘေဒေါ ဝေဒိတဗ္ဗော" ဟူ၍ မိန့်ရာ၌ "ခီဏာသဝဿ အပ္ပဋိသန္ဓိကာ ကာလကြိယာ သမုစ္ဆေဒမရဏံ နာမ" ဟု မိန့်တော်မူသည်။

(ခီဏာသဝဿ= ရဟန္တာ၏။ အပ္ပဋိသန္ဓိကာ= နောက်ဖြစ်လတ္တံ့သော ပဋိသန္ဓေမရှိဘဲ။ ကာလကြိယာ= သေခြင်းသည်။ သမုစ္ဆေဒမရဏံနာမ= သမုစ္ဆေ ဒမရဏ မည်၏။)

ဤသမုစ္ဆေဒမရဏသည် နိရောဓပင် ဖြစ်၏။ နိရောဓသည်လည်း နိဗ္ဗာန်ပင် ဖြစ်၏။

ထို့ကြောင့် ၎င်းသမ္မောအဋ္ဌကထာ၌ပင် "နိဗ္ဗာနမေဝ နိရောဓသစ္စန္တိ ပဋိဝိဇ္ဈိသု" ဟူ၍ မိန့်တော်မူပြန်၏။

(နိဗ္ဗာနမေဝ= နိဗ္ဗာန်ကိုပင်။ နိရောဓသစ္စန္တိ= နိရောဓသစ္စာဟူ၍။ ပဋိ ဝိဇ္ဈိသု= ထိုးထွင်း၍ သိကုန်ပြီ။)

ထို့အတူ ပုဂ္ဂလပညတ် အဋ္ဌကထာ၌လည်း "ယသ္မာ ပန ဣဒံ ဒုက္ခဥ္စ၊ သမုဒယောစ နိဗ္ဗာနံ ပတွာ နိရုဇ္ဈန္တိ ဝူပသမန္တိ အပ္ပဝတ္တိံ ဂစ္ဆန္တိ၊ တသ္မာ နံ အယံ ဒုက္ခနိရောဓောတိ ယထာဘူတံ ပဇာနာတိ" ဟူ၍ မိန့်တော်မူ၏။

(ယသ္မာ ပန= အကြင့်ကြောင့်ကား။ ဣဒံ ဒုက္ခဥ္စ= ဤဒုက္ခသစ္စာသည် လည်းကောင်း။ သမုဒယောစ= သမုဒယသစ္စာသည်လည်းကောင်း။ နိဗ္ဗာနံ= နိဗ္ဗာန်သို့။ ပတွာ= ရောက်၍။ နိရုဇ္ဈန္တိ= ချုပ်ကြကုန်၏။ ဝူပသမန္တိ= ငြိမ်းကြကုန်၏။ အပ္ပဝတ္တိံ ဂစ္ဆန္တိ= မဖြစ်ခြင်းသို့ ရောက်ကြကုန်၏။ တသ္မာ=

ထို့ကြောင့်။ နံ= ထိုနိဗ္ဗာန်ကို။ အယံ= ဤနိဗ္ဗာန်သည်။ ဒုက္ခနိရောဓောတိ= ဒုက္ခသစ္စာ သမုဒယသစ္စာ နှစ်ပါးတို့၏ ချုပ်ရာ နိရောဓ သစ္စာတည်းဟူ၍။ ယထာဘူတံ= ဟုတ်မှန် သည့်အတိုင်း။ ပဇာနာတိ= သိ၏။)

ထိုသို့ဖော်ပြခဲ့ပြီးသော ပါဠိတော် အဋ္ဌကထာတို့ကို ထောက်၍ သိမြင်ရသဖြင့် "နိဗ္ဗာန်သည် မြို့ကြီး၊ ပြည်ကြီး၊ ရုပ်ဝိသေသ- နာမ် ဝိသေသ ရှိသည်" ဟူသော စကားများကို ဆင်ခြင်ကြလေ။

အကယ်၍ ရုပ်ဝိသေသ၊ နာမ်ဝိသေသ ရှိသည် ဖြစ်အံ့-။ ဓာတိ မကင်းရာ။ ဇရာမရဏာလည်း မကင်းရာ။ ရုပ်မှာလည်း ကမ္မဇ၊ စိတ္တဇ၊ ဥတုဇ၊ အာဟာရဇ တစ်ခုခုဖြစ်ရမည်။ မဖြစ်ဘူးဆိုဦးတော့ အအေးအပူ ဟူသော ဥတုဇရုပ် ရှိရမည်။ မရှိဘူးဆိုဦးတော့ တည်ရာဌာနဘုံ ရှိရမည်။ ဘုံရှိပြန်လျှင်လည်း ၃၂-ဘုံ ဖြစ်လိမ့်မည်။ ၃၂-ဘုံဟုလည်း ကျမ်းဂန်တို့၌ မရှိ။ ၃၁-ဘုံဟုသာ ရှိသည်။ ဉာဏ်ဖြင့် စဉ်းစားကြလေ။

နိရောဓသစ္စာ အမြင်လွဲလျှင် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို ရအောင် အားထုတ်သော်လည်း ရနိုင်မည်မဟုတ်။ ထို့ကြောင့် သစ္စာ ၄-ပါးကိုသိရန် ကျမ်းဂန်မှာ ရှိသည့်အတိုင်း ထုတ်ပြလိုက်သည်။

(ဤအဆုံးအဖြတ်ကို
ဆရာကွန်း ဥပုသ်သည် ပခုက္ကူမြို့ ရေး
သောတာပန္နာဒိဝိသောဓနီကျမ်း
စာမျက်နှာ ၁၁၅ မှ ၁၁၈ ထိ ကြည့်။)

## နိဗ္ဗာန် အနတ္တ

ဘုရားက "သဗ္ဗေ ဓမ္မာ အနတ္တာ" ဟု ဟောခြင်းသည် ပညတ်နှင့် နိဗ္ဗာန်ကို အနတ္တထဲတွင် ပါဝင်တော်မူစေလို၍ သဗ္ဗေ သင်္ခါရာ အနတ္တာ ဟု မဟောဘဲ သဗ္ဗေ ဓမ္မာ အနတ္တာ ဟု ဘုရားဟောခဲ့ခြင်း ဖြစ်သည်။

(သီတင်းနေ့စဉ်ဩဝါဒပေးချက်မှ မှတ်ယူထားချက်။)

ပိဋကတ္တယကောဝိဒ၊ သိက္ခာကာမ၊
လဇ္ဇီပေသလ၊ ဝိနယဓရ၊
ဂဏပါမောက္ခ၊ သာသနဘာရဝဟ
စသည်လုံလောက် မုံသောက်မာတင်
အာဇာနည်ဝင် ဖြစ်တော်မူသော

# မိုးနံကုန်း ဆရာတော်ဘုရားကြီး၏ အဆုံးအဖြတ် ( ၃ ) ချက်

### (၁) ပရိနိဗ္ဗာန်ပြုပြီးသော ရုပ်ထူးနာမ်ထူးဘုရား မရှိကြောင်း ဆုံးဖြတ်ချက်

က။ အတီတေ သဗ္ဗဗုဒ္ဓေစ၊ သသံဃေ လောကနာယကေ- စသော အပါဒါန်ပါဠိ၊

ခ။ ယထာပန မဟာရာဇ အတ္ထိ အဂ္ဂိနာမ၊ နတ္ထိ တဿ သန္နိဟိ တောကာ သော- စသော မိလိန္ဒပဉှာပါဠိ၊

ဂ။ မာပေသိ နဂရံ သတ္ထာ၊ သဒ္ဓမ္မပူရမုတ္တမံ- စသော ဗုဒ္ဓဝင်ပါဠိ၊

ဃ။ ပဋိဝိဒ္ဓဓမ္မသဘာဝါနံ- စသော ဗုဒ္ဓဝင်အဋ္ဌကထာတို့၏ ယထာဘူတ အနက်အဓိပ္ပာယ်ကို သိလိုပါသည် လျှောက်ထားရာ၌ အဆုံးအဖြတ်ကို ဤသို့ မှတ်ရာ၏။

အလောင်းတော် တိလောကစကြာမင်းသည် ပြာသာဒ်ကြီးကို ဖန်ဆင်းစီရင်တော်မမူမီ ရှေးအဖို့၌ ပဒုမဒေဝီမိဖုရားကြီး၏ သားတော် ပစ္စေဗုဒ္ဓါ ငါးရာတို့ကဲ့သို့သော များစွာသော ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ကို ဆွမ်းသင်္ကန်း စသည်တို့ဖြင့် ပူဇော်ကိုးကွယ်တော်မူ၏။

ဤမျှတည်းဖြင့် ရောင့်ရဲတော်မမူနိုင်သည်ဖြစ်၍ ပြာသာဒ်ကို စီရင်၍ ပွင့်တော်မူပြီးသော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ အရှင်မြတ်တို့၏ ကိုယ်စား ရုပ်ရှင်တော်မြတ်တို့ကို ထိုပြာသာဒ်ထက်၌ သီတင်းသုံးစေတော်မူ၍ "သင်္ကန်းအစရှိသော ပစ္စည်းတို့ဖြင့် လှူရသော် ကောင်း၏" ဟု အကြံပြု၍ ထိုအကြံကို ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့အား လျှောက်ထား၍ ယုဂန္ဓိုရ်တောင် နှင့်အမျှ ပမာဏရှိသော အထူးထူးသော ရတနာမျိုးတို့ဖြင့် ဆန်းကြယ်သော ပြာသာဒ်ကြီးကို ဖန်တီးစီရင်တော်မူပြီးသော် ပြာသာဒ်ပြီးကြောင်းကို ပစ္စေက ဗုဒ္ဓါအရှင်မြတ်တို့အား လျှောက်ကြား၍ ပင့်တော်မူ၏။

ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့သည်လည်း "မင်းကြီးအား များမြတ် သော ကုသိုလ်ပွားစီးအံ့" သည်ကို ရည်၍ မင်းကြီးလျှောက်ထားသည့် အတိုင်း ပွင့်တော်မူပြီးသော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ အရှင်မြတ်တို့၏ ကိုယ်စား ရုပ်ရှင်တော်မြတ်တို့ကို ဖန်ဆင်းတော်မူ၍ ထိုနိမ္မိတဖြစ်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာအရှင်မြတ်တို့နှင့်တကွ ကြွလာတော်မူပြီး၍ ဖန်ဆင်းစီရင်တော်မူအပ်သော ပြာသာဒ်ထက်၌ ခင်းထားအပ်သော ရွှေအင်း ပျဉ်ထက်၌ သီတင်းသုံးတော်မူကြသတည်း။

ဤအကြောင်းကို ပြတော်မူလိုသော မြတ်စွာဘုရားသည်-

"အတီတေ သဗ္ဗဗုဒ္ဓေစ၊ သသံဃေ လောကနာယကေ။
ပကတိဝဏ္ဏရူပေန၊ နိမ္မိနိတွာ သသာဝကေ။
တေနဒွါရေန ပဝိသိတွာ၊ သဗ္ဗေ ဗုဒ္ဓါ သသာဝကာ။
သဗ္ဗသောဝဏ္ဏမယေ ပီဌေ၊ နိသိန္နာ အရိယမဏ္ဍလာ"
ဟူသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

**အနက်ကား**

တေရဟိ= ယခုပစ္စုပ္ပန်ကာလ၌။ ဥပ္ပန္နမာနာ= ပွင့်တော်မူဆဲဖြစ်ကုန် သော။ ယေပစ္စေကဗုဒ္ဓါ= အကြင်ပစ္စေကဗုဒ္ဓါအရှင်တို့သည်။--

အတီတေ= လွန်လေပြီးသောအခါ၌။ ဇာတေ= ပွင့်တော်မူပြီးကုန်သော။ လောကနာယကေ= လူသုံးပါးတို့၏ ကိုးကွယ်ရာ ဖြစ်တော်မူကုန်သော။ သဗ္ဗေသမ္ဗုဒ္ဓေစ= များစွာသော ဘုရားရှင်တို့ကိုလည်းကောင်း။ သသာဝကေ= တပည့်သား ပစ္စေကဗုဒ္ဓါနှင့်တကွ ဖြစ်တော်မူကုန်သော။ သဗ္ဗပစ္စေက ဗုဒ္ဓေစ= များစွာသော ပစ္စေကဗုဒ္ဓါ အရှင်တို့ကိုလည်းကောင်း။ ပကတိဝဏ္ဏရူပေန= ပြကတေသော သဏ္ဌာန်တော်၊ အဆင်းတော်ဖြင့်။ နိမ္မိနိတွာ= ဖန်ဆင်းတော်မူကုန်၍။

အရိယမဏ္ဍလာ= အရိယာတို့၏အပေါင်း ဖြစ်တော်မူကုန်သော။ သ သာဝကာ= တပည့်သား ပစ္စေကဗုဒ္ဓါတို့နှင့် တကွဖြစ်တော်မူကုန်သော။ သဗ္ဗေ= အလုံးစုံကုန်သော။ တေပစ္စေကဗုဒ္ဓါ= ထိုပစ္စေကဗုဒ္ဓါ ဘုရားရှင်တို့သည်။ နိမ္မိတေ ဟိ= ဖန်ဆင်းတော်မူအပ်ကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ အရှင်မြတ်တို့နှင့်။ သဒ္ဓိံ= တကွ။. ယေနဒွါရေန= အကြင်တံခါးဖြင့်။ ပါသာဒေါ= ပြာသာဒ်သည်။ ပဝိသိတဗ္ဗော= ဝင်သင့်ဝင်ထိုက်သည်။ ဟောတိ= ဖြစ်၏။

တေနဒွါရေန= ထိုတံခါးဖြင့်။ ပဝိသိတွာ= ဝင်တော်မူကုန်၍။ သဗ္ဗသော ဝဏ္ဏမယေ= အလုံးစုံ အကုန်ရွှေဖြင့်ပြီးသော။ ပီဌေ= မြတ်သောအင်းပျဉ်ထက်၌။ နိသိန္နာ= သီတင်းသုံး နေတော်မူကြကုန်၏။ (ဤကားအနက်။)

ဤသို့အနက်ယောဇနာရာ၌ "တေရဟိ ဥပ္ပန္နမာနာ" ဟု ဝိသေသန ထည့်သင့်ကြောင်းကို ဆိုလတ္တံ့သော "ယေစ တေရဟိ အတ္ထိ၊ ဗုဒ္ဓါ လောကေ အနုတ္တရာ" ဟူသော ပါဠိတော်ကို ထောက်၍ သိအပ်၏။

တစ်ဝါကျတည်းဖြစ်သော်လည်း တွာပစ္စည်းခြားရာ၌ "ယေ" ဟူသော "တေ" ဟူသော သဒ္ဒါထည့်သင့်ကြောင်းကို "ယာပနဘိက္ခုနီ ဘိက္ခုနိယာ သဒ္ဓိံ စီဝရံ ပရိဝတ္တေတွာ သာ ပစ္ဆာ ဇဝံ ဝဒေယျ" ဟူသော ဘိက္ခုနီပါဠိကို ထောက်၍ သိအပ်၏။

(ယာပနဘိက္ခုနီ= အကြင်ရဟန်းမိန်းမသည်ကား။ ဘိက္ခုနိယာ= ရဟန်း မိန်းမနှင့်။ သဒ္ဓိံ= တကွ။ စီဝရံ= သင်္ကန်းကို။ ပရိဝတ္တေတွာ=

လဲလှယ်၍။ သာ ဘိက္ခုနီ= ထိုရဟန်းမိန်းမသည်။ ပစ္ဆာ= နောက်မှ။ ဧဝံ= ဤသို့။ ဝဒေယျ= ဆို ငြားအံ့။)

"ပစ္စေကဗုဒ္ဓါ" ဟု ကတ္တားပါဠ် ထည့်သင့်ကြောင်းကိုလည်း နောက်နိယ မ-ဝါကျ၌ "သမ္ဗေဗုဒ္ဓါ" ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်တို့၏ အဖွင့်ဖြစ်သော "သဗ္ဗေ ပစ္စေကဗုဒ္ဓါ" ဟူသော အဋ္ဌကထာပါဠ်ကို ထောက်၍ သိအပ်၏။ ထိုစကား သင့်စွ။ "ယေ"ဟူသော အနိယမ သဒ္ဒါသည် "တေ"ဟူသော နိယမသဒ္ဒါနှင့် အနက်အားဖြင့် စင်စစ်တူမြဲ။

ထို့ကြောင့် နောက်နိယမဝါကျ၌ သမ္ဗေဗုဒ္ဓါဟူသော သံဝဏ္ဏေတဗ္ဗပုဒ် တို့ကို "ပစ္စေကဗုဒ္ဓါ" ဟု ဖွင့်တော်မူသော အဋ္ဌကထာဆရာသည် နောက်နိယမ ဝါကျ၌ "တေ သမ္မာသမ္ဗုဒ္ဓါ" ဟူသောကတ္တား၊ ရှေ့အနိယမ ဝါကျ၌ "ယေ သမ္မာ သမ္ဗုဒ္ဓါ" ဟူသောကတ္တားတို့ကို ပယ်တော်မူ၏ဟု မှတ်အပ်၏။

ထိုစကားသင့်စွ။ "သမ္ဗေဗုဒ္ဓါ" ဟု သာမန်ဟောတော်မူအပ်လျက် "သဗ္ဗေ ပစ္စေကဗုဒ္ဓါ" ဟု ဝိသေသအားဖြင့် ဖွင့်တော်မူသော အဋ္ဌကထာ ဆရာသည် ဘုရား၏ ကတ္တားအဖြစ်ကို နစ်စေတော်မူ၏။ (သမ္မာသမ္ဗုဒ္ဓ ဘုရားသည် ကတ္တားမဟုတ်ဟု ဆိုလိုသည်။)

ဖွင့်တော်မူပြီးကုန်သော ပစ္စေကဗုဒ္ဓါ ရဟန္တာ အရှင်တို့ကို ကံအရာ၌ ထား၍ ဟောတော်မူအပ်သော "အတီတေ သဗ္ဗဗုဒ္ဓေစ" အစရှိသော ဒေသနာတော်မြတ်ဖြင့်လည်း ၎င်းဖွင့်တော်မူပြီးကုန်သော ပစ္စေကဗုဒ္ဓါ ရဟန္တာအရှင်တို့သည် ကတ္တားမဖြစ်ဟု သိသင့်၏။

ထို့ကြောင့် ၎င်းပါဠိအဋ္ဌကထာသည် "ပရိနိဗ္ဗာန်ပြုတော်မူပြီးကုန် သော နာမ်ဝိသေသ၊ ရုပ်ဝိသေသ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ ရှိ၏" ဟူရာ၌ သာဓက မဖြစ်သင့်။

နာမ်ဝိသေသ၊ ရုပ်ဝိသေသ ဘုရားရှိကြောင်းလာသော ဤမှတစ်ပါး သော အရာလည်း မထင်။

ထို့ကြောင့် "နာမ်ဝိသေသ၊ ရုပ်ဝိသေသ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ မရှိ" ဟု မှတ်အပ်၏။

ထိုစကားသင့်စွ။ နာမ်ဝိသေသ၊ ရုပ်ဝိသေသဘုရားသည် အကယ်၍ ရှိငြားအံ့။ ထိုနာမ်ဝိသေသ၊ ရုပ်ဝိသေသ ဘုရားသည် "အသင်္ခတာ ဓမ္မာ" ဟူသောပုဒ်၏အရ နိဗ္ဗာန်မှတစ်ပါး အကြောင်းတရားတို့သည် မပြုပြင်-မစီရင်အပ်သော ပရမတ္ထတရားမရှိခြင်းကြောင့် "အသင်္ခတာဓမ္မာ" ဟူသော ပုဒ်၏အရ သင်္ခတတရားပင်ဖြစ်ခဲ့ရာ၏။(အသင်္ခတာဓမ္မာပုဒ်အရ နိဗ္ဗာန်သာဖြစ်သင့်သည်။နာမ်ဝိသေသ၊ ရုပ်ဝိသေသ မဖြစ်သင့်ဟုဆိုလိုသည်။)

သင်္ခတတရားမှန်ကလည်း ဓမ္မပဒ-စသည်၌ "သင်္ခါရာ သဿတာ နတ္ထိ၊ နတ္ထိ ဗုဒ္ဓါန မိဉ္ဇိတံ" စသည်ဖြင့် သင်္ခတတရားတို့ အမြဲမရှိကြောင်း ဟောတော်မူအပ်ရကား ထိုနာမ်ဝိသေသ၊ ရုပ်ဝိသေသ ဘုရားတို့သည် ဇာတိ၊ ဇရာ၊ မရဏ ဒုက္ခမှ မကင်းသေး ဖြစ်ခဲ့ကုန်ရာ၏။

စင်စစ်မူကား ထိုပရိနိဗ္ဗာန်ပြုတော်မူသော ဘုရားရှင်တို့သည် သင်္ခါရ ဝသေသ ဒုက္ခမရှိ။ ပကတိချုပ်ငြိမ်း ချမ်းအေးခြင်းသို့ ရောက်တော်မူကြကုန်၏။ ထို့ကြောင့် အပဒါန် အဋ္ဌကထာ၌ "လောကနာထေ ပဌာန ဘူတေ သတ္ထရိ ကိလေသခန္ဓပရိနိဗ္ဗာနသင်္ခါတေဟိ ပရိနိဗ္ဗာနေဟိ ပရိနိဗ္ဗုတေ ဒီပသိခါဝိယ အဒဿနံ ဂတာတိ အတ္ထော" ဟူ၍လည်းကောင်း၊ ရတနသုတ်ပရိတ်တော်၌ "နိဗ္ဗန္တိ ဓီရာ ယထာယံ ပဒီပေါ" ဟူ၍လည်းကောင်း ဟောတော်မူအပ်၏။

(လောကနာထေ= လူသုံးပါးတို့၏ ကိုးကွယ်ရာဖြစ်တော်မူသော။ ပဌာန ဘူတေ= လူသုံးပါးတို့၏ အကြီးအမှူးဖြစ်၍ ပြဋ္ဌာန်းတော်မူသော။ သတ္ထရိ= မြတ်စွာဘုရားသည်။ ကိလေသခန္ဓပရိနိဗ္ဗာနသင်္ခါတေဟိ= ကိလေသာတို့၏ အလုံးစုံအားဖြင့် ချုပ်ငြိမ်းခြင်း၊ ခန္ဓာတော်၏ အလုံးစုံအားဖြင့် ချုပ်ငြိမ်းခြင်းဟု ဆိုအပ်ကုန်သော။ ပရိနိဗ္ဗာနေဟိ= အလုံးစုံအားဖြင့် ချုပ်ငြိမ်းခြင်းတို့ဖြင့်။ ပရိ နိဗ္ဗုတေ= အလုံးစုံအားဖြင့် ချုပ်ငြိမ်းတော်မူပြီးသည် ရှိသော်။ ဒီပသိခါ= ဆီမီးလျှံသည်။ နိဗ္ဗုတာ= ချုပ်ငြိမ်းသည် ရှိသော်။ အဒဿနံ= ကွင်းမဲ့ ကုန်ပြတ် မမြင်အပ်သည်၏အဖြစ်သို့။ ဂတာဝိယ= ရောက်သကဲ့သို့။ တထာ= ထို့အတူ။ အဒဿနံ= ကွင်းမဲ့ကုန်ပြတ် မမြင်အပ်သည်၏အဖြစ်သို့။ ဂတော= ရောက်တော်မူ၏။) (ဤကား ပထမပါဠိ၏အနက်။)

(အယံပဒီပေါ= ဤဆီမီးသည်။ နိဗ္ဗာတိယထာ= ချုပ်ငြိမ်းလေသကဲ့သို့။ တထာ= ထို့အတူ။ ဓီရာ= ပညာရှိတော်မူကုန်သော။ တေခီဏာသဝါ= ထို ရဟန္တာ အရှင်မြတ်တို့သည်။ နိဗ္ဗန္တိ= ချုပ်ငြိမ်းတော်မူကုန်၏။) (ဤကား ဒုတိယ ပါဌ်၏အနက်။)

**အဓိပ္ပာယ်ကား**

ဆီမီးလျှံသည် စိုးစဉ်းမျှ အကြွင်းမရှိ။ ချုပ်ငြိမ်းသကဲ့သို့ ပရိနိဗ္ဗာန်စံလွန်တော်မူကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ အရှင်မြတ်တို့သည် စိုးစဉ်းမျှ သင်္ခါရာဝသေသ ဒုက္ခကြွင်းမရှိ။ ပကတိချုပ်ငြိမ်းတော်မူ၏ဟူလို။ (ဤကား အတီတေ သမ္ဗုဒ္ဓေစ- အစရှိသောပါဌ် ဝိနိစ္ဆယတည်း။)

၄င်းနောက် သက်န်းစသည်တို့ဖြင့် ပူဇော်ခြင်းကို ပြုတော်မူရာ "ယေစ တေရဟိ အတ္ထိ" စသော ပါဠိရပ်၌ နိမ္မိတအရှင်တို့ကို ထိုက်သည့်အားလျော်စွာ နံ့သာ ပန်း ဆီမီး စသည်တို့ဖြင့် ပူဇော်တော်မူ၏။

ပွင့်တော်မူဆဲဖြစ်၍ သက်တော်ထင်ရှားရှိသော ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ကိုသာ သက်န်း ခဲဖွယ် ဘောဇဉ် လျက်ဖွယ် သောက်ဖွယ် အစရှိသည်တို့ဖြင့် ပူဇော်တော်မူ၏ဟု မှတ်အပ်၏။

ထို့ကြောင့် ပူဇော်ခြင်းကို ပြုတော်မူရာ ပါဠိ၏အဖွင့်ဖြစ်သော အဋ္ဌကထာ၌ "တေစ ပစ္စေကဗုဒ္ဓေ အနေကသတေ (ပ) သန္တပေဿန္တိ အတ္ထော" ဟူ၍လည်းကောင်း၊ "တေစ ပစ္စေကဗုဒ္ဓေ တိစီဝရေဟိ အစ္ဆာဒေဿာမိတိ အတ္ထော။ ဧဝံ တိစီဝရေဟိ အစ္ဆာဒေတွာ ပါရုပါပေတွာ တေသံ နိသိန္နာနံ ပစ္စေကဗုဒ္ဓါနံ သမ္ပန္နံ မဓုရခဇ္ဇံ ခါဒိတဗ္ဗံ ပဝါဒိကဥ္စ (ပ) ပတ္တေ သံသုဋ္ဌုံ ပူရေတွာ အဒါသိ" ဟူ၍လည်းကောင်း ဖွင့်ပြတော်မူ၏။ သက်တော်ထင်ရှားရှိသော ပစ္စေကဗုဒ္ဓါတို့အားသာ လှူဒါန်းကြောင်းလာရှိ၏။ နိမ္မိတအရှင်တို့အား လှူဒါန်းကြောင်း မလာ။ အသက်တော်ထင်ရှားရှိသော အရှင်တို့မဟုတ်ခြင်းကြောင့် မလှူဟု ဆိုလိုသည်။

(အနေကသတေ= အရာမက များစွာကုန်သော။ တေစပစ္စေကဗုဒ္ဓေ= ထိုပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ကိုလည်း။ သန္တပေဿံ= ရောင့်ရဲစေကုန်အံ့။ ဣတိ အယံ= ဤသည်ကား။ အတ္ထော= အနက်တည်း။ ဧဝံ=

ဤသို့။ တိစီဝရေဟိ= သင်္ကန်းသုံးထည်တို့ဖြင့်။ အစ္ဆာဒေတွာ= ဖုံးလွှမ်း၍။ (ပ) ပါရုပါပေတွာ= ရုံစေ၍။ နိသိန္နာနံ= ထိုင်နေတော်မူကုန်သော။ တေသံ ပစ္စေကဗုဒ္ဓါနံ= ထိုပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့အား။ သမ္ပန္နံ= ပြည့်စုံစွာသော။ မဓုရခဇ္ဇကံ= ချိုမြိန်ကောင်းမြတ်သော ခဲဖွယ်ကိုလည်းကောင်း။ ခါဒိတဗ္ဗံ= ခဲအပ်သော။ ပုဝါဒိကဉ္စ= မုံ့ စသည်ကိုလည်းကောင်း။ (ပ) ပတ္တေ= သပိတ်၌။ သံသုဋ္ဌု= ကောင်းစွာ။ ပူရေတွာ= ပြည့်စေ၍။ အဒါသိ= လှူ၏။) (ဤကား အနက်။)

အရှင်တို့ ကိန်းစက်ခြင်း စသည်တို့ကို ပြရာပါဠိ၏ အဖွင့်ဖြစ်သော အဋ္ဌကထာ၌ ပစ္စေကဗုဒ္ဓါတို့ကိုသာ ပြတော်မူ၏။ ထို့ကြောင့် တရားဟော ခြင်းကို ပြရာဖြစ်သော ပါဠိ၏ အဖွင့်အဋ္ဌကထာ၌ "အညေ ဓမ္မာ နိဒေ သေန္တီတိ တေသု ပစ္စေကဗုဒ္ဓေသု အညေ ကေစ္စေ ဓမ္မေ ဒေသေန္တိ။ အညေ ကေစ္စေ ဣဒ္ဓိယာ ပဌမာဒိဈာနကီဠာယ ကီဠန္တိ" ဟူ၍ လည်းကောင်း၊ ပြဿနာကို မေးရာပါဠိ၏ အဖွင့်အဋ္ဌကထာ၌ "**ဗုဒ္ဓါဝိ** ဗုဒ္ဓေတိ ဧဝံ သန္နိပတိတေသု တေသု ပစ္စေကဗုဒ္ဓေ သု သဗ္ဗညုတ ညာဏဿ ဝိသယံ အာရဗ္ဘဏာဘူတံ ပဉ္စံ ဗုဒ္ဓါပိ ဗုဒ္ဓေ ပုစ္ဆန္တီတိ အတ္ထော" ဟူ၍လည်းကောင်း လာ၏။

(**အညေ ဓမ္မာ နိဒေသေန္တီ**တိ= အညေ ဓမ္မာ နိဒေသေန္တိ ဟူသည်ကား။ တေသု ပစ္စေကဗုဒ္ဓေသု= ထိုပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့တွင်။ အညေ= တစ်ပါးကုန်သော။ ကေစ္စေ= အချို့ကုန်သော ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့သည်။ ဓမ္မေ= တရားတို့ကို။ ဒေသေန္တိ= ဟောတော်မူကြ ကုန်၏။ အညေ= တစ်ပါးကုန်သော။ ကေစ္စေ= အချို့ကုန်သော ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့သည်။ ဣဒ္ဓိယာ= တန်ခိုးအားဖြင့်။ ပဌမာဒိဈာနကီဠာယ= ပထမဈာန် အစရှိသော ဈာန်ကို ဝင်စား၍ ပျော်ပါးမွေ့လျော်ခြင်းဖြင့်။ ကီဠန္တိ= ပျော်ပါးမွေ့လျော်ကြကုန်၏။)

(ဗုဒ္ဓါဝိ ဗုဒ္ဓေတိ= ဗုဒ္ဓါပိ ဗုဒ္ဓေဟူသည်ကား။ ဧဝံ သန္နိပတိတေသု= ဤသို့အညီအညွတ် စည်းဝေးတော်မူပြီးကုန်သော။ တေသု ပစ္စေကဗုဒ္ဓေသု= ထိုပစ္စေကဗုဒ္ဓါအရှင်မြတ်တို့တွင်။ ဗုဒ္ဓါပိ= ဆရာဖြစ်သော ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့သည်လည်း။ ဗုဒ္ဓေ= ဆရာဖြစ်သော ပစ္စေကဗုဒ္ဓါ အရှင်

မြတ်တို့ကို။ သဗ္ဗညုတဉာဏာသ= သဗ္ဗညုတဉာဏ်၏။ ဝိသယံ အာရမ္မဏာ ဘူတံ= အာရုံဖြစ်၍ဖြစ်သော။ ပဉှံ= ပြဿနာကို။ ပုစ္ဆိံသု= မေးတော်မူကြကုန်၏။ ဣတိ= ဤကား။ အတ္ထော= အနက်တည်း။) ဤသို့အနက်သမွန်။

ဆရာဟူသောအနက်ကို "သာဝကာ ဗုဒ္ဓေ ပုစ္ဆိံသု၊ ဗုဒ္ဓါ ပုစ္ဆိံသု သာဝကေ" ဟု ဆိုအပ်လတ္တံ့သော စကားကို ထောက်၍ သိအပ်၏။ ဤ၌ "ဝိ" သဒ္ဒါဖြင့် ၄င်းဆိုလတ္တံ့သော တပည့်က ဆရာကို မေးခြင်း၊ ဆရာက တပည့်ကို မေးခြင်းကိုပင် ဆည်း၏၊ ပေါင်းယူ၏ဟု မှတ်အပ်၏။

ထို့ကြောင့် အဋ္ဌကထာ၌ "တဒါ မမ ပါသာဒေ ရာသိဘူတေသု သာဝ ကေသု သာဝကာ သိဿာဝိ ဗုဒ္ဓေ ပဉှံ ပုစ္ဆိံသု။ ဗုဒ္ဓါ ပစ္စေကဗုဒ္ဓါဝိ သာဝကေ သိဿေ ပဉှံ ပုစ္ဆိံသု" ဟု "ဝိ" သဒ္ဒါဖြင့် ဖွင့်လတ္တံ့။

(တဒါ= ထိုအခါ၌။ မမ= ငါ ဘုရားလောင်းဖြစ်တော်မူသော တိလောက စကြာမင်း၏။ ပါသာဒေ= ပြာသာဒ်၌။ သာဝကေသု= တပည့် ဖြစ်ကုန်သော ပစ္စေကဗုဒ္ဓါတို့သည်။ ရာသိဘူတေသု= ပေါင်းစည်းစုဝေးပြီး ကုန်သည် ဖြစ်လတ်သော်။ သာဝကာ သိဿာဝိ= တပည့်ဖြစ်ကုန်သော ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့သည်လည်း။ ဗုဒ္ဓေ= ဆရာဖြစ်သော ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ကို။ ပဉှေ= ပြဿနာတို့ကို။ ပုစ္ဆိံသု= မေးတော်မူကြကုန်၏။ ဗုဒ္ဓါ ပစ္စေကဗုဒ္ဓါဝိ= ဆရာဖြစ်သော ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့သည်လည်း။ သာဝကေ သိဿေ= တပည့်ဖြစ်သော ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ကို။ ပဉှေ= ပြဿနာတို့ကို။ ပုစ္ဆိံသု= မေးတော်မူကြကုန်၏။) ဤသို့အနက်သမွန်။

ဤသို့ အတီတေ သဗ္ဗဗုဒ္ဓေ စသည်တို့ဖြင့် ပြာသာဒ်ထက်၌ အရှင်တို့၏ သီတင်းသုံးနေတော်မူခြင်း၊ အရှင်တို့အား ပူဇော်ခြင်း၊ အရှင်တို့သည် ပြုအပ်သောကိစ္စ အလုံးစုံကို ပြတော်မူပြီး၍ နိဂုံးချုပ်သောအားဖြင့် ပြာသာဒ် ထက်၌ သီတင်းသုံးခြင်းကို တစ်ဖန် ပြတော်မူပြန်လိုသည်ဖြစ်၍-

"ဗုဒ္ဓါ ပစ္စေကဗုဒ္ဓါစ၊ သာဝကာ ပရိစာရကာ။

ဧဝံ သကာယ ရတိယာ၊ ပါသာဒေ အဘိရမန္တိ တေ" ဟု ဟော တော်မူ၏။ ဤနိဂုံးချုပ်အဓိပ္ပာယ်ကို "ပုန တေ သဗ္ဗေ ဧကတော

ဒသေဿန္တော ''ဗုဒ္ဓါ ပစ္စေကဗုဒ္ဓါ'' တိ အာဒိ မာဟ'' ဟူသော အဋ္ဌကထာကို ထောက်၍ သိအပ်၏။

(ဧဝံ ဣမိနာ ယထာဝုတ္တနယေန= ဤသို့ဆိုအပ်ပြီးသောနည်းဖြင့်။ ဗုဒ္ဓါစ= နိမ္မိတမြတ်စွာဘုရားတို့သည်လည်းကောင်း။ ပရိစာရကာ= အလုပ်အကျွေး တပည့် နိမ္မိတသံဃာ နိမ္မိတရဟန္တာတို့သည်လည်းကောင်း။ ပစ္စေက ဗုဒ္ဓါစ= ဆရာဖြစ်သော ပစ္စေကဗုဒ္ဓါ အရှင်တို့သည်လည်းကောင်း။ သာဝကာစ= တပည့်ဖြစ်သော ပစ္စေကဗုဒ္ဓါ အရှင်တို့သည်လည်းကောင်း။ ဧတေ သဗ္ဗေ= ထိုအလုံးစုံသော အရှင်တို့သည်။ သကာယ= မိမိ၏ ဥစ္စာဖြစ်သော။ ရတိယာ= မွေ့လျော်တော်မူခြင်းဖြင့်။ ရမမာနာ= နှစ်သက်တော်မူကုန်သည်ဖြစ်၍။ ပါသာ ဒေ= ငါ အလောင်းတော်ဖြစ်သော တိလောကစကြာမင်း၏ ပြာသာဒ်ထက်၌။အဘိရမန္တိ= အလွန်မွေ့လျော်တော်မူကြကုန်၏။) (ဤကား အနက်။)

ဤသို့ပူဇော်ခြင်းစသည်ကိုပြရာ ပါဠိအဋ္ဌကထာတို့၌ သက်န်းဝတ်ခြင်း၊ သက်န်းရုံခြင်း၊ အာဟာရကိုသုံးဆောင်ခြင်း စသည်ကို ပြဖွယ်ကိစ္စမရှိရကား- နိမ္မိတဘုရားရှင်တို့နှင့် နိမ္မိတအလုပ်အကျွေး တပည့်သံဃာရဟန္တာတို့ကို မပြအပ်။

ဤနိဂုံးဂါထာ၌သာ အောက်၌ကဲ့သို့ ပြာသာဒ်ထက်၌ သီတင်းသုံးနေခြင်းကို ပြသောအရာဖြစ်၍ အလုံးစုံကိုပင် ပေါင်း၍ ပြတော်မူအပ်၏ဟု မှတ်အပ်၏။ ဤနိဂုံးဂါထာ၌ နိမ္မိတအရှင်တို့ကို အစစ်အားဖြင့် မွေ့လျော်တတ်သော အဖြစ်မရှိငြားသော်လည်း မွေ့လျော်သော အရှင်ပစ္စေကဗုဒ္ဓါတို့၏ အတွင်း၌ တည်ခြင်းကြောင့် ''အဘိရမန္တိ'' ဟု ဟောတော်မူအပ်ကုန်၏။ ဥပမာကား အဓမ္မိ ကဒါနအရာ၌ စေတီတော်၊ ရုပ်ရှင်တော်တို့အား အစစ်အားဖြင့် သုံးဆောင်တတ်သောအဖြစ် မရှိငြားသော်လည်း သုံးဆောင်တတ်သော သံဃာပုဂ္ဂိုလ်တို့၏ အတွင်း၌ တည်ခြင်းကြောင့် ''နဝအဓမ္မိက ပရိဘောဂါ'' ဟု ဟောတော်မူအပ်သကဲ့သို့တည်း။

ယင်း၏ အတောင်မျှလောက်သော- အထုထူသော အရေပါးကိုမျှ ဖောက်ထွင်း၍ မြင်ခြင်းငှာ စွမ်းနိုင်သော ပညာမရှိသော ဗာလပုထုဇဉ်ပုဂ္ဂိုလ်တို့သည် အကြင်မျှလောက်သော ကာလပတ်လုံး လူ၏အသွင်ကို ပြု၍

သုတ်လိမ်းအပ်သော နံ့သာပန်း အဝတ်တန်ဆာရှိသော မစင်တုံးလူရုပ်ကဲ့သို့ စက်ဆုတ်ဖွယ်သော သလိပ်၊ သည်းခြေ၊ ပြည်၊ သွေး၊ ကျင်ကြီး အစ ရှိသော မစင်တို့ဖြင့်ပြည့်သော၊ ငရဲမီး၊ ပြိတ္တာမီးတို့၏ လောင်စာ- များစွာ သော အနိဋ္ဌာရုံတို့နှင့် ပေါင်းဖက်၍ နှိပ်စက်တတ်သော ရန်သူကြီး အကောင်ပုပ်ကို ရွှေရုပ်၏အသွင် ထင်မှတ်စွဲလမ်းကြကုန်၏။ ထိုမျှလောက် သော ကာလပတ်လုံး နိဗ္ဗာန် တရားတော်မြတ်၏ ချမ်းသာကို မမြင်ကြရ၊ မသိကြရကုန်လတ္တံ့။

အကြင်အခါ ပညာတည်းဟူသော လက်နက်ဖြင့် အရေပါးကို ခွါ၍ ခွါ၍ အဖန်ဖန်ရှုခြင်းဖြင့် မစင်အိုး၊ အိုင်းအမာ၊ နူနာကြီးတို့ထက် စက်ဆုတ် ရွံရှာဖွယ်၏အဖြစ်ကိုလည်းကောင်း၊ အရှည်မြော်မြင်၍ ဆင်ခြင် တတ်သော ပညာဖြင့် ပြိတ္တာမီး၊ ငရဲမီးတို့၏ လောင်စာ-များစွာသော အနိဋ္ဌာရုံတို့နှင့် ပေါင်းဖက်၍ နှိပ်စက်တတ်သော ရန်သူကြီး၏အဖြစ်ကို လည်းကောင်း စင်စစ် မြင်ကြကုန်လတ္တံ့။ ထိုအခါ နိဗ္ဗာန်တရားတော်မြတ်၏ ချမ်းသာကို သိမြင်ကြရကုန်လတ္တံ့။

ငါးမျှားချိပ်၏ထိပ်၌ ထိုးလျှိုထားအပ်သော တီကောင်၏အနံ့ကို မက်မောမှား၍ ငါးမျှားချိပ်ကို မျိုသောငါးကဲ့သို့ မဖြစ်ကြစေဘဲ အရှည်ကို ထောက်ထား၍ တရားကို အားထုတ်သင့်ကြသည်။ ဤပြဆိုအပ်ခဲ့ပြီးသော နည်းဖြင့် ''အတီတေ သဗ္ဗဗုဒ္ဓေစ'' အစရှိသော အပါဒါန်ပါဠိတော်၏ ဟုတ်မှန်တိုင်းသော အနက်အဓိပ္ပာယ်ကို သိမှတ်အပ်၏။

**ပရိနိဗ္ဗာန်ပြုတော်မူပြီးသော နာမ်ဝိသေသ၊ ရုပ်ဝိသေသဘုရား မရှိ ကြောင်း ဝိနိစ္ဆယ ပြီး၏။**

## (၂) နိဗ္ဗာန်သည် ထာဝရတည်နေကြောင်း ဆုံးဖြတ်ချက်

လျှောက်ထားချက်အရ နိဗ္ဗာန်သည် ထာဝရတည်သည်ကို ထိုထို ကျမ်းဂန်တို့နှင့်အညီ စီရင်ဆုံးဖြတ်အံ့။ နိဗ္ဗာန်၏ တည်ရာဌာနသည် အရပ်ရှစ် မျက်နှာ၊ အရပ်ဆယ်မျက်နှာတို့တွင် အဘယ်အရပ်၌ ရှိပါသနည်းဟု မိလိန္ဒမင်းကြီး မေးလျှောက်အပ်သော် အရှင်နာဂသိန်သည် ''မြတ်သော မင်းကြီး၊ နိဗ္ဗာန်၏ တည်ရာဌာနသည် တစ်စုံတစ်ခုသောအရပ်၌ မရှိ''

ဟုဆိုသော် "အရှင်ဘုရား နာဂသိန်၊ လောက၌ သစ်သီးသည် ရှိ၏။ သစ်သီး၏တည်ရာ သစ်ပင်သည်လည်း ရှိ၏။ အကယ်၍ တည်ရာသစ်ပင် မရှိခဲ့သော် သစ်သီးသည်လည်း မရှိရာ။ ထို့အတူ နိဗ္ဗာန်၏ တည်ရာဌာန သည် မရှိခဲ့သော် နိဗ္ဗာန်သည်လည်း မရှိရာ။ ထိုသို့မရှိခဲ့သော် နိဗ္ဗာန်ကို မျက်မှောက်ပြု၏ဟူသော စကားသည် မှားခဲ့ရာ၏" ဟု မေးလျှောက်သော် မင်းကြီးအား နိဗ္ဗာန်၏ ထင်ရှားရှိသည်၏ အဖြစ်ကို ပြတော်မူလိုသော အရှင်နာဂသိန်မထေရ်သည် -

"ယထာပန မဟာရာဇ အတ္ထိ အဂ္ဂိနာမ။ နတ္ထိ တဿ သန္နိဟိတောကာ သော။ ဒွေ ကဋ္ဌာနိ သံဃဋ္ဋေန္တော အဂ္ဂိံ အဓိဂစ္ဆတိ။ ဧဝမေဝ ခေါ မဟာရာဇ အတ္ထိ နိဗ္ဗာနံ။ နတ္ထိ တဿ သန္နိဟိတောကာသော သမ္မာပဋိပန္နော ယောနိသော မနသိကာရေနေဝ နိဗ္ဗာနံ သစ္ဆိကရောတိ" ဟု ဟောတော်မူအပ်၏။

(မိလိန္ဒပဥှာပါဠိတော်။)

**အနက်ကား**

(ပန= နိဗ္ဗာန်ရှိကြောင်းကို ဥပမာဆောင် ထင်ရှားအောင် ပြဦးအံ့။ မဟာရာဇ= မြတ်သောမင်းကြီး။ အဂ္ဂိနာမ= မီးမည်သည်။ အတ္ထိ= ရှိ၏။ တဿ= ထိုမီး၏။ သန္နိဟိတောကာသော= စုဝေး၍ တည်ရာအရပ်သည်။ နတ္ထိ= မရှိ။

ပန= ထိုသို့ပင်မရှိသော်လည်း။ ပုရိသော= မီးကို အလိုရှိသော ယောကျ်ားသည်။ ဒွေ ကဋ္ဌာနိ= နှစ်ချောင်းသောသစ်သားတို့ကို။ သံဃဋ္ဋေန္တော= ပွတ်တိုက်သည်ရှိသော်။ အဂ္ဂိံ= မီးကို။ အဓိဂစ္ဆတိ ယထာ= ရသကဲ့သို့။ ဧဝမေဝ ခေါ= ဤအတူသာလျှင်။

မဟာရာဇ= မြတ်သောမင်းကြီး။ နိဗ္ဗာနံ= နိဗ္ဗာန်သည်။ အတ္ထိ= ရှိ၏။တဿ= ထိုနိဗ္ဗာန်၏။ သန္နိဟိတောကာသော= စုဝေး၍ တည်ရာ အရပ်သည်။ နတ္ထိ= မရှိ။ ပန= ထိုသို့ပင်မရှိပါသော်လည်း။ သမ္မာ= ကောင်းစွာ။ ပဋိပန္နော= ကျင့်သောယောဂီပုဂ္ဂိုလ်သည်။ ယောနိသော= အသင့်အားဖြင့်။ မနသိကာရေန = နှလုံးသွင်းခြင်းဟု ဆိုအပ်သော

ကောင်းသောအကျင့်ဖြင့်။ နိဗ္ဗာနံ= နိဗ္ဗာန်ကို။ သစ္ဆိကရောတိ= မျက်မှောက် ထင်ထင် မြင်ရ၏။) (ဤကားအနက်။)

အဓိပ္ပာယ်ကား

မီးသည် စုဝေး၍ တည်ရာအရပ် မရှိသော်လည်း အလိုရှိ၍ သစ်သား နှစ်ချောင်းကို ပွတ်တိုက်သောသူအား မီးသည် ထင်ရှားဖြစ်လာသကဲ့သို့ ထို့ အတူ နိဗ္ဗာန်သည် စုဝေး၍ တည်ရာအရပ် မရှိသော်လည်း ကောင်းစွာ ကျင့်သော ယောဂီပုဂ္ဂိုလ်အား ထင်ရှားပေါ်လာ၏ ဟူလို။ ဤသို့ ဟုတ်မှန် တိုင်းသော အဓိပ္ပာယ်ကို ယူအပ်၏။

အစအမွန် မီးလည်း မရှိ။ တည်ရာလည်း မရှိ။ သစ်သားနှစ်ချောင်း ကို ပွတ်တိုက်သည်ရှိသော် သစ်သားဟူသော ဇနကအကြောင်းကို စွဲ၍ မီးသည် ထင်ရှားဖြစ်ပေါ်လာသကဲ့သို့ ထို့အတူ အစအမွန် နိဗ္ဗာန်လည်း မရှိ။ နိဗ္ဗာန်၏ တည်ရာလည်း မရှိ။ ကောင်းစွာ ကျင့်သည်ရှိသော် အကျင့် ဟူသော ဇနက အကြောင်းကို စွဲ၍ နိဗ္ဗာန်သည် ထင်ရှားဖြစ်ပေါ်လာ၏ဟု မဟုတ်မမှန် ဖောက်ပြန်ချွတ်ယွင်းသော အဓိပ္ပာယ်ကို မယူအပ်။

**ထိုစကားသင့်စွ။ လေသည် ဖုံးလွှမ်း၍တည်သော မြူတိမ်ကို ဖျက်ဆီးဖယ်ရှားခြင်းဖြင့် နေလတို့၏ ထင်ရှားပေါ်လာခြင်း၏ အကြောင်း သာ ဖြစ်၏။ နေလတို့ကို ဖြစ်စေတတ်သော ဇနကအကြောင်း မဖြစ်သကဲ့သို့ ထို့အတူ ကောင်းသောအကျင့်သည် ဖုံးလွှမ်း၍တည်သော ကိလေသာ တည်းဟူသော အမိုက်မှောင်ကို ဖျက်ဆီးခြင်းဖြင့် နိဗ္ဗာန်၏ ထင်ရှားပေါ် လာခြင်း၏ အကြောင်းသာဖြစ်၏။ နိဗ္ဗာန်ကို ဖြစ်စေတတ်သော ဇနက အကြောင်းမဖြစ်။ နိဗ္ဗာန်သည် တစ်စုံတစ်ခုသော အကြောင်းကြောင့်လည်း မဖြစ်။ အလိုအလျောက်လည်း မဖြစ်ဟု မှတ်အပ်၏။**

မှာထားချက်။ ။ (မြို့ပြင်ကြီးဆရာတော်၏ ``နိဗ္ဗာန သရူပဒီပက ကထာ``ပါ အဓိပ္ပာယ်များနှင့် အားလုံးတူညီသည်။)

ထို့ကြောင့် ဥဒါန်းပါဠိတော် ပါဋလိဂါမဝဂ်၌-

"အတ္ထိ ဘိက္ခဝေ အဇာတံ အဘူတံ အကတံ အသင်္ခတံ။ နောစေ တံ ဘိက္ခဝေ အဘဝိဿ အဇာတံ အဘူတံ အကတံ အသင်္ခတံ။ နယိဓ ဇာတ ဿ ဘူတဿ ကတဿ သင်္ခတဿ နိဿရဏံ ပညာယေထ။ ယသ္မာ စ ခေါ ဘိက္ခဝေ အတ္ထိ ဘိက္ခဝေ အဇာတံ အဘူတံ အကတံ အသင်္ခတံ။ တသ္မာ ဇာတဿ ဘူတဿ ကတဿ သင်္ခတဿ နိဿရဏံ ပညာယတီတိ" ဟူ၍ လည်းကောင်း၊

၄င်း၏အဖွင့် အဋ္ဌကထာ၌-

"ဝေဒနာဒယော ဝိယ ဟေတုပစ္စယသမဝါယသင်္ခါတာယ ကာရဏာ သာမဂ္ဂိယာ န ဇာတံ န နိဗ္ဗတ္တ-န္တိ အဇာတံ။ ကာရဏေန ဝိနာ သယမေဝ န ဘူတံ န ပါတုဘူတံ န ဥပ္ပန္န-န္တိ အဘူတံ။ ဧဝံ အဇာတတ္တာ စ ယေန ကေနစိ ကာရဏေန န ကတ-န္တိ အကတံ" ဟူ၍လည်းကောင်း ဟောတော်မူအပ်- မိန့်တော်မူအပ်၏။

**အနက်ကား**

(ဘိက္ခဝေ= သံသရာဘေးကို ရှုလေ့ရှိကုန်သော ငါ၏ချစ်သား ရဟန်းများတို့။ အဇာတံ= ဝေဒနာအစရှိသော တရားတို့ကဲ့သို့ မူလ အကြောင်း၊ အထောက်အပံ့ဖြစ်သော အကြောင်းတို့၏ ညီညွတ်ခြင်း ကြောင့်လည်း မဖြစ်ထသော။ အဘူတံ= အကြောင်းတရား မရှိ- မိမိ၏ အလိုအလျောက်လည်း မဖြစ်ထသော။ အကတံ= အမှတ်မရှိသော- တစ်စုံတစ်ခုသော အကြောင်းတရားသည် မပြုပြင်အပ်သော။ အသင်္ခတံ= ကံစသော အကြောင်းတရားတို့သည် မပြုပြင်အပ်- မစီရင်အပ်သော နိဗ္ဗာန်သည်။ အတ္ထိ= ရှိ၏။

ဘိက္ခဝေ= ရဟန်းတို့။ အဇာတံ= ဝေဒနာအစရှိသော တရားတို့ကဲ့သို့ မူလအကြောင်း၊ အထောက်အပံ့ဖြစ်သော အကြောင်းတို့၏ ညီညွတ်ခြင်း ကြောင့်လည်း မဖြစ်ထသော။ အဘူတံ= အကြောင်းတရား မရှိ- မိမိ၏ အလိုအလျောက်လည်း မဖြစ်ထသော။ အကတံ= အမှတ်မရှိသော- တစ်စုံတစ်ခုသော အကြောင်းတရားသည် မပြုပြင်အပ်သော။ ဧတံ

အသင်္ခတံ= ကံစသော အကြောင်းတရားတို့သည် မပြုပြင်အပ်- မစီရင်အပ်သော ထိုအသင်္ခတဓာတ်ဟု ဆိုအပ်သော နိဗ္ဗာန်သည်။ နောစေ အဘာဝိဿ= အကယ်၍ မရှိငြားအံ့။

ဇဝံအသတိ= ဤသို့မရှိလတ်သော်။ ဣဓ= ဤလောက၌။ ဇာတဿ= အကြောင်းတရားတို့၏ ညီညွတ်ခြင်းကိုစွဲ၍ ဖြစ်ထသော။ ဘူတဿ= ဥပါဒ် ဌီ ဘင်အားဖြင့် ထင်ရှားဖြစ်ထသော။ ကတဿ= အကြောင်းတရားသည် ပြုပြင်အပ်ထသော။ သင်္ခတဿ= ကံစသော အကြောင်းတရားတို့သည် ပြုပြင်အပ်- စီရင်အပ်သော သင်္ခတတရား၏။ နိဿရဏံ= ထွက်မြောက်ရာသည်။ န ပညာ ယေထ= မထင်ရာ။

ဘိက္ခဝေ= ရဟန်းတို့။ ခေါ= စင်စစ်ဧကန် အမှန်လျှင်။ ယသ္မာစ= အကြင်ကြောင့်လည်း။ အဇာတံ= ဝေဒနာအစရှိသော တရားတို့ကဲ့သို့ အကြောင်းတရားတို့၏ ညီညွတ်ခြင်းကြောင့်လည်း မဖြစ်ထသော။ အဘူတံ= အကြောင်းမရှိ- မိမိအလျောက်လည်း မဖြစ်ထသော။ အကတံ= အမှတ်မရှိ- တစ်စုံတစ်ခုသော အကြောင်းသည် မပြုပြင်အပ်သော။ အသင်္ခတံ= ကံစသော အကြောင်းတရားတို့သည် မပြုပြင်အပ်- မစီရင်အပ်သော အသင်္ခတဓာတ်ဟု ဆိုအပ်သော နိဗ္ဗာန်သည်။ အတ္ထိ= ရှိ၏။

တသ္မာ= ထိုသို့ရှိလေသောကြောင့်။ ဇာတဿ= အကြောင်းတရားတို့၏ ညီညွတ်ခြင်းခြင်းကြောင့် ဖြစ်ထသော။ ဘူတဿ= ဥပါဒ်ဌီဘင်အားဖြင့် ထင်ရှား၍ ဖြစ်ထသော။ ကတဿ= အကြောင်းတရားတို့သည် ပြုပြင်အပ်ထသော။ သင်္ခတဿ= ကံစသော အကြောင်းတရားတို့သည် ပြုပြင်အပ်- စီရင်အပ်သော သင်္ခတတရားအပေါင်း၏။ နိဿရဏံ= ထွက်မြောက်ရာသည်။ ပညာယတိ= ထင်၏။

ဣတိဣမံဥဒါနံ= ဤဥဒါန်းကို။ ဘဂဝါ= မြတ်စွာဘုရားသည်။ ဥဒါ နေသိ= ကျူးရင့်တော်မူ၏။) ဤကား ပါဠိတော်၏ အနက်။

(ဝေဒနာဒယော= နိဗ္ဗာန်နှင့် နမ်၏အဖြစ်အားဖြင့် တူသော ဝေဒနာက္ခန္ဓာ အစရှိသော လေးပါးသော နာမက္ခန္ဓာတို့သည်။ ဝါ- ဝေဒနာက္ခန္ဓာ အစရှိသော ငါးပါးသော ခန္ဓာတို့သည်။ ယောတပစ္စယသမဝါယသမ်ါ

တာယ= ဖြစ်စေတတ်သော ဇနကမူလအကြောင်း၊ ထောက်ပံ့တတ်သော ဥပတ္ထမ္ဘက အကြောင်းတို့၏ ပေါင်းစည်းစုဝေးခြင်းဟု ဆိုအပ်သော။ ကာရဏသာမဂ္ဂိယာ= အကြောင်းတရားတို့၏ ညီညွတ်ခြင်းဖြင့်။ ဝါ- အကြောင်းတရားတို့၏ ညီညွတ်ခြင်းကြောင့်။ ဇာတာယထာ= ဖြစ်ကုန်သကဲ့သို့။

တထာ= ထို့အတူ။ ယံနိဗ္ဗာနံ= အကြင်နိဗ္ဗာန်သည်။ ဟေတုပစ္စယသမဝါယသင်္ခါတာယ= ဖြစ်စေတတ်သော ဇနကမူလအကြောင်း၊ ထောက်ပံ့တတ်သော ဥပတ္ထမ္ဘကအကြောင်းတို့၏ ပေါင်းစည်းစုဝေးခြင်းဟု ဆိုအပ်သော။ ကာရဏသာမဂ္ဂိယာ= အကြောင်းတရားတို့၏ ညီညွတ်ခြင်းဖြင့်။ ဝါ- အကြောင်းတရားတို့၏ ညီညွတ်ခြင်းကြောင့်။ န ဇာတံ- န နိဗ္ဗတ္တံ= မဖြစ်။ တ္တတိတသ္မာ= ထို့ကြောင့်။ တံနိဗ္ဗာနံ= ထိုနိဗ္ဗာန်သည်။ အဇာတံ= အဇာတ မည်၏။

ကာရဏေန= အလုံးစုံသော အကြောင်းနှင့်။ ဝိနာ= ကင်း၍။ သယမေဝ= အလိုအလျောက်သာလျှင်။ န ဘူတံ န ပါတုဘူတံ န ဥပ္ပန္နံ= မဖြစ်။ တ္တတိတသ္မာ= ထို့ကြောင့်။ တံနိဗ္ဗာနံ= ထိုနိဗ္ဗာန်သည်။ အဘူတံ= အဘူတ မည်၏။

ဧဝံ= ဤသို့။ အဇာတတ္တာစ= မဖြစ်သည်၏ အဖြစ်ကြောင့်လည်း။ ယေန ကေနစိ= တစ်စုံတစ်ခုသော။ ကာရဏေန= အကြောင်းတရားသည်။ န ကတံ= မပြုအပ်။ တ္တတိတသ္မာ= ထို့ကြောင့်။ အကတံ= အကတ မည်၏။) ဤကား အဋ္ဌကထာပါဌ်၏ အနက်။

**အဓိပ္ပာယ်ကား**

“နိဗ္ဗာန်သည် တစ်ပါးသောအကြောင်းကြောင့်လည်းကောင်း၊ အလိုအလျောက်လည်းကောင်း မဖြစ်”ဟူသောအနက်ကို ပြသဖြင့် “နိဗ္ဗာန်သည် အကြောင်းတရားတို့၏ ညီညွတ်သောအခါ၌သာ ၎င်းအကြောင်းတရားတို့ကို စွဲ၍ ဥပါဒ်သည်၏အစွမ်းဖြင့် ဖြစ်ပေါ်လာသည် မဟုတ်” ဟူသော အနက်ကို ပြ၏။

ဤသို့သောအနက်ကို ပြတတ်သော ၄င်းပါဠိ-အဋ္ဌကထာတို့ဖြင့် နေလတို့သည် မြူတိမ်ဖုံးလွှမ်းအပ်ကုန်သည်ဖြစ်၍ မထင်မမြင်အပ်ကုန်သော်လည်း ထင်ရှားရှိကုန်သကဲ့သို့- ထို့အတူ ''နိဗ္ဗာန်တရားသည် ကိလေသာတည်းဟူသော အမိုက်မှောင်သည် ဖုံးလွှမ်းအပ်သည်ဖြစ်၍ မထင်မမြင်အပ်သော်လည်း ထင်ရှားရှိ၏''ဟူသော အနက်၊

လေသည် မြူတိမ်ကို ဖျက်ဆီးသည် ရှိသော် နေလတို့သည် ထင်ရှားပေါ်လာကုန်သကဲ့သို့- ထို့အတူ ''ပါရမီဉာဏ်၊ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တို့သည် ကိလေသာတည်းဟူသော အမိုက်မှောင်ကို ဖျက်ဆီးသည်ရှိသော် နိဗ္ဗာန်တရားသည် ထင်ရှားပေါ်လာသည်''ဟူသော အနက်၊ ''အမြဲထာဝရတည်၏'' ဟူသော အနက်၊ ''ဖြစ်ခြင်းပျက်ခြင်းသဘောရှိသော ဘုံနန်းမဟုတ်'' ဟူသော အနက်ကို ပြတော်မူ၏ ဟု မှတ်အပ်၏။ ဘုံနန်းမဟုတ်ကြောင်း နောက်၌လည်း ထင်ရှားလတ္တံ့။

ဤကဲ့သို့ ''နိဗ္ဗာန်၏ စဝေး၍ တည်ရာအရပ် မရှိ၊ နိဗ္ဗာန်ကား ထင်ရှား ရှိ၏'' ဟူ၍ ပါဠိအဋ္ဌကထာ သာဓက တိုက်ရိုက်ရှိပြီး ဖြစ်ရကား အခြားယုတ္တိ ကြံဖွယ်မရှိသောအရာ၌ ''ဓဝံ အစ္စိန္တိယာ'' အစရှိသော ဒေသနာအရ အစိန္တိယ သဘောကို မမှတ်ယူအပ်။ (ကြံအပ်ပြီးပြီဟု ဆိုလိုသည်။) ထို့ကြောင့် ''ဓဝံ အစ္စိန္တိယာ'' အစရှိသော ဒေသနာသည် အစိန္တိယသဘောကို မှတ်ယူအပ်ကြောင်းဆိုရာ၌ သာဓကမဖြစ်။

ထို့ပြင် သာဓကပါဠိအဋ္ဌကထာလည်း မရှိ- အခြားသော ပါဠိအဋ္ဌကထာတို့နှင့်လည်း ဆန့်ကျင်သည်-ဖြစ်က ကြံဆ၍ယူသောအရာတို့၌သာ ''ဓဝံ အစ္စိန္တိယာ'' အစရှိသော ဒေသနာသည် အစိန္တိယသဘောကို မှတ်ယူအပ်ကြောင်း သာဓကဖြစ်၏။

ဤသို့ပြဆိုအပ်သောနည်းဖြင့် ''ယထာပန မဟာရာဇ'' အစရှိသော ပါဌ်၊ ''အတ္ထိ ဘိက္ခဝေ'' အစရှိသော ပါဌ်တို့၏ ဟုတ်မှန်တိုင်းသော အဓိပ္ပာယ်ကို မှတ်အပ်၏။

နိဗ္ဗာန်သည် ထာဝရ တည်ရှိနေကြောင်း ဝိနိစ္ဆယကား ဤတွင် ပြီး၏။

## (၃) နိဗ္ဗာန်သည် နဂရမည်ကြောင်း ဆုံးဖြတ်ချက်

နိဗ္ဗာန်သည် နဂရမည်-မမည် သိလိုပါသည် လျှောက်ထားရာ၌ အဆုံး အဖြတ်ကို ဤသို့ သိမှတ်အပ်၏။

“မာပေသိ နဂရံ သတ္ထာ၊ သဒ္ဓမ္မပူရမုတ္တမံ” ဟူသော ဗုဒ္ဓဝင်ပါဠိတော်၌ ဝတ်စားတန်ဆာတို့၏တည်ရာ အိမ်တို့၏အပေါင်းဖြစ်သော မြို့ကြီးသည် လူတို့၏ ဣရိယာပုတ်လေးပါးတို့ဖြင့် သွားလာနေထိုင်ရာ ဖြစ်သကဲ့သို့- ထို့အတူ အရိယာပုဂ္ဂိုလ်တို့၏ ဣရိယာပုတ်လေးပါးတို့ဖြင့် သွားလာနေထိုင်ရာဖြစ်သောကြောင့် နိဗ္ဗာန်ကို နဂရဟူ၍ ဟောတော်မူ အပ်သည် မဟုတ်။

စင်စစ်သော်ကား

အိမ်တို့၏အပေါင်းဖြစ်သော မြို့ကြီးသည် ဝတ်စားတန်ဆာတို့နှင့် ပြည့်စုံသဖြင့် ချမ်းသာဖြစ်ခြင်း၏ အကြောင်းဖြစ်၍ လူတို့၏ မီတင်းလဲလျောင်းရာဖြစ်သကဲ့သို့- ထို့အတူ ချမ်းအေးခြင်းစသောဂုဏ်တို့နှင့် ပြည့်စုံသဖြင့် ချမ်းသာဖြစ်ခြင်း၏ အကြောင်းဖြစ်၍ အရိယာပုဂ္ဂိုလ်တို့၏ မီတင်းလဲလျောင်းရာဖြစ်သောကြောင့်လည်းကောင်း၊ မြို့ကြီးသည် လူတို့၏ ဣရိယာပုတ်လေးပါးတို့ဖြင့် သွားလာနေထိုင်ရာဖြစ်သကဲ့သို့ အရိယာပုဂ္ဂိုလ်တို့၏ အာရုံပြုသောအားဖြင့် နေရာဖြစ်သောကြောင့်လည်းကောင်း မြို့ကြီးနှင့်တူရကား သဒိသူပစာအားဖြင့် နိဗ္ဗာန်ကို နဂရဟူ၍ ဟောတော်မူအပ်၏ဟု ပြတော်မူလိုသော အဋ္ဌကထာဆရာသည်-

“ပဋိဝိဒ္ဓဓမ္မသဘာဝါနံ သေခါသေခါနံ အရိယပုဂ္ဂလာနံ ပတိဋ္ဌာနဂေါစရ နိဝါသနဋ္ဌာနဋ္ဌေန နိဗ္ဗာနံ နဂရန္တိ ဝုစ္စတိ” ဟု မိန့်တော်မူအပ်၏။

(ပဋိဝိဒ္ဓဓမ္မသဘာဝါနံ= ထိုးထွင်း၍သိအပ်သော သစ္စာလေးပါး တရားတို့၏ သဘောရှိကုန်သော။ သေခါသေခါနံ= သေက္ခပုဂ္ဂိုလ်၊ အသေက္ခပုဂ္ဂိုလ် ဖြစ်ကုန်သော။ အရိယပုဂ္ဂလာနံ= အရိယာပုဂ္ဂိုလ်တို့၏။ ပတိဋ္ဌာန ဂေါစရ နိဝါသနဋ္ဌာနဋ္ဌေန= မီတင်းလဲလျောင်းရာဟူသောအနက်၊ အာရုံပြုသောအားဖြင့် နေထိုင်ရာဟူသောအနက်ကြောင့်။ နိဗ္ဗာနံ= နိဗ္ဗာန်ကို။

နဂရန္တိ= မြို့ဟူ၍။ ဝုစ္စတိ= သဒ္ဒိသူပစာအားဖြင့် ဆိုအပ်၏။) ဤကား အနက်။

''ဝုစ္စတိ- ဝုတ္တံ၊ နာမံ-ရှိရာ၊ ဥပစာ'' ဟူသော သဒ္ဒါစည်းမျဉ်း အတိုင်း သဒ္ဒိသူပစာအားဖြင့် တူသောကြောင့် နဂရ=မြို့ဟု ခေါ်ဆိုခြင်း ဖြစ်သည်။ မြို့အစစ်ဖြစ်သောကြောင့် နဂရ=မြို့ဟု ခေါ်ဆိုခြင်းမဟုတ်။

ဤအဋ္ဌကထာ၌ ပတိဋ္ဌာနသဒ္ဒါ၏ အထက်အောက်ဖြစ်သော တည်ရာ ဟူသော အနက်ကို မယူအပ်။ အာယတနဝိဘင်းအဋ္ဌကထာ၏ အဖွင့်ဖြစ်သော ''အဓိပတိပစ္စယဘူတေ စမှိ ပရမဿာသဘာဝေန ဝိနိမုတ္တ သံကိလေသေ၊ ဂတိ ဘာဝေန ပတိဋ္ဌာနဘူတေ ပတိဋ္ဌာယ ခယသံကိလေသော မဂ္ဂေါ ရာဂါဒယော ခေ ပေတိ'' ဟူသော မူလဋီကာ၌ ပတိဋ္ဌာနသဒ္ဒါ၏ အနက်ကဲ့သို့ မှီတင်းလဲလျောင်း ရာဟူသော အနက်ကို ယူအပ်၏။

အနက်ကား

(အဓိပတိပစ္စယဘူတေစ= အာရမ္မဏာဓိပတိ ပစ္စည်းဖြစ်၍လည်း ဖြစ်ထသော။ ဝိနိမုတ္တသံကိလေသေ= သမုစ္ဆေဒပဟာန်၊ ပဋိပဿဒ္ဓိပဟာန် တို့ဖြင့် ထိုသံကိလေသနှင့်စပ်သော ဆန္ဒရာဂကို ပယ်ခြင်းကြောင့် သံကိလေသတရား တို့မှ လွတ်သော ရဟန္တာပုဂ္ဂိုလ်၏။ ပရမဿာသဘာဝေနစ= လွန်စွာ သက်သာရာ၏ အဖြစ်ဖြင့်လည်းကောင်း။ ဂတိဘာဝေနစ= လဲလျောင်း ရာ၏အဖြစ်ဖြင့်လည်းကောင်း။ ပတိဋ္ဌာနဘူတေစ= မှီတင်းလဲလျောင်း ရာလည်း ဖြစ်ထသော။ အမှိ= ထိုအသခ်တဓာတ် နိဗ္ဗာန်၌။ ပတိဋ္ဌာယ= အာရုံပြုသောအားဖြင့် တည်၍။ ခယသံကိလေသော= ကိလေသာတို့ကို ကုန်စေတတ်- ချုပ်စေတတ်သည်ဟု ဆိုအပ်သော။ မဂ္ဂေါ= မဂ်သည်။ ရာဂါဒယော= ရာဂအစရှိသော ကိလေသာတို့ကို။ ခေပေတိ= ကုန်စေ၏) ဤကား အနက်။

အဓိပ္ပာယ်ကား

မြို့ကြီးသည် ဝတ်စားတန်ဆာနှင့် ပြည့်စုံသဖြင့် ချမ်းသာခြင်း၏ အကြောင်းဖြစ်၍ လူတို့၏ မှီတင်းလဲလျောင်းရာ ဒြပ်ထင်ရှားရှိသဖြင့်

လူတို့၏ ဣရိယာပုတ်လေးပါးတို့ဖြင့် သွားလာနေထိုင်ရာ ဖြစ်သကဲ့သို့ ထို့အတူ နိဗ္ဗာန်သည် ချမ်းအေးခြင်းစသော ဂုဏ်တို့နှင့် ပြည့်စုံသဖြင့် ချမ်းသာခြင်း၏အကြောင်းဖြစ်၍ အရိယာပုဂ္ဂိုလ်တို့၏ မှီတင်းလဲလျောင်း ရာဟူသော အနက်ကြောင့်လည်းကောင်း၊ ဒြပ်ထင်ရှားမရှိ၍ ဣရိယာပုတ် လေးပါးတို့ဖြင့် နေထိုင်ရာ မဟုတ်သော်လည်း မရောင့်ရဲနိုင်စကောင်းသော၊ အေးကြည်သောဂုဏ်နှင့် ပြည့်စုံသည်ဖြစ်၍ မပြတ် အာရုံပြုသောအားဖြင့် နေရာဖြစ်သောအနက်ကြောင့်လည်းကောင်း မြို့ကြီးနှင့် တူရကား နိဗ္ဗာန်ကို သဒိသူပစာအားဖြင့် နဂရ=မြို့ဟူ၍ ဆိုအပ်၏။

ဒြပ်ထင်ရှားရှိသော မြို့ကြီးကဲ့သို့ ဣရိယာပုတ်လေးပါးတို့ဖြင့် သွားလာ နေထိုင်ရာဖြစ်သော အနက်ကြောင့် နဂရ=မြို့ဟု ဆိုအပ်သည် မဟုတ်ဟူလို။ ဤသို့ဟုတ်မှန်သော အဓိပ္ပာယ်ကို ယူအပ်၏။

ပတိဋ္ဌာနဂေါစရနိဝါသနဋ္ဌာနဋ္ဌေန= တည်ရာဟူသောအနက်၊ အာရုံပြုရာဟူသောအနက်၊ နေရာဟူသောအနက်ကြောင့်ဟု မသင့်သော အနက်ကို သမ္ဗန်၍ "ဖြစ်တတ်-ပျက်တတ်သော သင်္ခါရသဘောမှလည်း မဟောင်း၊ သွားလာခြင်းစသော သင်္ခါရဒုက္ခတို့၏လည်း တည်ရာ"ဟု အနက် ရောက်သော မသင့်သောအဓိပ္ပာယ်ကို ကြံဆ၍ "နိဗ္ဗာန်သည် မြို့ကြီးကဲ့သို့ အုံ့ဩစဖွယ် တင့်တယ်ထူးဆန်း ဘုံနန်းပြာသာဒ်ကြီး"ဟူ၍ မယူအပ်။

အကျဉ်းသခေ်ပအဓိပ္ပာယ်ကား

"ဂေါစရ ကရဏေန နိဝါသနံ ဂေါစရနိဝါသနံ။ ပတိဋ္ဌာနဉ္စ ဂေါစရ နိဝါသနဉ္စ ပတိဋ္ဌာန ဂေါစရနိဝါသနံ။ တမေဝ ဌာနံ ပတိဋ္ဌာန ဂေါစရ နိဝါသ ဌာနံ" ဟု ပြု၍ ဂေါစရကရဏေန= အာရုံပြုသောအားဖြင့်။ နိဝါသနံ= နေရာတည်း။ ဂေါစရနိဝါသနံ= အာရုံပြုသောအားဖြင့်နေရာ၊ ပတိဋ္ဌာနဉ္စ= မှီတင်းလဲလျောင်းရာလည်း။ ဂေါစရ နိဝါသနဉ္စ= အာရုံ ပြုသောအားဖြင့်နေရာလည်း။ ပတိဋ္ဌာနဂေါစရနိဝါသနံ= မှီတင်းလဲလျောင်း ရာ၊ အာရုံပြုသောအားဖြင့် နေရာ။ တ မေဝ= ထိုမှီတင်းလဲလျောင်းရာ၊ အာရုံပြုသောအားဖြင့် နေထိုင်ရာသည်ပင်လျှင်။ ဌာနံ= ဌာနမည်၏။ နေရာ မည်၏။ ပတိဋ္ဌာန ဂေါစရ နိဝါသ ဌာနံ= မှီတင်း လဲလျောင်းရာ၊ အာရုံပြု သောအားဖြင့် နေထိုင်ရာသည်ပင်လျှင် ဌာနမည်၏။ နေရာမည်၏။

ဤသို့အနက်သမွန်၍ သေခါသေခါနံ-နှစ်ပုဒ်ကို ပတိဋ္ဌာန- နိဝါသန- နှစ်ပုဒ်နှင့် စပ်၍ သင့်မြတ်သော အဓိပ္ပာယ်ကို ယူအပ်၏။

ပတိဋ္ဌာန- ဂေါစရ- နိဝါသန- သုံးပုဒ်လုံးကို ဒွန်ပြု၍ သေခါနံ- ပုဒ်ကို ပတိဋ္ဌာန'- ဂေါစရ- နှစ်ပုဒ်တို့နှင့် စပ်၍ အသေခါနံ-ပုဒ်ကို သုံးပုဒ်လုံးနှင့် စပ်၍ ဤသို့ ယထာလာဘနည်း စပ်၍- သေက္ခပုဂ္ဂိုလ်တို့၏ မှီတင်းရာ၊ အာရုံပြုရာ။ ရဟန္တာပုဂ္ဂိုလ်တို့၏ မှီတင်းရာ၊ အာရုံပြုရာ၊ ကာရိယာပုတ်လေးပါးတို့ဖြင့် နေရာဟူသော မသင့်သောအနက်ကို မယူအပ် ဟူလိုသတည်း။

ဤသို့ပြဆိုအပ်ပြီးသောနည်းဖြင့် ''မာပေသိ နဂရံ သတ္ထာ'' စသော ဗုဒ္ဓဝင်ပါဠိအဋ္ဌကထာတို့၏ ဟုတ်မှန်တိုင်းသော အနက်အဓိပ္ပာယ်ကို ယူအပ်၏။

နိဗ္ဗာန်၏ နဂရမည်ကြောင်း ဝိနိစ္ဆယ ပြီး၏။

**အထူးမှာထားချက်။** ။ ဤမိုးနံကုန်းဆရာတော်ဘုရားကြီး၏ အဆုံးအဖြတ်များသည် ပခုက္ကူဦးကြင်ရွှေ၏ ဆရာဖြစ်တော်မူသော အုန်ပိုရ်ဆရာတော်ကြီး၏ စန္ဒမဏ္ဍလသုက္ကစာတန်းပါ အမှားများကို တိုက်ရိုက်ကျကျ ရှင်းလင်းပြချက်များ ဖြစ်နေကြသည်။ ထို့ကြောင့် အဆိုပါစန္ဒမဏ္ဍလသုက္ကစာတန်းနှင့် ယှဉ်၍ ဖတ်မှတ်သုံးသပ်တော်မူကြရန် အလွန်သင့်လျော်ပေသည်ဟု မှာထားလိုသည်။

**စီစဉ်သူများ**

ပိဋကတ္တယကောဝိဒ၊ သိက္ခာကာမ၊
လဇ္ဇီပေသလ၊ ဝိနယဓရ၊
ဂဏပါမောက္ခ၊ သာသနဘာရဝဟ
စသည်လုံလောက် မုံသောက်မာတင်
အာဇာနည်ဝင် ဖြစ်တော်မူသော

# လယ်တီ ဆရာတော်ဘုရားကြီး၏ အဆုံးအဖြတ် ( ၁၀ ) ချက်

အဝိဇ္ဇာ၏ မရှိခြင်းတည်းဟူသော အဘာဝကို နိဗ္ဗာန်ဟူ၍ ဆိုခဲ့သော်ထိုနိဗ္ဗာန်သည်-

(၁) အဘယ်သို့လျှင် ပရမတ္ထအားဖြင့် ထင်ရှားရှိပါသနည်း။
(၂) အဘယ်သို့လျှင် ပရမသုခ ဖြစ်နိုင်ပါသနည်း။
(၃) အဘယ်သို့လျှင် အနန္တဂုဏ်ကျေးဇူးနှင့် ပြည့်စုံနိုင်ပါသနည်း။
(၄) အဘယ်သို့လျှင် အပ္ပမေယျ ဂမ္ဘီရ ဖြစ်နိုင်ပါသနည်း။

## (၁) နိဗ္ဗာန်သည် ပရမတ္ထအားဖြင့် ထင်ရှားရှိပုံကို ပြခြင်း

ထိုအဝိဇ္ဇာ၏ အဘာဝဟု ဆိုအပ်သော နိဗ္ဗာန်သည် သန္တိလက္ခဏာအားဖြင့် အရိုးအစဉ် ထင်ရှားသော ဘာဝကြီးတစ်ပါး ဖြစ်ပေ၍ ပရမတ္ထအားဖြင့် ထင်ရှားရှိပေ၏။

ထင်ရှားပုံကား

ခပ်သိမ်းသော မြတ်စွာဘုရားတို့သည် ဘုရားအဖြစ်သို့ မရောက်မီရှေးကာလ၌ သစ္စာလေးပါးတရားကို ထိုးထွင်း၍ မသိခြင်းတည်းဟူသော အဝိဇ္ဇာတရား ရှိနေကြကုန်၏။ အဝိဇ္ဇာတရား ရှိနေသည့်အတွက်ကြောင့် သင်္ခါရ စသော သံသရာဝဋ္ဋတရားတို့သည်လည်း ရှိနေကြကုန်၏။ အဆုံးဘဝသို့ ရောက်၍ အရဟတ္တ မဂ်ဉာဏ်ကြီးကို ရကြသောအခါ၌ ထိုအဝိဇ္ဇာတရားသည် အကြွင်းအကျန်မရှိ- ချုပ်ငြိမ်းကွယ်ပျောက် အဘာဝအဖြစ်သို့ ရောက်လေ၏။

အဘာဝဟူသော်ကား အဇ္ဈာကာသကောင်းကင်ကဲ့သို့ အချိုးနှီးတုစ္ဆ၊ နိရတ္ထက အဘာဝမျိုး မဟုတ်။

ထိုမြတ်စွာဘုရားတို့မှာ ထိုခဏမှစ၍ ခပ်သိမ်းသော ကိလေသာတို့၏ ချုပ်ငြိမ်းခြင်း၊ ဒုတိယဘဝမှစ၍ ခပ်သိမ်းသော ဝဋ္ဋဒုက္ခတို့၏ ချုပ်ငြိမ်းခြင်း ဟူသော သန္တိလက္ခဏာနှင့်တကွ အနမတဂ္ဂ သံသရာတွင် အရိုးအစဉ်အားဖြင့် ထင်ရှားလျက်ရှိနေသော ပရမတ္ထဘာဝကြီးတစ်ပါး ဖြစ်ပေ၏။ ထိုနိဗ္ဗာန်သည် ဤသို့လျှင် ပရမတ္ထအားဖြင့် ထင်ရှားရှိ၏။

## (၂) နိဗ္ဗာန်သည် ပရမသုခဖြစ်ပုံကို ပြခြင်း

ထိုနိဗ္ဗာန်သည် အဘယ်သို့လျှင် ပရမသုခ ဖြစ်နိုင်ပါသနည်း။

လူချမ်းသာအပေါင်းတို့တွင် လေးကျွန်းလုံးကို အစိုးရသော စကြာမင်းတို့၏ ချမ်းသာသည် အကြီးကျယ်ဆုံးသော ချမ်းသာ ဖြစ်၏။ ထိုစကြာမင်းချမ်းသာသည် အနိစ္စမျိုး စင်စစ် ဖြစ်၏။ ပျက်စီးခြင်းသည်သာလျှင် အဆုံးရှိ၏။ ထိုစကြာမင်းကြီးသည်လည်း အဝိဇ္ဇာအစရှိသော

ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်တို့မှ ကျွတ်လွတ်ခြင်းမရှိသေးသော ကြောင့် ယခုနေ့ စကြာမင်း၊ နောက်နေ့၌ ခွေးဘဝ၊ ဝက်ဘဝအစရှိသော အပါယ်ဘဝသို့ ကျရောက်ရန် ဝဋ်ဘဝကြီး တင်းလင်းရှိနေ၏။

ထိုအဝိဇ္ဇာ၏ ချုပ်ငြိမ်းခြင်းတည်းဟူသော နိဗ္ဗာနသုခသည်မူကား နိစ္စမျိုး ဖြစ်၏။ အနမတဂ္ဂ သံသရာတွင် ဘယ်အခါမှ ပျက်ဆုံးခြင်းမရှိ။ မြတ်စွာဘုရားတို့သည်လည်း အဝိဇ္ဇာအစရှိသော ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်တို့မှ ကျွတ်လွတ်ကြလေကုန်သောကြောင့် ခွေးဘဝ၊ ဝက်ဘဝ အစရှိသော အပါယ်ဘဝတို့နှင့်တကွ ခပ်သိမ်းသောဘဝ ကျရောက်ခြင်း မရှိကြကုန်ပြီ။ ဤသို့လျှင် လေးကျွန်းလုံးကို အစိုးရသော စကြာမင်းကြီး၏ အကြီးအကျယ်ဆုံးသော လူချမ်းသာထက် ဤအဝိဇ္ဇာချုပ်ခြင်းတည်းဟူသော နိဗ္ဗာနသုခသည် အဆသိန်းသန်းမက သာလွန်မြင့်မြတ်သော ပရမသုခကြီး ဖြစ်ပေ၏။

နတ်ချမ်းသာအပေါင်းတို့တွင်လည်း သိကြားမင်း၊ နတ်မင်းကြီးတို့၏ ချမ်းသာသည် အကြီးကျယ်ဆုံးသော ချမ်းသာဖြစ်၏။ ဗြဟ္မာချမ်းသာ အပေါင်းတို့တွင်လည်း မဟာဗြဟ္မာမင်းကြီးတို့၏ချမ်းသာသည် အကြီးကျယ် ဆုံးသော ချမ်းသာဖြစ်၏။

ဤသိကြားမင်း၊ နတ်မင်းကြီး၊ ဗြဟ္မာမင်းကြီးတို့၏ ချမ်းသာတို့ သည် အနိစ္စမျိုး စင်စစ်သာဖြစ်ကုန်၏။ ပျက်စီးခြင်းလျှင် အဆုံးရှိကြကုန်၏။ ထို သိကြားမင်းကြီး၊ နတ်မင်းကြီး၊ ဗြဟ္မာမင်းကြီးတို့သည်လည်း အဝိဇ္ဇာ အစရှိသော ကိလေသဝဋ်၊ ကမ္မဝဋ်၊ဝိပါကဝဋ်တို့မှ ကျွတ်လွတ်ခြင်း မရှိ သေးသောကြောင့် ယခုနေ့ သိကြားမင်းကြီး၊ နတ်မင်းကြီး၊ ဗြဟ္မာမင်းကြီး။ နောက်နေ့၌ ခွေးဘဝ၊ ဝက်ဘဝ အစရှိကုန်သော အပါယ်ဘဝသို့ ကျရောက် ရန် ဝဋ်ဒုက္ခဘေးကြီး တင်းလင်းရှိနေကြကုန်၏။

ထိုအဝိဇ္ဇာ၏ ချုပ်ငြိမ်းခြင်းတည်းဟူသော နိဗ္ဗာနသုခသည်မူကား နိစ္စမျိုး ဖြစ်၏။ အနမတဂ္ဂ သံသရာတွင် ဘယ်အခါမှ ပျက်ဆုံးခြင်းမရှိ။ မြတ်စွာဘုရားတို့သည်လည်း အဝိဇ္ဇာအစရှိသော ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်တို့မှ ကျွတ်လွတ်ကြလေကုန်သောကြောင့် ခွေးဘဝ၊ ဝက်ဘဝအစ

ရှိသော အပါယ်ဘဝတို့နှင့်တကွ ခပ်သိမ်းသောဘဝသို့ ကျရောက်ခြင်း မရှိကြကုန်ပြီ။

ဤသို့လျှင် နတ်မင်းကြီး၊ သိကြားမင်းကြီး၊ မဟာဗြဟ္မာမင်းကြီး တို့၏ အကြီးကျယ်ဆုံးသော နတ်ချမ်းသာ ဗြဟ္မာချမ်းသာထက် ဤအဝိဇ္ဇာ၏ ချုပ်ငြိမ်းခြင်းတည်းဟူသော နိဗ္ဗာနသုခသည် အဆသိန်းသန်းမက သာလွန်မြင့်မြတ်သော ပရမသုခကြီး ဖြစ်ပေ၏။ ဤသို့လျှင် ပရမသုခ ဖြစ်နိုင်၏။

## (၃) နိဗ္ဗာန်သည် အနန္တဂုဏ်ကျေးဇူးနှင့် ပြည့်စုံပုံကို ပြခြင်း

ထိုနိဗ္ဗာန်သည် အဘယ်သို့လျှင် အနန္တဂုဏ်ကျေးဇူးနှင့် ပြည့်စုံနိုင်ပါ သနည်း။

အနမတဂ္ဂ သံသရာ၌ တစ်ထောင့်ငါးရာ ကိလေသာတို့တွင် တစ်ခု တစ်ခုသော ကိလေသာဝဋ္ဋ၏ အကျိုးယုတ် အကျိုးမဲ့ကြီးသည် အနန္တကြီး ကျယ်၏။ အဝိဇ္ဇာချုပ်ငြိမ်းခဲ့သည်ရှိသော် ထိုတစ်ထောင့်ငါးရာ ကိလေသာ တို့၏ ချုပ်ငြိမ်းမှုသည် အကုန်လုံး ပါဝင်လေ၏။ ထိုတစ်ခုတစ်ခုသော ကိလေသာဝဋ္ဋ၏ အကျိုးယုတ် အကျိုးမဲ့ကြီး အနန္တတို့သည်လည်း အကုန် ချုပ်ငြိမ်းကြလေကုန်၏။ ထိုအကျိုးမဲ့ကြီးအနန္တတို့၏ ချုပ်ငြိမ်းမှုသည် နိဗ္ဗာန်၏ အနန္တဂုဏ်ကျေးဇူး ဖြစ်လေ၏။

ကမ္မဝဋ္ဋ အနန္တတို့၏ ချုပ်ငြိမ်းမှု၊ ဝိပါကဝဋ္ဋ အနန္တတို့၏ ချုပ်ငြိမ်းမှု တို့ကို အစွဲပြု၍လည်း နိဗ္ဗာန်၏ အနန္တဂုဏ်ကျေးဇူးတို့ကို ဆိုလေ။ ဤသို့ လျှင် နိဗ္ဗာန်သည် အနန္တဂုဏ်ကျေးဇူးနှင့် ပြည့်စုံနိုင်၏။

## (၄) နိဗ္ဗာန်၏ အပ္ပမေယျ ဂမ္ဘီရကို ပြခြင်း

"ရူပသင်္ခါရဝိမုတ္တော ခေါ မဟာရာဇ တထာဂတော အပ္ပမေယျော ဂမ္ဘီရော သေယျထာပိ မဟာသမုဒ္ဒေါ။ ဝေဒနာသင်္ခါရဝိမုတ္တော (ပ) မဟာ သမုဒ္ဒေါ။ သညာ သင်္ခါ ဝိမုတ္တော (ပ) မဟာသမုဒ္ဒေါ။ သင်္ခါရသင်္ခါ ဝိမုတ္တော (ပ) မဟာသမုဒ္ဒေါ။ ဝိညာဏသင်္ခါဝိမုတ္တော (ပ) မဟာသမုဒ္ဒေါ" ဟူသော ခေမာထေရီမ၏ ကောသလသံယုတ်ပါဠိတော်၌ အဓိပ္ပာယ်ကား-

ရဟန္တာပုဂ္ဂိုလ်၏သန္တာန်၌ သတ္တဝါဟူသော ပညတ်သည် သဘောအားဖြင့် ရှိသည်မဟုတ်။ သဘောအားဖြင့်ရှိသော ပရမတ္ထတရားကို အမှီပြု၍ သိအပ်-ခေါ်ဝေါ်အပ်သော ပညတ်တရားမျှသာ ဖြစ်၏။ ထိုပညတ်သည်လည်း ခန္ဓပရိနိဗ္ဗာန်မစံမီ ရှေးအဖို့၌ သင်္ခတဖြစ်သော ရုပ်နာမ်တို့၏အပေါ်၌သာလျှင် ထင်မြင်နိုင်၏။ ပညတ်နိုင်၏။

ခန္ဓပရိနိဗ္ဗာန်စံပြီးသည်နောက် အသင်္ခတဖြစ်သော နိဗ္ဗာန်ဟူသောပရမတ္ထတရားသည်ကား အလွန်သိမ်မွေ့သောတရားဖြစ်ချေ၍ ထိုတရား၏အပေါ်၌ မထင်မြင်နိုင်၊ မပညတ်နိုင်။

မဟာသမုဒ္ဒရာတွင်းသို့ သက်ဆင်းသောသူသည် ထောက်ရာတည်ရာ ဟူ၍ တစ်စုံတစ်ခုကိုမျှ မရနိုင်သကဲ့သို့ ထိုနိဗ္ဗာန်သို့ ဆိုက်ရောက်သော သတ္တဝါသည် ထိုနိဗ္ဗာန်၌ ပုဂ္ဂိုလ်သတ္တဝါဟူသောပညတ်၏ တည်ရာမှီရာ တစ်စုံတစ်ခုသော ထောက်ရာတည်ရာကို မရလေပြီ။ နိဗ္ဗာန်သည်မဟာသမုဒ္ဒရာသဖွယ် နက်နဲသကဲ့သို့ ထိုပညတ်သည်လည်း မဟာသမုဒ္ဒရာသဖွယ် နက်နဲလေ၏။ ထို့ကြောင့် "အပ္ပမေယျော ဂမ္ဘီရော သေယျထာပိ" ဟူ၍ ဟောတော်မူသည်ဟု မှတ်ရမည်။

## (၅) နိဗ္ဗာန်မှာ ရုပ်ထူးနာမ်ထူး မရှိကြောင်းကို ပြခြင်း

"နိဗ္ဗာနံ သုခုမရူပဂတိကန္တိ ဝိညာယတိ"ႉ ဟူသော အနုဋီကာပါဠ်မှာလည်း နိဗ္ဗာန်ကို သုခုမရုပ် ၁၆-ခုနှင့် ဓမ္မာယတန ဓမ္မဓာတ်၌အကျုံးဝင်ခြင်း တူသောကြောင့် "သုခုမရူပဂတိကံ" ဟု ဆိုသည်။ နိဗ္ဗာန်သည် အလွန်သိမ်မွေ့သော ရုပ်နှင့်တူသောကြောင့် ဆိုသည်မဟုတ်။

နိဗ္ဗာန်ကို နာမ်ဟု ခေါ်ရာမှာလည်း စိတ်နာမ်မျိုး၊ စေတသိက်နာမ်မျိုးဖြစ်၍ ခေါ်ရသည်မဟုတ်။ ရုပ်တရားကဲ့သို့ စမ်းသပ်တွေ့ထိ၍ သိနိုင်သောတရားမျိုး မဟုတ်။ အမည်နာမကို အစဉ်မှီးပြီးလျှင် အနက်သဘောကိုဆင်ခြင်၍ သိရသောကြောင့် နာမ်ဟူ၍ ခေါ်လေသည်။

နိဗ္ဗာန်မှာ အမှန်အားဖြင့် ဝဋ္ဋဒုက္ခဘေးတို့မှ ငြိမ်းအေးခြင်းတည်းဟူသော သန္တိသဘောသည်သာလျှင် အသင်္ခတနိဗ္ဗာန်အမည်ဖြစ်၏။ ထိုနိဗ္ဗာန်မှာ

တည်ရာ မိရာခန္ဓာဟူ၍ တစ်စုံတစ်ခုမျှ မရှိပြီ။ ခန္ဓာမရှိသည့်အတွက်ကြောင့် ပရိနိဗ္ဗုတဟူ၍လည်း ခေါ်စရာ ပညတ်လည်း မရှိပြီ။

## (၆) သဿတဒိဋ္ဌိဖြစ်ပုံကို ပြခြင်း

အကယ်၍ ထိုနိဗ္ဗာန်မှာ ထိုခန္ဓာသည်လည်းကောင်း၊ ထိုပရိနိဗ္ဗုတ ပုဂ္ဂိုလ်သည်လည်းကောင်း ကျန်ရှိသည် ဆိုငြားအံ့။ သဿတဒိဋ္ဌိ အမှန် ဖြစ်၏။ **သဿတဒိဋ္ဌိ**ဆိုသည်ကား ထိုခန္ဓာကိုယ်တွင် ထိုပုဂ္ဂိုလ်၏ အတ္တ ပြု၍ ထိုအတ္တနှင့် ထိုပုဂ္ဂိုလ်သည် ခန္ဓပရိနိဗ္ဗာန်စံရာ၌ ချုပ်ငြိမ်းခြင်းမရှိဟူ၍ အနုပါဒိ သေသနိဗ္ဗာန်ဘက်သို့ ကူးပြောင်းတည်နေသည်ဟု ယူခြင်းသည် သဿတဒိဋ္ဌိ မည်၏။

## (၇) ဥစ္ဆေဒဒိဋ္ဌိဖြစ်ပုံကို ပြခြင်း

ဥစ္ဆေဒဒိဋ္ဌိဆိုသည်ကား ခန္ဓပရိနိဗ္ဗာန်မစံမီ ရှေးအဖို့၌ ထိုခန္ဓာ ကိုယ်ပင် ထိုပုဂ္ဂိုလ်၏ အတ္တဟူ၍ စွဲယူခဲ့ပြီးလျှင် ထိုအတ္တနှင့် ထိုပုဂ္ဂိုလ်သည် ခန္ဓာပရိနိဗ္ဗာန်စံရာတွင် အကုန်ချုပ်ဆုံးလေ၏ဟု ယူခြင်းသည် ဥစ္ဆေဒ ဒိဋ္ဌိမည်၏။

## (၈) သမ္မာဒိဋ္ဌိဖြစ်ပုံကို ပြခြင်း

ဤအရာ၌ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိဟူသော အယူတ်တရား နှစ်ပါးနှင့် သမ္မာဒိဋ္ဌိဟူသော မဇ္ဈိမပဋိပဒါတို့၏ အထူးကို ပြဆိုရာ၏။

အထူးဆိုသည်ကား

ခန္ဓပရိနိဗ္ဗာန်စံခြင်းသို့မရောက်မီ ရှေးကာလ၌ ခန္ဓာကိုပင် ပုဂ္ဂိုလ် သတ္တဝါတို့၏ အတ္တပြု၍ ''ပုဂ္ဂိုလ်သည် အမှန်ရှိ၏။ သတ္တဝါသည် အမှန်ရှိ၏။ အတ္တသည် အမှန်ရှိ၏''ဟု ခိုင်မြဲစွာ ယူကြသောသူတို့၏ အယူမှာ ခန္ဓပရိနိဗ္ဗာန်နှင့်စပ်လျှင် သဿတဒိဋ္ဌိသော်လည်း ဖြစ်ရာ၏။ သို့မဟုတ် ဥစ္ဆေဒဒိဋ္ဌိသော်လည်း ဖြစ်ရာ၏။ ထိုအယုတ်တရား နှစ်ပါး ဟူသော လမ်းလွဲလမ်းမှားကို ဘယ်လိုနည်းနှင့်မှ မရှောင်သာပြီ။

အဘယ့်ကြောင့်နည်းဆိုသော် ခန္ဓပရိနိဗ္ဗာန်မစံမီ နောက်ကာလကပင် ခန္ဓာကိုပင် **ပုဂ္ဂိုလ်သတ္တဝါ၏ အတ္တပြု၍** "ပုဂ္ဂိုလ်သည်အမှန်ရှိ၏။ သတ္တဝါသည် အမှန်ရှိ၏။ အတ္တသည် အမှန်ရှိ၏" ဟု ခိုင်မြဲသော ယူခြင်းတည်းဟူသော အတ္တဒိဋ္ဌိကြီး အရင်းခံရှိနေသောကြောင့်တည်း။ ထိုအတ္တဒိဋ္ဌိအရင်းခံရှိနေသော သူတို့မှာ သေသောအခါနှင့်စပ်လျှင် သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ နှစ်ပါးတွင် တစ်ပါးပါးသို့ ရောက်လေတော့သည်။ ထို့ကြောင့် ကထာဝတ္ထုပါဠိတော်၌-

"ပရိနိဗ္ဗုတော ပုဂ္ဂလော အတ္ထတ္ထမှိ၊ နတ္ထတ္ထမှီတိ၊ အတ္ထတ္ထမှီတိ အာမန္တာ" ဟူ၍လည်းကောင်း၊

"ပရိနိဗ္ဗုတော ပုဂ္ဂလော သဿတောတိ နဟေဝံ ဝတ္တဗ္ဗေ" ဟူ၍လည်းကောင်း၊

"ပရိနိဗ္ဗုတော ပုဂ္ဂလော ဥစ္ဆိန္နောတိ နဟေဝံ ဝတ္တဗ္ဗေ" ဟူ၍လည်းကောင်း အစွန်းနှစ်ဖက် မလွတ်နိုင်ချက်ကို ဟောတော်မူပေ၏။

ခန္ဓပရိနိဗ္ဗာန်မစံမီ ရှေးကာလကပင် **ထိုခန္ဓာသည် ပုဂ္ဂိုလ် သတ္တဝါ မဟုတ်။ သဘာဝဓမ္မ သက်သက်သာ ဖြစ်၏။** ထိုခန္ဓာမှ အလွတ် ပုဂ္ဂိုလ်ဟူ၍ သတ္တဝါဟူ၍ အတ္တဟူ၍ သဘောအားဖြင့် မရှိပြီဟု သိမြင်သော ဉာဏ်သည် **သမ္မာဒိဋ္ဌိ** မည်၏။ ထိုသမ္မာဒိဋ္ဌိဉာဏ်အမြင်ရှိသောသူတို့မှာ အတ္တဒိဋ္ဌိအရင်းခံ မရှိသည့်အတွက်ကြောင့် ခန္ဓပရိနိဗ္ဗာန်နှင့် စပ်၍ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိသို့ ရောက်ဖွယ်မရှိပြီ။ မဇ္ဈိမပဋိပဒါ၌ တည်လေ၏။

## (၉) မဇ္ဈိမပဋိပဒါကို ပြခြင်း

မဇ္ဈိမပဋိပဒါဆိုသည်ကား အဝိဇ္ဇာရှိသည် ရှိသော် သင်္ခါရစသော ဝဋ္ဋတရားတို့သည် ဘဝအဆက်ဆက် ဆက်လက် ဖြစ်ပွား၍သာ နေကုန်၏။ ဥစ္ဆေဒသို့ ရောက်သည် မရှိ။

အရဟတ္တမဂ်သို့ ရောက်၍ အဝိဇ္ဇာအကုန် ချုပ်ငြိမ်းလျှင် သင်္ခါရစသော ဝဋ္ဋတရားတို့သည် ထိုဘဝမှနောက်၌ ဖြစ်ပေါ်ခြင်း မရှိကြကုန်ပြီ။ ဤကား မဇ္ဈိမပဋိပဒါတည်း။

ဤ၍မရှိမပဋိပဒါလမ်း၌ အတ္တဒိဋ္ဌိဟူသော အရင်းခံမရှိသည့်အတွက်ကြောင့် သေကြသောအခါနှင့် စပ်လျဉ်း၍လည်းကောင်း၊ ခန္ဓပရိနိဗ္ဗာန်စံမှုနှင့် စပ်လျဉ်း၍လည်းကောင်း၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိဟူသော အကိုင်းအခက်ဒိဋ္ဌိနှစ်ပါး ဖြစ်ပွားဖွယ်မရှိပြီ။ ဤတွင်ကား အထူးထူး အထွေထွေ မေးခြင်းကို ဖြေဆိုချက်ပြီး၏။

(လယ်တီ ပုစ္ဆာအဖြေပေါင်းချုပ်ကျမ်းကြီး
ပထမတွဲ၊ စာမျက်နှာ- ၄၉၀ မှ ၄၉၇ ထိ)

## (၁၀) အနတ္တ ၂-မျိုးကို ပြခြင်း

လယ်တီဆရာတော်ကြီးက ''သဗ္ဗေ ဓမ္မာ အနတ္တာ'' ကို သဗ္ဗေ= ခပ်သိမ်းကုန်သော။ ဓမ္မာ= လောကီ လောကုတ္တရာ နိဗ္ဗာန် ပညတ်တရားတို့သည်။ အနတ္တာ= အနတ္တတို့သာတည်းဟု အနက်ယောဇနာတော်မူသည်။ ဆရာတော်ကြီးက အနတ္တအမျိုးအစားကို ဤသို့ ခွဲခြား၍ ပြဆိုတော်မူ၏။

၁။ အနိစ္စလက္ခဏာနှင့် ဖက်တွယ်၍ ပြသော အနတ္တကား အသာရကဋ္ဌေန အနတ္တာတည်း။ (မမြဲခြင်းကြောင့် အနတ္တ။)

၂။ အစိုးမရမှုဟူသော အနတ္တကား အသာမိကဋ္ဌေန အနတ္တာ၊ အဝသဝတ္တနဋ္ဌေန အနတ္တာတည်း။

ထိုနှစ်ပါးတို့တွင် အနိစ္စလက္ခဏာကို ပိုင်နိုင်စွာ မြင်ခဲ့လျှင် အသာရကဋ္ဌ အနတ္တအမြင်ကိစ္စ ပြီးစီးတော့သည်။ အသာရကဋ္ဌ အနတ္တအမြင်ကိစ္စ ပြီးစီးလျှင်လည်း အနတ္တဘာဝနာကိစ္စ ပြီးစီးနိုင်တော့သည်။

အစိုးမရမှု၊ အလိုသို့မလိုက်မှုဟူသော နောက်အနတ္တကိုမူကား ပညာရှိတစ်ဆူ ပြုလုပ်သူတို့ အကြံဉာဏ်ကွန့်မြူးကြရန် ထင်ရှားရာ အချက်အစကို ဖော်ပြလိုက်သည်။

# တောင်လေးလုံး ဆရာတော်ဘုရားကြီး၏ နိဗ္ဗာန် အနတ္တ အဆုံးအဖြတ်

နိဗ္ဗာန်ကိုကား နိစ္စဟုမှတ်။ သုခဟုမှတ်။ အတ္တဟူ၍ကား မမှတ်အပ်။ နိဗ္ဗာနံ အနတ္တာ။ နိဗ္ဗာန်သည် အနတ္တမည်၏။ နိဗ္ဗာန်သည် အနိဿရိယ- အဿာမိက= ပိုင်စိုးသူမရှိ- အရှင်သခင်မရှိသောကြောင့် အနတ္တဟု သိတတ်စေ။ အနတ္တဟု မုချမှတ်လေ။

ဗောဓိမဏ္ဍိုင်၌ ဘုရားအဖြစ်သို့ ရောက်တော်မူခါနီးဖြစ်သော ဘုရားအလောင်းတော်သည် လောကီဖြစ်သော ရုပ်နာမ်ခန္ဓာအာယတနဓာတ်တို့ကို ယထာဘူတဉာဏ်တော်၊ ဝိပဿနာဉာဏ်တော်တို့ဖြင့် အနိစ္စဟု အကြိမ်ကြိမ်ရှုတော်မူသည်။ ဒုက္ခဟု အကြိမ်ကြိမ်ရှုတော်မူသည်။ အနတ္တဟု အကြိမ်ကြိမ်ရှုတော်မူသည်။

ထိုသို့သော လောကီဖြစ်သော ရုပ်နာမ်ခန္ဓာ အာယတနဓာတ်တို့ကို အနိစ္စဟု အကြိမ်ကြိမ် ရှုတော်မူသောကြောင့်၊ ဒုက္ခဟု အကြိမ်ကြိမ် ရှုတော်မူသောကြောင့်၊ အနတ္တဟု အကြိမ်ကြိမ် ရှုတော်မူသောကြောင့် အစဉ်အတိုင်း ပရိကံ ဥပစာ အနုလုံ ဂေါတြဘူ သောတာပတ္တိမဂ်ဉာဏ် ဖိုလ်ဉာဏ်တို့သို့ ရောက်တော်မူသည်။

ထိုဂေါတြဘူ သောတာပတ္တိ မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့သည်သာ နိဗ္ဗာန်ကို အာရုံပြုကုန်သည်။ ထိုသို့ မဂ်ဖိုလ်ဉာဏ်တို့ဖြင့် နိဗ္ဗာန်ကို အာရုံ

ပြသည်ကိုသာ "နိဗ္ဗာန်သို့ ရောက်သည်" ဟု ဝေါဟာရဒေသနာတော်နည်းဖြင့် ဟောတော်မူသည်။

ပရမတ္ထ ဒေသနာတော်နည်းဖြင့်ကား နိဗ္ဗာန်သို့ ရောက်တတ်သော ပုဂ္ဂိုလ်သတ္တဝါဟု မရှိ။ နိဗ္ဗာန်သို့ ရောက်တတ်သော ပုဂ္ဂိုလ်သတ္တဝါဟု မုချမရှိသည်ကို သေသေသပ်သပ် အသက်ထက်ဆုံး စွဲ၍မှတ်လေ။

(နမောတဿဂမ္ဘီရရှုဖွယ်ကျမ်းမှ ကောက်နုတ်ချက်။)

စက္ခုံ သောတံ ဃာနံ ဇိဝှံ ကာယံ အနိစ္စတော ဇာနတော ပဿတော အဝိဇ္ဇာ ပဟီယတိ။ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ။

မနံ ဒုက္ခတော ဇာနတော ပဿတော အဝိဇ္ဇာ ပဟီယတိ။ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ။

မနံ အနတ္တတော ဇာနတော ပဿတော အဝိဇ္ဇာ ပဟီယတိ။ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ။

အဝိဇ္ဇာဂတဿ ဘိက္ခဝေ အဝိန္ဒသုနော မိစ္ဆာဒိဋ္ဌိ ဟောတိ။

ဝိဇ္ဇာဂတဿ ဘိက္ခဝေ ဝိန္ဒသုနော သမ္မာဒိဋ္ဌိ ဟောတိ။

(မဟာဝဂ္ဂသံယုတ်ပါဠိတော်။ ပထမသုတ်။)

ယေ တေ ဘိက္ခဝေ ဘိက္ခူ အဓမ္မံ ဓမ္မောတိ ဒီပေန္တိ၊

တေ ဘိက္ခဝေ ဘိက္ခူ ဗဟုဇနအဟိတာယ ပဋိပန္နာ ဗဟုဇနအသုခါယ ဗဟုနော ဇနဿ အနတ္ထာယ အဟိတာယ ဒုက္ခာယ ဒေဝမနုဿာနံ။ တေ ဘိက္ခဝေ ဘိက္ခူ ဗဟုံ အပုညံ ပသဝန္တိ။ တေ စိမံ သဒ္ဓမ္မံ အန္တရဓာပေန္တိ။

(အင်္ဂုတ္တရပါဠိတော်။)

**ထူးရာအနက်ကား**

ဗဟုံ= အတိုင်းမသိ။ အပုညံ= သံသရာ၌ နစ်စေတတ်သော အကုသိုလ်ကို။ ပသဝန္တိ- လဘန္တိ= ရလေကုန်၏။ တေစဘိက္ခူ= ထိုအဓမ္မကို ဓမ္မဟု မဟုတ်မမှန်ဘဲ အလွဲပြုကုန်သော ရဟန်းတို့သည်လျှင်။ မမ= ငါဘုရား၏။ သဒ္ဓမ္မံ= သာသနာတော်ကို။ ဝါ- တရားတော်ကို။ အန္တရဓာပေန္တိ= ကွယ်ပျောက်စေကုန်၏။

အဓမ္မကို ဓမ္မဖြစ်သည်ဟု မဟုတ်မမှန်ဘဲ အလွဲပြုကုန်သော သူတို့သည် များစွာကုန်သော သူတို့၏ အကျိုးစီးပွားကိုလည်း ဖျက်ဆီးသည် မည်ကုန်၏။ သံသရာ၌ နစ်စေတတ်သော အကုသိုလ်ကိုလည်း များစွာ ရလေကုန်၏။ ငါဘုရား၏ သာသနာတော်ကိုလည်း ကွယ်စေကုန်သည်။ ငါ၏ သာသနာတော်မြတ်ကို အဓမ္မကို ဓမ္မဟု ဟောပြောသော ရဟန်းတို့သည် ဖျက်ဆီးကုန်သည်ဟု ဟောတော်မူ၏။ **တတ်တတ်သိမှ မှုချသိမှ ပြောဟောပြသရာသည်။**

ရောဂါဝေဒနာ ပျောက်နိုးထင်၍ သေဆေးကို အစားမှားသောကြောင့် လတ်တလော သေသည်မှာ အပါယ်မလားတတ်သောကြောင့် မထောင်းတာ။ အဓမ္မကို ဓမ္မဟု မှတ်မှား၍ ကျင့်မှားလျှင် အပါယ်လေးပါးသို့ လားရတော့မည်မှာ အပြီးသာ။

**မလိမ်မာသောသမားက ပေးသောဆေးကို များများစားမိသောကြောင့် လတ်တလောသေခြင်းပင် အသက်ထွက်၍သေသော်လည်း အပါယ်သို့ လားမည်မဟုတ်သောကြောင့် မထောင်းတာပါသေး။ အဓမ္မကို ဓမ္မဟု ပြောဟောသောသူမိုက်၏ စကားကို ယုံကြည်လေးမြတ်သောကြောင့် ဝမ်းမြောက်ဝမ်းသာ လိုက်နာကျင့်များချေက ကျောက်ခဲကို ရေထဲသို့ ချလိုက်ဘိသကဲ့သို့ စုတ်စုတ် မြုပ်ရတော့မည်သာ။ ပေါ်လာ- တက်လာနိုင်မည့် အရေးမှာ ဝေးလှလေဘိစွာ။**

(မဟာဓမ္မသံဝေဂရှုဖွယ်ကျမ်း။)

အဂ္ဂမဟာပဏ္ဍိတ ကဝိဓဇ မဟာဓမ္မရာဇာဓိရာဇ

# သင်္ဂဇာ ဆရာတော်ဘုရားကြီး၏ နိဗ္ဗာန် အနတ္တ အဆုံးအဖြတ်

အဂ္ဂမဟာပဏ္ဍိတ ကဝိဓဇ မဟာဓမ္မရာဇာဓိရာဇ သင်္ဂဇာ ဆရာတော်ဘုရားကြီးသည် ဓမ္မပဒပါဠိတော် နိဿယ ရေးသားရာ၌ နိဗ္ဗာန် အတ္တ မဟုတ်ကြောင်း၊ နိဗ္ဗာန် အနတ္တဖြစ်ကြောင်းကို အောက်ပါအတိုင်း ဆုံးဖြတ်ခဲ့ပါသည်။

"နိဗ္ဗာန်သည် နိစ္စ သုခ မည်၏ဟု နိစ္စသုခ စင်စစ်ကို ရှာသော် ရသကဲ့သို့ အတ္တစင်စစ် ရှာ၍ မရကောင်း။ နိဗ္ဗာန်သည်လည်း အနတ္တ ပင်တည်း။ အတ္တဟူသည်ကား အနတ္တစင်စစ်ဖြစ်သော ခန္ဓာငါးပါး၌ အတ္တ ဟု စွဲလမ်းအားကြီး၍ သမင်ငယ်သည် ကျားကို အမိထင်မှားသကဲ့သို့ ထင်မှားခြင်းတည်း။

ထို့ကြောင့် အဆုံးဂါထာ၌ "သဗ္ဗေ ဓမ္မာ အနတ္တာတိ" ဟု ဟောတော်မူသည်။ ထိုသို့နိဗ္ဗာန် အနတ္တ ဖြစ်သော်ငြားလည်း နိဗ္ဗာန်ကို ပုထုဇဉ်တို့အရာ မဟုတ်သောကြောင့် အတ္တဟု စွဲလမ်းသူမရှိ။ ခန္ဓာငါးပါးကိုသာ အတ္တဟု စွဲလမ်းကုန်သည်ဖြစ်၍ စွဲလမ်းအပ်သော ခန္ဓာငါးပါး၏ သာလျှင် အနတ္တအဖြစ်ကို ပြတော်မူသည်ဟု နှလုံးထား၍ "သဗ္ဗေ ဓမ္မာတိ ပဉ္စက္ခန္ဓာဝေ အဓိပ္ပေတာ"ဟု အဋ္ဌကထာဆရာ ဖွင့်တော်မူသည်။

သူငွေးကျောင်းဆရာတော်

## အရှင်သဒ္ဓမ္မဇောတိကပါလ ၏ နိဗ္ဗာန် အနတ္တ အဆုံးအဖြတ်

"လောကီခန္ဓာနှင့်တကွ လောကုတ္တရာခန္ဓာ နိဗ္ဗာန် ပညတ်တို့ကိုပါ သိမ်းကျုံး၍ "သဗ္ဗေ ဓမ္မာ အနတ္တာ" ဟု ဟောတော်မူ၏။ ထို့ကြောင့် ခန္ဓဝဂ္ဂ သံယုတ် အဋ္ဌကထာ၌ "သဗ္ဗေ ဓမ္မာ အနတ္တာတိ သဗ္ဗေ စတုဘုမ္မိကဓမ္မာ အနတ္တာ" ဟု ဖွင့်တော်မူ၏။ အလုံးစုံကုန်သော ဘုံလေးပါး၌ ဖြစ်ကုန်သော တရားတို့သည် အတ္တမဟုတ်သော အနတ္တတရားမည်ကုန်၏ဟု မြန်မာပြန်။

၄င်းတွင် နိဗ္ဗာန်နှင့်တကွ နာမပညတ်သည်ကား ခန္ဓာကိုယ်အတ္တမှ ကင်းသောကြောင့် အနတ္တစင်စစ် ဧကန်ဖြစ်၏။ ထိုသို့နိဗ္ဗာန်တရား၊ နာမပညတ်တရားသည် အနတ္တစင်စစ် ဖြစ်သော်လည်း အတ္တဟူ၍ **သဏ္ဌာယဒိဋ္ဌိဖြင့် မစွဲလမ်းအပ်သော အနတ္တ**ဖြစ်သောကြောင့် ဝိပဿနာရှုခြင်းငှာ မထိုက်။ တေဘူမကသင်္ခါရကိုကား အတ္တဟူ၍ **သဏ္ဌာယဒိဋ္ဌိဖြင့် စွဲလမ်းမှတ်ယူအပ်သော အနတ္တ**ဖြစ်သောကြောင့် ဝိပဿနာယာဉ်ဖြင့် တင်၍ ရှုအပ်၏။

(ပရမတ္ထသရူပအနုဝဏ္ဏနာကျမ်းသစ်၊ တတိယတွဲ၊ စာမျက်နှာ- ၃၆၂။)

**မှာထားချက်။** ။ဆရာတော်က အတ္တ၏အဓိပ္ပာယ်ကို ခန္ဓာကိုယ်ဟု ယူတော်မူသည်။ အတ္တကောင်ဟု ယူတော်မမူသေး။ ထို့ပြင် လောကုတ္တရာခန္ဓာတို့၌ ဝိပဿနာမရှုကောင်းကြောင်းကို သုံးသပ်ခြင်းမပြု။ လောကုတ္တရာခန္ဓာတို့ ဖြစ်ပေါ်နေလျှင် နိဗ္ဗာန်ကိုသာ အာရုံပြုနေသည်။ နိဗ္ဗာန်သည်ကား ဖြစ်ခြင်းပျက်ခြင်း မရှိသော တရားထူးတရားမြတ် ဖြစ်ပေသည်။

ဗုဒ္ဓဓမ္မလောကစာစောင်

(အတွဲ-၄၊ အမှတ်-၃၀၊ ၁၃၂၀-ခု၊ တပို့တွဲလပြည့်၊ တနင်္ဂနွေနေ့ ထုတ်)

# ဒေတွာ ဦးဓမ္မ၏
# နိဗ္ဗာန် အနတ္တ အဆုံးအဖြတ်

''ဤအနတ္တဟူသော လက္ခဏာသည် လွန်စွာ နက်နဲသိမ်မွေ့၍ သိနိုင်ခဲသဖြင့် လေးစင်းသော သမုဒ္ဒရာဝယ် လေးဖြာသော နက်နဲခြင်းကဲ့သို့ ငါးရပ်သော နိကာယ်ဝယ် လေးသွယ်သော နယတို့ဖြင့် ဘုရားအစရှိသော သူတော်ကောင်းတို့ ဟောပြောဆုံးမတော်မူပုံမှာ-

(၁) သင်္ခတရုပ်နာမ်တို့နှင့်တကွ နိဗ္ဗာန်ကို ဟောတော်မူသော အနတ္တ။

(၂) သင်္ခတရုပ်နာမ်တို့နှင့်တကွ ပညတ်ကိုသာ ဟောတော်မူသော အနတ္တ။

(၃) သင်္ခတရုပ်နာမ်တို့ကိုသာ ဟောတော်မူသော အနတ္တ။

(၄) သင်္ခတရုပ်နာမ်တို့နှင့် ပညတ်နိဗ္ဗာန်တို့ကိုပါ ဟောတော်မူသော အနတ္တ။

ဤလေးချက်တို့တွင် ''သဗ္ဗေ ဓမ္မာ အနတ္တာတိ သောတာဝဓာနံ၊ တံ ပဇာနနာ ပညာ သုတမယေ ဉာဏံ'' ဟူသော ပဋိသမ္ဘိဒါမဂ် ပါဠိ

တော်၌ သင်္ခတ ရုပ်နာမ်တို့နှင့်တကွ နိဗ္ဗာန်ကို အတွင်းပြု၍ အနတ္တကို ဟောတော်မူသတည်း။ ထို့ကြောင့် "သဗ္ဗေ ဓမ္မာ အနတ္တာတိ နိဗ္ဗာနမ္ပိ အန္တော ကတွာ ဝုတ္တာ" ဟူ၍ အဋ္ဌကထာ ဖွင့်တော်မူသည်။ ၄င်း၌ ပညတ်မပါခြင်းမှာ ကသိုဏ်းပဋိဘာဂ နိမိတ်တို့၌ အတ္တဒိဋ္ဌိ စွဲယူခြင်း ဖြစ်သင့်သောကြောင့်လည်းကောင်း၊ ဤအလုံးစုံသော ဓမ္မသဘာဝတို့ကို အနတ္တဟူ၍ သင်ကြားနာခံခြင်း သုတမယပညာအရာ ဖြစ်သောကြောင့် လည်းကောင်း မပါ။ ပညတ်ကား ဓမ္မသဘာဝ မဟုတ်ဟူလို။ ဤကား အမှတ်(၁) အရ ရှင်းလင်းချက်တည်း။

လောကီ သင်္ခတ သဘာဝတရား (ရုပ်နာမ်)တို့နှင့် ပညတ်ကိုသာ ဟော တော်မူပုံကား အင်္ဂုတ္တရပါဠိတော် ဧကနိပါတ အဋ္ဌာနဝဂ်တွင် "အဋ္ဌာနမေတံ ဘိက္ခဝေ အနာဝကာသော၊ ယံ ဒိဋ္ဌိသမ္ပန္နော ပုဂ္ဂလော ကိဉ္စိ ဓမ္မံ အတ္တတော ဥပဂစ္ဆေယျ၊ နေတံ ဌာနံ ဝိဇ္ဇတိ။ ဌာနဉ္စ ခေါ ဘိက္ခဝေ ဝိဇ္ဇတိ၊ ယံ ပုထုဇ္ဇနော ကိဉ္စိ ဓမ္မံ အတ္တတော ဥပဂစ္ဆေယျ၊ ဌာနမေတံ ဝိဇ္ဇတိ" ဟူသတည်း။ ဉာဏဝိဘင်း ပါဠိတော်၌လည်း အလားတူ ဟောတော်မူသည်။ ဤ၌ နိဗ္ဗာန်မပါခြင်းမှာ မိစ္ဆာဒိဋ္ဌိ၏ အာရုံပြုရာ မဟုတ်သောကြောင့် မပါ။ မိစ္ဆာဒိဋ္ဌိတို့ အာရုံပြုရာဖြစ်သော ကသိုဏ်း စသော နိမိတ်ပညတ်ကိုသာ ယူသတည်း။

ဤအမှတ်(၂)တွင် နိဗ္ဗာန်ကို အတ္တဖြစ်သောကြောင့် မသွင်းဘဲ မယူဘဲ ချန်ထားသည် မဟုတ်။ အင်္ဂုတ္တရဋီကာကြီး၌ "ဒိဋ္ဌိယာ နိဗ္ဗာနဿ အဝိသယဘာ ဝေါ ဟေဋ္ဌာ ဝုတ္တောဝေါတိ ကသိဏာဒိပဏ္ဏတ္တိသင်္ဂဟဏ တ္ထန္တိ ဝုတ္တံ" ဟု မိန့်တော်မူသဖြင့် ရှင်းလောက်ပါပြီ။ ဤကား အမှတ်(၂) အရ ရှင်းလင်းချက်တည်း။

အမှတ် (၃)တွင် သင်္ခတတရားတို့ကို ဟောခြင်းမှာ "သဗ္ဗေ ဓမ္မာ အနတ္တာတိ၊ ယဒါ ပညာယ ပဿတိ" စသော ဓမ္မပဒပါဠိတော်၌ တောဘူမက သင်္ခါရဖြစ်သော ခန္ဓာငါးပါးကိုသာ ဝိပဿနာယောဂီတို့ အတွက် ဟောသတည်း။ ထို့ကြောင့် ဓမ္မပဒအဋ္ဌကထာ၌ "သဗ္ဗေ ဓမ္မာတိ ပဉ္စက္ခန္ဓာဧဝ အဓိပ္ပေတာ" ဟု ဖွင့်သတည်း။ နိဗ္ဗာန်ပညတ်တို့သည်

ဝိပဿနာအရာ မဟုတ်ကုန်။ အသင်္ခတတရား ဖြစ်ကုန်၏။ ထို့ကြောင့် ဓမ္မပဒဂါထာအရာ၌ မပါဝင်ကုန်။

အမှတ် (၄) တွင် သင်္ခတဓမ္မ၊ အသင်္ခတဓမ္မ၊ ပညတ္တိဓမ္မဟူသော ဓမ္မအပေါင်းကို သိမ်းကျုံး၍ ဟောတော်မူသော တရားကား "အနိစ္စာ သဗ္ဗေ သင်္ခါရာ၊ ဒုက္ခာနတ္တာစ သင်္ခတာ။ နိဗ္ဗာနဉ္စေဝ ပညတ္တိ၊ အနတ္တာ ဣတိ နိစ္ဆယာ" ဟူသော ပရိဝါပါဠိတော်အရာတည်း။

ဤပါဠိတော်၌ ဆိုလိုရင်းမှာ အလုံးစုံသော သင်္ခတတရားတို့သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ မည်ကုန်၏။ နိဗ္ဗာန်၊ပညတ်တို့သည်ကား အနိစ္စ၊ ဒုက္ခ မမည်ကုန်။ အနတ္တသာ မည်ကုန်၏။ အဘယ့်ကြောင့်နည်းဟူမူ ပညတ်သည် ပရမတ္ထအားဖြင့် ထင်ရှားမရှိသောကြောင့်လည်းကောင်း၊ ဖြစ်ခြင်းပျက်ခြင်း မရှိသောကြောင့်လည်းကောင်း၊ သာသနာတော်မှအပ တိတ္ထိယတို့ ကြံဆအပ်သော အတ္တသဘောမှ ကင်းသောကြောင့်လည်းကောင်း အနတ္တမည်သတည်း။ ဤနေရာတွင် အသင်္ခတဖြစ်သော ပညတ်ကို အသင်္ခတမျိုးချင်းတူသောကြောင့် ထင်ရှားရှိသော သဘာဝတရား အသင်္ခတ နိဗ္ဗာန်နှင့်တကွ အနတ္တဟု ဟောသတည်း။

ဤနေရာတွင် အနတ္တထိုက်သော တရားအပေါင်းကို စုပြရာဖြစ်၍ နိဗ္ဗာန်ပညတ်တို့ကိုပါ ဟောသည်။ သို့ရာတွင် နိဗ္ဗာန်၊ ပညတ်တို့သည် ဝိပဿနာ ရှုဖွယ်မဟုတ် ဟူလို။

# မိုးညှင်းဆရာတော်ကြီး ၏ နိဗ္ဗာန် အနတ္တ အဆုံးအဖြတ်

“သဗ္ဗေ သင်္ခါရာ အနတ္တာ ဟု မဟောဘဲ နိဗ္ဗာန်နှင့် ပညတ်တို့သည်လည်း အနိစ္စ၊ ဒုက္ခထဲမှာ မပါ၊ အနတ္တထဲမှာ ပါနေကြသည်ကို သိစေလို၍ “သဗ္ဗေ ဓမ္မာ အနတ္တာ” ဟု ဟောတော်မူသည်။

# မူလ မင်းကွန်း ဇေတဝန်ဆရာတော်ဘုရားကြီး၏ သဿတ ဥစ္ဆေဒ အဆုံးအဖြတ်

အဘယ်သို့လျှင် နာမ်ရုပ်ကို မသိခြင်းကြောင့် သဿတဒိဋ္ဌိ၊ ဥစ္ဆေဒ ဒိဋ္ဌိ ဖြစ်သနည်း။

အကြင်သူသည် ဤလောက၌ နာမ်ရုပ်သာ ရှိ၏။ အာရုံပြုသော သဘောကား နာမ်။ အာရုံဖြစ်သော သဘောကား ရုပ်။ ဤသို့ နာမ်ရုပ်ကို မသိခြင်းကြောင့် နာမ်ရုပ်ကို ပယ်၍ ဤလောက၌ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမဟူသည်ကား ခေါ်ဝေါ်ပြောဆိုရုံမျှ ဝေါဟာရပညတ်သာ ဖြစ်၍ ဘာမျှ မရှိဘဲလျက် ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ ရှိ၏ဟု ယူမှား၏။ ထိုသူသည် ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ မကျိုး-မပဲ့၊ မရွဲ့-မကန်း၊ မသန်း-မဝေ၊ မအို- မသေဟု ယူမှားသောအားဖြင့် ရှိသော သတ္တဝါ (=အတ္တကောင်) မသေလျှင် သတ္တဝါ အစဉ်အဆက်မြဲ၏ဟု ယူမှား ခြင်းကြောင့် သဿတဒိဋ္ဌိ ဖြစ်၏။

ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ ကျိုးကျိုး-ပဲ့ပဲ့၊ ရွဲ့ရွဲ့- ကန်းကန်း၊ သန်းသန်း- ဝေဝေ၊ သေလည်းသေ၏ဟု ယူမှား

သောအားဖြင့်ရှိသော သတ္တဝါ (=အတ္တကောင်) သေလျှင် သတ္တဝါ အစဉ်အဆက်ပြတ်၏ဟု ယူမှားခြင်းကြောင့် ဥစ္ဆေဒဒိဋ္ဌိ ဖြစ်၏။

ယော ပနေတံ ယထာဘူတဒဿနံ ပဟာယ "သတ္တော အတ္ထိ"တိ ဂဏှာတိ။ သော တဿ ဝိနာသံ အနုဇာနေယျ အဝိနာသံဝါ၊ အဝိနာသံ အနုဇာနန္တော သဿတေ ပတတိ။ ဝိနာသံ အနုဇာနန္တော ဥစ္ဆေဒေ ပတတိ။

**အနက်ကား**

ယောပန= အကြင်သူသည်။ ဧတံယထာဘူတဒဿနံ= ထိုသို့ ဟုတ်မှန်သောအတိုင်း သိအပ်မြင်အပ် ရှုမှတ်အပ်သော နာမ်ရုပ်ကို။ ပဟာယ= ပယ်၍။ "သတ္တော= သတ္တဝါသည်။ အတ္ထိ= ရှိ၏"။ ဣတိ= ဤသို့။ ဂဏှာတိ= ယူမှား၏။ သော= ထိုသို့ယူမှားသောသူသည်။ တဿ= ထိုသတ္တဝါ၏။ ဝိနာသံ ဝါ။ ပျက်စီး ခြင်းကိုလည်း။ အနုဇာနေယျ= ခွင့်ပြုရာကျ၏။ အဝိနာသံဝါ= မပျက်စီးခြင်းကိုလည်း။ အနုဇာနေယျ= ခွင့်ပြုရာကျ၏။ အဝိနာသံ= မပျက်စီးခြင်းကို။ အနုဇာ နန္တော= ခွင့်ပြုသည်ရှိသော်။ သဿတေ= သဿတဒိဋ္ဌိ၌။ ပတတိ= ကျ၏။ ဝိနာသံ= ပျက်စီးခြင်းကို။ အနုဇာနန္တော= ခွင့်ပြုသည်ရှိသော်။ ဥစ္ဆေဒေ= ဥစ္ဆေဒ ဒိဋ္ဌိ၌။ ပတတိ= ကျ၏။

ဥစ္ဆေဒဒိဋ္ဌိကား ၅-ပါး။ ၅-ပါးဟူသော်ကား-

ရူပံ အတ္တတော သမနုပဿတိ။

ဝေဒနံ အတ္တတော သမနုပဿတိ။

သညံ အတ္တတော သမနုပဿတိ။

သင်္ခါရေ အတ္တတော သမနုပဿတိ။

ဝိညာဏံ အတ္တတော သမနုပဿတိ။

**ရူပံ= ရုပ်ကို။ အတ္တတော= ငါဟု။ သမနုပဿတိ= ယူမှား၏။** အကြွင်းသိလေ။

သဿတဒိဋ္ဌိကား ၁၅-ပါး။ ၁၅-ပါးဟူသော်ကား

ရုပ်၌ သဿတဒိဋ္ဌိ ၃-ပါး။ ဝေဒနာ၌ သဿတဒိဋ္ဌိ ၃-ပါး။ သညာ၌ သဿတဒိဋ္ဌိ ၃-ပါး။ သင်္ခါရ၌ သဿတဒိဋ္ဌိ ၃-ပါး။ ဝိညာဏ်၌

သဿတဒိဋ္ဌိ ၃-ပါး။ ပေါင်း ၁၅-ပါး။

ရုပ်၌ သဿတဒိဋ္ဌိ ၃-ပါးဟူသော်ကား

ရူပဝန္တံ ဝါ အတ္တာနံ သမနုပဿတိ။

အတ္တနိ ဝါ ရူပံ။

ရူပသ္မိံ ဝါ အတ္တာနံ။

**ဝါ= တစ်နည်းကား။ရူပဝန္တံ= ရုပ်ရှိသောခန္ဓာကို။ အတ္တာနံ= ငါဟု။ သမနုပဿတိ= ယူမှား၏။ ဝါ= တစ်နည်းကား။ အတ္တနိ= ငါ၌။ ရူပံ= ရုပ်ဟု။ သမနုပဿတိ= ယူမှား၏။ ဝါ=တစ်နည်းကား။ ရူပသ္မိံ= ရုပ်၌။ အတ္တာ နံ= ငါဟု။ သမနုပဿတိ= ယူမှား၏။** အကြွင်းပါဋ္ဌိအနက် အဓိပ္ပာယ်ကို နည်းမှီ၍ သိလေ။

(မူလမင်းကွန်း ဇေတဝန် ဆရာတော်ဘုရားကြီး ရေး ဝိပဿနာဉာဏ်စဉ်ကျမ်းကြီးမှ ကောက်နုတ်ချက်။)

# ညောင်လွန့် ဆရာတော် ဘုရားကြီး၏ ပရိနိဗ္ဗုတပုဂ္ဂိုလ် အဆုံးအဖြတ်

ညောင်လွန့်ဆရာတော်ဘုရားကြီး ရေးသားစီရင်တော်မူသော နိဗ္ဗာနတ္ထပကာသနီ၊ နိဗ္ဗာနတ္ထဝိစာရဏာ၊ နိဗ္ဗာနတ္ထဝိသဇ္ဇနာ-ကျမ်းဂန်တို့ကို ကိုးကား၍ ပင်စင်အငြိမ်းစား အရေးပိုင် ဦးကျော်ဒွန်း ရေးသားစီရင်အပ်သော နိဗ္ဗာနတ္ထဝိဘာဝနီကျမ်း၊ စာမျက်နှာ နံပါတ်(၂၂၃) ၌ နိဗ္ဗာန်၌ ပရိနိဗ္ဗုတပုဂ္ဂိုလ် ရှိ၏ဟူ၍ မှားယွင်းစွာယူသော အယူကို သုတ်သင်ရာ သေနိယသုတ္တန်ဒေသနာတော်ကို ဖော်ပြထားသည်။

## သေနိယသုတ္တန်မြန်မာပြန်ချက်ကား

၁။ သေနိယ-ဤလောက၌ တစ်ယောက်သော ဆရာသည် မျက်မှောက်ဘဝ၌ မိမိကိုယ်ကို မှန်သောအားဖြင့် မြဲသောအားဖြင့် ပညတ်၏။ တမလွန်ဘဝ၌လည်း မိမိကိုယ်ကို မှန်သောအားဖြင့် မြဲသောအားဖြင့် ပညတ်၏။ ဤဆရာကို သဿတဒိဋ္ဌိအယူရှိသောသူဟူ၍ ဆိုအပ်၏။

၂။ သေနိယ-ဤလောက၌တစ်ယောက်သောဆရာသည် မျက်မှောက်ဘဝ၌သာလျှင် မိမိကိုယ်ကို မှန်သောအားဖြင့် မြဲသောအားဖြင့် ပညတ်၏။

တမလွန်ဘဝ၌ကား မိမိကိုယ်ကို မှန်သောအားဖြင့် မြဲသောအားဖြင့် မပညတ်။ ဤဆရာကို ဥစ္ဆေဒဒိဋ္ဌိအယူရှိသောသူဟူ၍ မှတ်အပ်၏။

၃။ သေနိယ.ဤလောက၌ တစ်ယောက်သော ဆရာသည် မျက်မှောက်ဘဝ၌လည်း မိမိကိုယ်ကို မှန်သောအားဖြင့် မြဲသောအားဖြင့် မပညတ်။ တမလွန်ဘဝ၌လည်း မိမိကိုယ်ကို မှန်သောအားဖြင့် မြဲသောအားဖြင့် မပညတ်။ ဤဆရာကိုကား သစ္စာလေးပါးကို မဖောက်မပြန် ကိုယ်တော်တိုင် သိတော်မူသော မြတ်စွာဘုရားဟူ၍ ဆိုအပ်၏။

ဤနည်းအတူ ပုဂ္ဂလပညတ်ပါဠိတော် တိကနိဒ္ဒေသ၌လည်း မြတ်စွာဘုရားကိုယ်တော်တိုင် ဟောကြားတော်မူခဲ့လေသည်။

ဤပါဠိတော်တို့အရ မြတ်စွာဘုရားသာသနာတော်၌ ဘုရား၊ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတို့သည် အသက်ရှင်၍ နေတော်မူကြစဉ် မျက်မှောက်ဘဝ၌လည်း မှန်သောအားဖြင့် မြဲသောအားဖြင့် ပုဂ္ဂိုလ်ရှိ၏ဟူ၍ ပုဂ္ဂိုလ်ကို ပညတ်တော်မမူ။ ထိုအသျှင်တို့ ပရိနိဗ္ဗာန်ပြုတော်မူကြပြီးနောက် တမလွန်၌လည်း မှန်သောအားဖြင့် မြဲသောအားဖြင့် ပရိနိဗ္ဗုတပုဂ္ဂိုလ် ရှိ၏ဟူ၍ ပုဂ္ဂိုလ်ကို ပညတ်တော်မမူ။

ယင်းသို့ဖြစ်၍ မျက်မှောက်တမလွန် နှစ်တန်သောကာလတို့၌ မှန်သောအားဖြင့် မြဲသောအားဖြင့် ပုဂ္ဂိုလ်မရှိကြောင်းထင်ရှားသည်။ နိဗ္ဗာန်၌ ပရိနိဗ္ဗာန်စံပုဂ္ဂိုလ်ရှိ၏ဟု ယူသောအယူမှာ မိစ္ဆာအယူဝါဒသာလျှင် ဖြစ်ချေသည်။ အရေးကြီးသောအချက်များဖြစ်၍ မြတ်စွာဘုရားကိုယ်တော်တိုင် ဟောတော်မူခဲ့သည့် ပါဠိတော်ကြီးကိုသာ ယုံကြည်ထိုက်သည်။

ကိလေသပရိနိဗ္ဗာန်၊ ခန္ဓပရိနိဗ္ဗာန်ဟုဆိုအပ်သော ပညတ်နိဗ္ဗာန် ၂-ပါးတွင် ခန္ဓပရိနိဗ္ဗာန်ပြုပြီးနောက်၌ အသင်္ခတဓာတ် မဟာနိဗ္ဗာန်ပရမတ်ကြီးကို ပြ၏။ သုတ်မဟာဝါ မဟာသတိပဋ္ဌာနသုတ်တွင် ကောယနောပုဒ်၌ ကေသဒ္ဓါ ဖြင့် ''နိဗ္ဗာန် အများမရှိ။ တစ်ပါးတည်းသာ ရှိ၏'' ဟူ၍ ပြ၏။ ၎င်းသုတ်အဖွင့် အဋ္ဌကထာ ဋီကာတို့ကို ကြည့်လေ။

# လယ်တီ ဆရာတော် ဘုရားကြီး၏ ပရိနိဗ္ဗုတပုဂ္ဂိုလ် အဆုံးအဖြတ်

ယခုအခါ မဉ္ဇိမပဏ္ဏာသပါဠိတော်မှာလာသော ဝစ္ဆသုတ်ကို ထုတ်ပြပေအံ့။ ရဟန္တာပုဂ္ဂိုလ်၏ စုတိကမ္မဇရုပ် ချုပ်ပြီးသည့်နောက် ဝစ္ဆပရိဗိုဇ်က မြတ်စွာဘုရားအား လျှောက်ထားသည်။ မြတ်စွာဘုရားက ဖြေကြားတော်မူသည်။

**မေးပုံဖြေပုံကား**

၁။ ရဟန္တာပုဂ္ဂိုလ်သည် စုတိကမ္မဇရုပ် ချုပ်ပြီးသည့်နောက် တစ်စုံတစ်ရာသို့ ကပ်ရောက်လေသလောဟု မေး၏။

တစ်စုံတစ်ရာသို့ ကပ်ရောက်လေသော အရေအတွက်သို့ မရောက်ဟု ဖြေတော်မူ၏။

၂။ တစ်စုံတစ်ရာသို့ မကပ်ရောက်လေသလောဟု မေး၏။

တစ်စုံတစ်ရာသို့ မကပ်ရောက်သော အရေအတွက်သို့ မရောက်ဟု ဖြေတော်မူ၏။

၃။ တစ်စုံတစ်ရာသို့ ကပ်ရောက်လေသည်လည်း ရှိ၏။ မကပ်ရောက်လေသည်လည်း ရှိ၏။ နှစ်ထွေလေလောဟု မေး၏။

တစ်စုံတစ်ရာသို့ ကပ်ရောက်လေသော အရေအတွက်သို့လည်း မရောက်။ တစ်စုံတစ်ရာသို့ မကပ်ရောက်လေသော အရေအတွက်သို့လည်း မရောက်ဟု ဖြေတော်မူ၏။

၄။ တစ်စုံတစ်ရာသို့ ကပ်ရောက်သည်လည်း မဟုတ်။ မကပ်ရောက်သည်လည်း မဟုတ်လောဟု မေး၏။

တစ်စုံတစ်ရာသို့ ကပ်ရောက်သည်လည်း မဟုတ်ဟူသော အရေအတွက်သို့လည်း မရောက်။ တစ်စုံတစ်ရာသို့ မကပ်ရောက်သည်လည်း မဟုတ် ဟူသော အရေအတွက်သို့လည်း မရောက်ဟု ဖြေတော်မူ၏။

ဝစ္ဆပရိဗိုဇ်သည် ဤအဖြေနှင့် မကျေနပ်၍ လျှောက်ထားပြန်ရာ ကောင်းစွာ ကျေနပ်စေခြင်းငှာ မီးပုံကြီးဥပမာဖြင့် ဝစ္ဆပရိဗိုဇ်ကို မေးတော်မူပြန်၏။

ဝစ္ဆ · သင်၏ရှေ့၌ ကြီးစွာသော မီးပုံကြီးသည် ရှိလေရာ၏။ သင်သည် ငါ၏ ရှေ့မှာ ကြီးစွာသော မီးပုံကြီး မီးတောက်ကြီး ရှိချေသည်ဟု သိမည်လော ဟု မေး၏။ သိပါလိမ့်မည်ဟု ဖြေလေ၏။

ထိုမီးပုံကြီး မီးတောက်ကြီးသည် မီးစာကုန်သဖြင့် သင်၏ ရှေ့မှာပင် သေငြိမ်းကွယ်ပျောက်သွားလေရာ၏။ သင်သည် "ငါ၏ရှေ့မှာပင် မီးပုံကြီး မီးတောက်ကြီး သေငြိမ်းကွယ်ပျောက်သွားလေပြီ"ဟု သိမည်လောဟု မေး၏။ သိပါလိမ့်မည်ဟု ဖြေလေ၏။

ထိုအခါ သေငြိမ်းပြီးသော ထိုမီးသည် အဘယ်အရပ်သို့ ကပ်ရောက်လေသနည်းဟု မေးခဲ့သော် အဘယ်သို့ ဖြေမည်နည်းဟု မေး၏။ အဘယ်အရပ်သို့ ကပ်ရောက်လေတော့သည် မဟုတ်။ မီးစာသစ်လည်းမလောင်း၊ မီးစာဟောင်းလည်း ကုန်သဖြင့် ထိုနေရာတွင် ချုပ်ခြင်းသို့ ရောက်သည်ဟု ဖြေပါမည်ဟု လျှောက်လေ၏။

# အခန်း - ၄

## ပစ္စုပ္ပန်ခရိုင်
## သံဃသမဂ္ဂသာသနာပြုအဖွဲ့ကြီး၏
# ကျမ်းဂန်အကိုးအကားများကို
# ညွှန်ပြခြင်း

# ဦးကြင်ရွှေ၏ အဝမ္မဝါဒ ၅ - ချက်ကို ညွှန်ပြခြင်း

(၁) "စူဠသောတာပန် ဖြစ်ခါမျှပုဂ္ဂိုလ်သည် ဘယ်တော့မှ အပါယ် မလားတော့ဘဲ ဂတိသေချာမြဲကြောင်း" ဟူသော အယူဝါဒသည် ဗုဒ္ဓဝါဒနှင့် ဆန့်ကျင်၏။ ဓမ္မဝါဒနှင့် ဆန့်ကျင်၏။ သံဃဝါဒနှင့် ဆန့်ကျင်၏။ ဆန့်ကျင်ပုံကို သိလိုလျှင် ဖော်ပြပါ ပါဠိတော် အဋ္ဌကထာ ဋီကာတို့ဖြင့် နှိုင်းချိန် ၍ သုံးသပ်ကြည့်ရလိမ့်မည်။

၁။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊

(လ္လမိနာ ပန ဉာဏေန (ပ) စူဠသောတာပန္နော နာမ ဟောတိ။)

၂။ ဝိသုဒ္ဓိမဟာဋီကာ၊

(အပရိပုဟီနကာဠ်ါဝိတရဏာဝိသုဒ္ဓိကော (ပ) နိယတဂတိကောတိ။)

၃။ သမ္မောဟဝိနောဒနီအဋ္ဌကထာ၊

(သော လ္လာဒံ နာမရူပံ (ပ) နိယတဂတိကော။)

၄။ မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ၊ ယဋီကာရသုတ်အဖွင့်။

(အလဏ္ဍ ခေါ အာနန္ဒ (ပ) ဇောတိပါလောပိ တထေဝ အကာသိ။)

၅။ ဗုဒ္ဓဝံသအဋ္ဌကထာ၊ သုမေဓပတ္ထနာဝဏ္ဏနာ။
(နိဗ္ဗာနန္တိ တဿ တိဝိဓဿ (ပ) သတိပဋ္ဌာနမယံ မဟာပထဝိံ မာပေသိ။)

၆။ သစ္စဝိဘင်းပါဠိတော်။ (ခန္ဓာငါးပါးလုံး ဒုက္ခသစ္စာမဟုတ်။)
(တတ္ထ ကတမံ ဒုက္ခံ (ပ) သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ။)
(ဒုက္ခသစ္စံ ဌပေတွာ (ပ) အပ္ပမာဏာရမ္မဏာ။)

၇။ သမ္မောဟဝိနောဒနီအဋ္ဌကထာ။
(အထဿ ဇဝံ စတ္တာရိ (ပ) ယာဝ အရဟတ္တာ။ နိဂမနံ။)

(၂) **“နိဗ္ဗာန်၌ ရုပ်ထူးနာမ်ထူးဖြစ်၍ တည်နေကြောင်း”** ဟူသော အယူဝါဒသည် ဗုဒ္ဓဝါဒနှင့် ဆန့်ကျင်၏။ ဓမ္မဝါဒနှင့် ဆန့်ကျင်၏။ သံဃဝါဒနှင့် ဆန့်ကျင်၏။ ဆန့်ကျင်ပုံကို သိလိုလျှင် ဖော်ပြပါ ပါဠိတော် အဋ္ဌကထာ ဋီကာတို့ဖြင့် နှိုင်းချိန်၍ သုံးသပ်ကြည့်ရလိမ့်မည်။

၁။ သီလက္ခန်ပါဠိတော်၊ ကေဝဋ္ဋသုတ်။
(ဝေဋ္ဌ ခေါ ဧသော (ပ) ဧတ္ထေတံ ဥပရုဇ္ဈတီတိ။)

၂။ သီလက္ခန်အဋ္ဌကထာ၊ ကေဝဋ္ဋသုတ်။
(နဂါဓတီတိ (ပ) အနုပ္ပာဒဝသေန ဥပရုဇ္ဈတီတိ။)

၃။ အနုဋီကာ။
(နိဗ္ဗာနံ သုခုမရူပဂတိယန္တိ ဝိညာယတိ။)

၄။ ဥဒါန်းပါဠိတော်၊ ပါဋလိဂါမဝဂ်၊ တဒါယတနသုတ်။
(အတ္ထိဘိက္ခဝေ တဒါယတနံ (ပ) ဧသေဝန္တော ဒုက္ခဿ။)

၅။ သဂါထာဝဂ္ဂသံယုတ်၊ သတ္တိဝဂ်။
(ယတ္ထ အာပေါစ (ပ) အသေသံ ဥပရုဇ္ဈတိ။)

၆။ ဣတိဝုတ်ပါဠိတော်၊ နိဗ္ဗာနဓာတုသုတ်။
(ဒွေမေဘိက္ခဝေ (ပ) သဗ္ဗသော။)

၇။ ဣတိဝုတ်အဋ္ဌကထာ၊ နိဗ္ဗာနဓာတုသုတ်။
(ဒိဋ္ဌဓမ္မိကာတိ (ပ) ဝတ္တမာနာ။)

၈။ အဘိဓမ္မတ္ထသင်္ဂဟအဋ္ဌကထာ။
(နိဗ္ဗာနံ ပန (ပ) ကာရဏာပရိယာယေန။)
၉။ ဋီကာကျော်။
(သန္တိကာတဗ္ဗန္တိ (ပ) အနုမာနသိဒ္ဓတ္တံ။)
၁၀။ ဥဒါန်းပါဠိတော်။
(အတ္ထိ ဘိက္ခဝေ (ပ) ပညာယတီတိ။)
၁၁။ မဟာဝဂ္ဂသံယုတ်ပါဠိတော်
(ယော ဘိက္ခဝေ ဒုက္ခံ (ပ) ပဿတိ။)

(၃) "အသင်္ခတဓာတ်နိဗ္ဗာန်တရားမြတ်သည် အတ္တမြစ်နေကြောင်း" ဟူသော အယူဝါဒသည် ဗုဒ္ဓဝါဒနှင့် ဆန့်ကျင်၏။ ဓမ္မဝါဒနှင့် ဆန့်ကျင်၏။ သံဃဝါဒနှင့် ဆန့်ကျင်၏။ ဆန့်ကျင်ပုံကို သိလိုလျှင် ဖော်ပြပါ ပါဠိတော် အဋ္ဌကထာ ဋီကာတို့ဖြင့် နှိုင်းချိန်၍ သုံးသပ်ကြည့်ရလိမ့်မည်။

၁။ ပရိဝါပါဠိတော်။
(အနိစ္စာ သဗ္ဗေ (ပ) နိစ္ဆယာ။)
၂။ ဝိမတိဝိနောဒနီဋီကာ။
(ပါဠိယံ (ပ) အသင်္ခတာဝေါတိ။)
၃။ ပဋိသမ္ဘိဒါမဂ်ပါဠိတော်။
(သဗ္ဗေ ဓမ္မာ အနတ္တာတိ (ပ) သုတမယေ ဉာဏံ။)
၄။ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ။
(သဗ္ဗေ ဓမ္မာတိ (ပ) ကတ္တာ ဝုတ္တာ။)
၅။ ခန္ဓဝဂ္ဂသံယုတ်အဋ္ဌကထာ။
(သဗ္ဗေ ဓမ္မာ အနတ္တာတိ (ပ) အနတ္တာ။)
၆။ အင်္ဂုတ္တရပါဠိတော်။
(အဋ္ဌာနမေတံ (ပ) ဌာနမေတံ ဝိဇ္ဇတိ။)
၇။ ဉာဏဝိဘင်းပါဠိတော်။
(အဋ္ဌာနမေတံ (ပ) ဌာနမေတံ ဝိဇ္ဇတိ။)

၈။ အင်္ဂုတ္တရဋ္ဌကထာ။
(ဒိဋ္ဌေဝ နိဗ္ဗာနသ (ပ) ဝုတ္တံ။)

(၄) "အရူပဘုံ၌ နိရောဓသမာပတ် ဝင်စားနိုင်ကြောင်း" ဟူသော အယူဝါဒသည် ဗုဒ္ဓဝါဒနှင့် ဆန့်ကျင်၏။ ဓမ္မဝါဒနှင့် ဆန့်ကျင်၏။ သံဃဝါဒနှင့် ဆန့်ကျင်၏။ ဆန့်ကျင်ပုံကို သိလိုလျှင် ဖော်ပြပါ ပါဠိတော် အဋ္ဌကထာ ဋီကာတို့ဖြင့် နှိုင်းချိန်၍ သုံးသပ်ကြည့်ရလိမ့်မည်။

၁။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။
(ကတ္ထ သမာပဇ္ဇန္တီတိ (ပ) နသက္ကာ တတ္ထ သမာပဇ္ဇိတုံ။)

၂။ ဝိသုဒ္ဓိမဟာဋီကာ၊
(ယဒိ ဟိ အာရုပ္ပေ (ပ) ပရိနိဗ္ဗုတသဒိသော။)

၃။ မဏိသာရမဉ္ဇူသာဋီကာ။
(အရူပဘဝင္ဂာ (ပ) ကာမရူပဘဝင္ဂာနန္တိ။)

၄။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ ပညာဘာဝနာနိသံသနိဒ္ဒေသ။
(အင်္ဂဝေကလ္လတော (ပ) သမာပဇ္ဇနံ။)

(၅) "နိဗ္ဗာန်၌ ဘုံ ပရိနိဗ္ဗုတပုဂ္ဂိုလ် ထင်ရှားတည်ရှိနေကြောင်း" ဟူသော အယူဝါဒသည် ဗုဒ္ဓဝါဒနှင့် ဆန့်ကျင်၏။ ဓမ္မဝါဒနှင့် ဆန့်ကျင်၏။ သံဃဝါဒနှင့် ဆန့်ကျင်၏။ ဆန့်ကျင်ပုံကို သိလိုလျှင် ဖော်ပြပါ ပါဠိတော် အဋ္ဌကထာ ဋီကာတို့ဖြင့် နှိုင်းချိန်၍ သုံးသပ်ကြည့်ရလိမ့်မည်။

၁။ မိလိန္ဒပဉှာပါဠိတော်။
(အပ္ပဋိဘာဂံ မဟာရာဇ (ပ) ဥပဒဿယိတုံ။)

၂။ ကထာဝတ္ထု ပါဠိတော်။
(နိဗ္ဗာနံ ဥပလဗ္ဘတီတိ (ပ) နဟေဝံ ဝတ္တဗ္ဗေ။)

၃။ သဠာယတနသံယုတ်ပါဠိတော်။
(သော ဝေဒနာ ပရိညာယ (ပ) နောပေတိ ဝေဒဂူ။)

၄။ သဠာယတနသံယုတ် အဋ္ဌကထာ။
(ဓမ္မဋ္ဌောတိ (ပ) ဌိတော။)

၅။ ကထာဝတ္ထုပါဠိတော်။
(၁၄၀။ ကလျာဏပါပကာနံ (ပ) နဟောခံ ဝတ္တဗ္ဗေ။ (ပ)။
၁၆၁။ အပါယိကာ (ပ) (ပ) နဟောခံ ဝတ္တဗ္ဗေ။ (ပ)။
၁၉၀။ ဝိပါကော အတ္တိတိ (ပ) (ပ) နဟောခံ ဝတ္တဗ္ဗေ။ (ပ)။
၂၁၆။ ပရိနိဗ္ဗုတော ပုဂ္ဂလော (ပ) (ပ) နဟောခံ ဝတ္တဗ္ဗေ။ (ပ)။
၆။ မဇ္ဈိမပဏ္ဏာသပါဠိတော်၊ ပရိဗ္ဗာဇကဝဂ်၊ အဂ္ဂိဝစ္ဆသုတ်။
(ဇဝံ ဝိမုတ္တစိတ္တော (ပ) နဥပေတိ။)
၇။ မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ၊ ပရိဗ္ဗာဇကဝဂ်၊ အဂ္ဂိဝစ္ဆသုတ်။
(နဥပေတီတိ နယုဇ္ဇတိ (ပ) ပဋိက္ခိပိ။)
၈။ သုတ္တနိပါတ် ပါဠိတော်၊ ပါရာယနဝဂ်၊ ဥပသီဝ မာဏဝပုစ္ဆာ။
(၁၀၇၉။ တိဋ္ဌေစ (ပ) တထာဝိဓဿ။
၁၀၈၀။ အစ္စီ ယထာ (ပ) နဥပေတိ သင်္ခံ။
၁၀၈၁။ အတ္ထင်္ဂတော (ပ) သဿတိယာ။
၁၀၈၂။ အတ္ထင်္ဂတဿ (ပ) သဗ္ဗေ တိ။)
၉။ သုတ္တနိပါတ် အဋ္ဌကထာ၊ ပါရာယနဝဂ်၊ ဥပသီဝ မာဏဝပုစ္ဆာ။
(ဇဝံ တဿ (ပ) ဧဝမာဒိကံ။)
၁၀။ အပါဒါနပါဠိတော်။
(အတီတေ သဗ္ဗဗုဒ္ဓေစ (ပ) အရိယမဂ္ဂလာ။)
၁၁။ ဗုဒ္ဓဝင်ပါဠိတော်။
(မာပေသိ နဂရံ (ပ)
၁၂။ ဗုဒ္ဓဝင်အဋ္ဌကထာ။
(ပဋိဝိဒ္ဓမဓူသဘာဝါနံ (ပ) နိဗ္ဗာနံ နဂရန္တိ ဝုစ္စတိ။)

# အထူးမှာထားချက်

မှတ်စုစာအုပ် အမှတ် (၃) တွင် "နိဗ္ဗာန်အကြောင်း" အကျယ်ရေးသားချက်များ ပါရှိ၏။ ကောင်းသော်လည်း ဖော်ပြခြင်းမပြုတော့ဘဲ ချန်ထားလိုက်သည်။ "နိဗ္ဗာန်၏ ဗဟိဒ္ဓတရားဖြစ်ပုံ"များ ပါရှိသည်။ သစ္စဝိဘင်း၊ ပဋ္ဌာန်း ပါဠိတော် အဋ္ဌကထာ ဋီကာ အာရမ္မဏာဓိပတိ ဝိဓိအနုဝါဒ အရကောက် ရှင်းလင်းချက်များဖြင့် ရှင်းလင်းထားသည်။ ကောင်းသော်လည်း ဖော်ပြခြင်းမပြုတော့ဘဲ ချန်ထားလိုက်သည်။

မြင်းခြံမြို့ သုဓမ္မာကျောင်းတိုက် သံဃသမဂ္ဂ၏ အချက်ကြီး ၅-ချက် ရှင်းလင်းချက် (၂) ခုကိုလည်း ချန်ထားလိုက်သည်။ ၄င်းစာတမ်းကြီးများမှာ အလွန် ရှည်လျားသည်။ သီးသန့်ပုံနှိပ်နိုင်လျှင် အဆင်ပြေနိုင်မည်။

၁၃၇၃-ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်နေ့မှ စ၍ မူလမှတ်တမ်းဖိုင်ကြီးအတွင်းရှိ စာရွက်စာတမ်းများကို ဖတ်ရှုသုံးသပ်ပြီး စာစုခွဲမှု၊ ကွန်ပျူတာစာစီမှု၊ မာတိကာစဉ်မှု၊ အမှာစာရေးမှု-စသည်တို့ကို ဆောင်ရွက်ရာ တပို့တွဲလဆန်း ၁၀ ရက်နေ့တွင် ဤစာမူအချော "လမ်းများမှသည် လမ်းမှန်ဆီသို့" ကို ရရှိပါသတည်း။

၂၈၂၁၃

သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေး

# သာရတ္ထိယဩဝါဒကထာများနှင့် လျှောက်ထားလွှာများ

မှတ်တမ်းပြုတင်ပြသူ

အစမ္မဝါဒ ဖော်ထုတ် တားဆီး ဖယ်ရှားရေး အကျိုးဆောင်များ

ခွင့်ပြုချက်-၁၁၉/၀၁(ပုံနှိပ်)သသန-၁၀

---

ပစ္စုပ္ပန်ကမ္မဝါဒ ဗုဒ္ဓဘာသာအမည်ခံ ဓမ္မဝိဟာရီ မိုးပြာဂိုဏ်းက ထေရဝါဒ ဗုဒ္ဓဘာသာအပေါ် ထင်မြင်ပြောကြား ရေးသားထားသည်တို့ကိုပြန်လည်၍ ရှင်းလင်းတင်ပြထားသည့်

# ပစ္စုပ္ပန်ကမ္မဝါဒ ဘာလဲ ဘယ်လဲ (အတွဲ-၁+၂)

သဂြိဟာက(တောင်သာ)

ခွင့်ပြုချက်-၁၁၉/၀၁(ပုံနှိပ်)သသန-၁၀

---

# ပထမနိဗ္ဗာန်နှင့် ဝိပဿနာတစ္ဆေ

ဘိက္ခုဓမ္မပိယ၊ နန်းဦး(တမ္ပဝတီ)

---

# ပထမနိဗ္ဗာန်တရား အမှားနှင့်အမှန်

ဘိက္ခုဓမ္မပိယ

---

# စိတ်ထားဖြူစင် ပါရမီရှင်

အရှင်ဣန္ဒာစရိယာဘိဝံသ

ကောင်းထွန်းတာပေ = ဖုန်း ၀၉ ၇၃၀ ၂၀၇၁၇ သို့ ဆက်သွယ်မှာယူနိုင်ပါသည်၊

# ပခုက္ကူပိပဿနာ သင်တန်းဆရာကြီး ဦးကြင်ရွှေ၏ အမှားတော်ပုံ (၅) ချက်

(၁) "စုဋ္ဌသောတာပန် ဖြစ်ခဲ့မှု ပုဂ္ဂိုလ်သည် ဘယ်တော့မှ အပါယ်မလားတော့ဘဲ ဂတိသေချာမြဲကြောင်း" ဟူသော အယူဝါဒသည် ဗုဒ္ဓဝါဒနှင့် ဆန့်ကျင်၏၊ ဓမ္မဝါဒနှင့် ဆန့်ကျင်၏၊ သံဃဝါဒနှင့် ဆန့်ကျင်၏။

(၂) "နိဗ္ဗာန်၌ ရုပ်ထူးနာမ်ထူးဖြစ်၍ တည်နေကြောင်း" ဟူသော အယူဝါဒသည် ဗုဒ္ဓဝါဒနှင့် ဆန့်ကျင်၏၊ ဓမ္မဝါဒနှင့် ဆန့်ကျင်၏၊ သံဃဝါဒနှင့် ဆန့်ကျင်၏။

(၃) "အသင်္ခတဓါတ်နိဗ္ဗာန်တရားတော်မြတ်သည် အတ္တဖြစ်နေကြောင်း" ဟူသော အယူဝါဒသည် ဗုဒ္ဓဝါဒနှင့် ဆန့်ကျင်၏၊ ဓမ္မဝါဒနှင့် ဆန့်ကျင်၏၊ သံဃဝါဒနှင့် ဆန့်ကျင်၏။

(၄) "အရှုပဘုံ၌ နိရောဓသမာပတ် ဝင်စားကြောင်း" ဟူသော အယူဝါဒသည် ဗုဒ္ဓဝါဒနှင့် ဆန့်ကျင်၏၊ ဓမ္မဝါဒနှင့် ဆန့်ကျင်၏၊ သံဃဝါဒနှင့် ဆန့်ကျင်၏။

(၅) "နိဗ္ဗာန်၌ ဘုံပရိနိဗ္ဗူတပုဂ္ဂိုလ် ထင်ရှားတည်ရှိနေကြောင်း" ဟူသော အယူဝါဒသ[ည်] ဗုဒ္ဓဝါဒနှင့် ဆန့်ကျင်၏၊ ဓမ္မဝါဒနှင့် ဆန့်ကျင်၏၊ သံဃဝါဒနှင့် ဆန့်ကျင်၏။